၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၁၀)၊ အမှတ် (၆)

၂၀၂၀ခုနှစ်၊ မတ်လ (၂၅)ရက်

ရန်ကုန်–မန္တလေး မီးရထားလမ်းပို့ငး အဆင့်မြှင့်တင်ရေး စီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာ့မီးရထား



စာ - ၁၆ »



FLIGHT NO.	DEPARTURE	ARRIVAL	
UB 001	YANGON (07:30)	SINGAPORE (12:00)	TUE, THU & SAT
UB 002	SINGAPORE (13:15)	YANGON (14:45)	TUE, THU & SAT
UB 003	YANGON (16:15)	SINGAPORE (20:45)	SUN
UB 004	SINGAPORE (21:45)	YANGON (23:15)	SUN

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

အယ်ဒီတာ့ အာဘော်

ပြည်သူသာလျှင် အဓိက COVID-19 ကာကွယ်ကြ

ဆေးဘက်ဆိုင်ရာအဖွဲ့ပေါင်း (၄၉)ဖွဲ့မှ ဝန်ထမ်း (၃၇၈၇)ဦးတို့ ဌာနေသို့ပြန်ကြလေပြီဟူသည့် သတင်းတစ်ပုဒ်ကို မတ်လ ၁၉ ရက်၊ နေ့လည်ပိုင်းတွင်ဖတ်လိုက်ရသည်။ တရုတ်နိုင်ငံ ဟူပေးပြည်နယ်၊ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်စတင်ပျံ့နှံ့ချိန်၌ တစ်နိုင်ငံလုံးရှိ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဝန်ထမ်းများ လာရောက်ကူညီကုသပေးခဲ့ကြသည်။ ယခုအချိန်တွင် COVID – 19 ရောဂါကူးစက်မှုအသစ်မတွေ့ရှိခြင်း၊ ရောဂါကူးစက်ခံရသူများလည်း ပျောက်ကင်းသက်သာလာကြပြီဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကူညီပေးကြသည့် ဝန်ထမ်းအချို့မှလွဲ၍ ဆေးဘက်ဆိုင်ရာအဖွဲ့ပေါင်း (၄၉)ဖွဲ့မှ ဝန်ထမ်း (၃၇၈၇)ဦးတို့သည် မိမိတို့၏ သက်ဆိုင်ရာဌာနေသို့ ပြန်ခိုင်ခဲ့ကြပြီဖြစ်ကြောင်း Xinhua သတင်းဌာနကနေဖော်ပြထားသည်။

COVID-19 ရောဂါ ကူးစက်မှုကပ်ရောဂါ ထိန်းသိမ်းနိုင်ရေးအတွက် ကမ္ဘာ့၏ကျန်ဒေသများ အပူတပြင်းကြိုးစားနေချိန်တွင် COVID-19 ကူးစက်မှုကင်းစင်ရာဒေသနှင့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။ ယနေ့အချိန်အခါသည် တရုတ်နိုင်ငံပြင်ပတွင် COVID-19 ကူးစက်မှုနှင့် သေဆုံးမှုမှာ မူလကူးစက်ပျံ့နှံ့မှုဗဟိုချက်ထက် ပိုမိုများပြားနေသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆောင်ရွက်ချက်များ ထုတ်ပြန်လျှက်ရှိရာ မတ်လ ၂၀ရက်၊ ည (၀၉:၃၀) နာရီ အချိန်ထုတ်ပြန်ချက်အရ စတင်ဖြစ်ပွားချိန်မှ ယခုအချိန် အထိတရုတ်တွင် ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ (၈၁၁၇၄)ဦး၊ သေဆုံးသူ (၃၂၄၂)ဦးရှိပြီး ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ (၂၀၉၈၃၉)ဦး၊ သေဆုံးသူ (၈၇၇၈)ဦးနှင့် ကမ္ဘာပေါ်တွင်သေဆုံးမှုရာခိုင်နှုန်း (၄ ဒသမ ၂ ရာခိုင်နှုန်း) ရှိနေသည်။

အထက်ပါဇယားကို ကြည့်ပါကမူလကူးစက်ပျံ့နှံ့မှုဗဟိုချက်ဖြစ်သည့် တရုတ်ထက် ကူးစက်မှုနှင့်သေဆုံးမှုနှုန်းပိုမိုများပြားနေသည်ကိုတွေ့ရပေမည်။ တရုတ်ကျန်းမာရေးအာဏာပိုင်များက တရုတ်အလယ်ပိုင်း၊ ဟူပေးပြည်နယ်၏မြို့တော်ဝူဟန်တွင် ကူးစက်မှုသစ်လုံးဝမရှိခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဟူပေးပြည်နယ်၏ကျန်ဒေသများရှိ လူဦးရေ သန်း ၄၀ ကျော်ကိုမူ ကန့်သတ်ထိမ်းချုပ်ခံနေရသည်။

တရုတ်နိုင်ငံ၏ကျန်ဒေသများတွင် လူထုစုဝေးမှုများအား ကန့်သတ်သည့် တင်းကျပ်သည့် အစီအမံချမှတ်ထားဆဲဖြစ်သည်။ ကူးစက်မှုသစ်မရှိတော့သော်လည်း မတ်လ ၁၉ ရက်၌ သေဆုံးသူရှစ်ဦးရှိခဲ့ပြီး အားလုံးသည်ဟူပေးပြည်နယ်မှဖြစ်ကာ နိုင်ငံအဝှမ်းသေဆုံးသူစုစုပေါင်း (၃၂၄၂)ဦးအထိ မြင့်တက်လျှက်ရှိသည်။ တရုတ်သို့ပျံမြှုပ်ဦးရေ (၂၀၀၀၀)ခန့်ဝင်ရောက်နေချိန်တွင် ပြည်ပမှဝင်ရောက်လာသူများ၏ ကူးစက်မှုအရေအတွက် မြင့်တက်လာခြင်းကြောင့် မြို့တော်ပေကျင်းနှင့်အခြားဒေသများတွင် ပြည်ပမှဆိုက်ရောက်လာသူများအား သတ်မှတ်ထားသောဟိုတယ်များတွင် ၁၄ ရက်ကြာ နေထိုင်ကြရမည်ဖြစ်သည်။

COVID – 19 ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်၊ မြန်မာစံတော်ချိန်ည ၁၁ နာရီ ၁၃ မိနစ်တွင် သတ်မှတ်ကြောညာခဲ့သည်။

ယခုအချိန်တွင် နိုင်ငံပေါင်းနှင့် နယ်မြေဒေသစုစုပေါင်း (၁၆၈)နိုင်ငံကျော်တွင် ဓာတ်ခွဲခန်းအတည်ပြုဖြစ်ပွားသူလူနာစုစုပေါင်း (၂၀၉၈၃၉)ဦးရှိနေပြီဖြစ်သည်။ မတ်လ ၁၉ ရက်တွင် WHO ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အကြီးအကဲ Tedros Adhanom Ghebre က မိမိတို့အသိုင်းအဝိုင်းထဲကို ဒီရောဂါပိုး ရောက်မလာဘူးလို့ မယူဆပါနဲ့ ရောက်လာတော့မယ်ဆိုတဲ့အတွေးနဲ့ ကြိုတင်ပြင်ဆင်ထားကြပါဟု အဆိုပါ ရောဂါမတွေ့ရှိသေးသည့်နိုင်ငံများသို့ အသိပေးနှိုးဆော်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဧန်နဝါရီလ ၃၀ ရက်ကဖွဲ့စည်းခဲ့သည့် COVID – 19 ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးဗဟိုကော်မတီကို အမျိုးအဆင့်ကော်မတီအဖြစ် မတ်လ ၁၃ ရက်တွင်တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ လူစုလူဝေးများပြားရာနေရာများတွင် လျှင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပသောအခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန်ဖြစ်ပါသည်။ အခမ်းအနား ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်အထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကိုလည်း သက်ဆိုင်ရာဌာနများသို့လည်း အကြောင်းကြားထားပြီး လိုအပ်ပါက ရပ်ဆိုင်းကာလကိုထပ်မံတိုးမြှင့်သတ်မှတ်သွားမည်ပါကြောင်းနှင့် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တပြေးညီထုတ်ပြန်သည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် မိမိတို့ပတ်ဝန်းကျင်တွင် သံသယလူနာတွေ့ရှိပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတဆင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ကြရန် ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်အောင် မမှန်သတင်းဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန် နိုင်ငံတော်သမ္မတရုံးမှ ပြည်သူသို့ပန်ကြားချက် ထုတ်ပြန်ခဲ့သည်။

၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြချက် မိန့်ခွန်းကို ရုပ်သံနှင့်အွန်လိုင်းများတဆင့် အသိပေးပြောကြားခဲ့သည်။

COVID – 19 စတင်ဖြစ်ပွားစကာလအဦးပိုင်းတွင် သံသယလူနာနှင့်ပတ်သက်သည့် စစ်ဆေးချက် အတည်ပြုချက်ရယူရာတွင် ထိုင်းနိုင်ငံသို့ပေးပို့ဆောင်ရွက်ရသည်။ အကယ်၍ အတည်ပြုလူနာရှိလာခဲ့ပါက ထိုင်းနိုင်ငံသို့ပို့ဆောင်ကုသရန်နှင့် အဆိုပါကုန်ကျမှုများအား WHO မှ တာဝန်ယူဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အချိန်နှင့် အကွာအဝေးကြောင့် သံသယလူနာနှင့်ပတ်သက်သည့် ကောလာဟလများက ပြည်သူလူထုကိုအသိတရား ဝေဝါးစေနိုင်သည်။

ထို့ကြောင့် ထိုင်းနိုင်ငံသို့ပေးပို့စစ်ဆေးခြင်းမှ မိမိနိုင်ငံတွင် ဓာတ်ခွဲစစ်ဆေးဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်မှစတင်ကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် စစ်ဆေးနိုင်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လိုအပ်သည်များပံ့ပိုးကူညီခဲ့သည်။ မြန်မာနိုင်ငံ၏ စစ်ဆေးချက်သည် ရာခိုင်နှုန်းပြည့်မှန်ကန်မှုရှိသည့်အတွက် WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုဆောင်ရွက်ခွင့်ပေးခဲ့သည်။ ဂျပန်နိုင်ငံ၏ ပံ့ပိုးကူညီမှုလည်းရရှိခဲ့သည်။

COVID – 19 ရောဂါ စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ ဓာတ်ခွဲနမူနာများကို Polymerase Chan Reaction (PCR) နည်းပညာဖြင့် ဓာတ်ခွဲစစ်သပ်ရာတွင် အဆင့် (၇)ဆင့် ထားရှိဆောင်ရွက်ကြရသည်။ ၎င်းတို့မှာ –

(၁) ဓာတ်ခွဲနမူနာရယူခြင်း
(၂) ဓာတ်ခွဲနမူနာများကိုလက်ခံခြင်းနှင့် စာရင်းသွင်းခြင်း
(၃) ဓာတ်ခွဲနမူနာများကို ထုတ်ယူခြင်း/ ပြင်ဆင်ခြင်း
(၄) ဓာတ်ခွဲနမူနာမှ Rebonucleic Acid (RNA) ထုတ်ယူခြင်း
(၅) Mastermix preparation
(၆) COVID – 19 ဗိုင်းရပ်ပိုး ရှိ/ မရှိ Polymerase Chan Reaction (PCR)နည်းပညာဖြင့်စစ်ဆေးခြင်း
(၇) ဓာတ်ခွဲအဖြေထုတ်ပေးခြင်းတို့ဖြစ်သည်။

PCR နည်းပညာသည် COVID-19 ရောဂါပိုး ရှိ/ မရှိ စမ်းသပ်စစ်ဆေးရာတွင် လက်ရှိကမ္ဘာတစ်ဝှမ်း အသုံးပြုလျှက်ရှိသော နည်းပညာဖြစ်ပါသည်။ PCR နည်းပညာဖြင့် COVID-19 ဗိုင်းရပ်စ်ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးမှုအဆင့်ဆင့်၏ စုစုပေါင်းကြာမြင့်ချိန်သည် (၅) နာရီမှ (၈) နာရီခန့်အထိဖြစ်ပါသည်။ (တိုင်းဒေသကြီး/ ပြည်နယ်များမှပေးပို့သော ခရီးကြာချိန်မပါဝင်ဘဲ ဓာတ်ခွဲစစ်ဆေးမှုကြာချိန်ဖြစ်ပါသည်။)

ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအဆင့်တိုင်းတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသော ဓာတ်ခွဲဝန်ထမ်းများအနေဖြင့် ရောဂါပိုးကူးစက်ခံရမှုမရှိစေရန်အတွက် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံ (Personal Protective Equipment – PPE) အပြည့်အစုံကို ဝတ်ဆင်၍ ဓာတ်ခွဲခန်းလုံခြုံရေးအဆင့်အရ သတ်မှတ်ထားသော Enhanced BSL-2 Laboratory ထဲတွင် ကောင်းမွန်သော ဓာတ်ခွဲခန်းကျင့်စဉ် (Good Laboratory Practice) ဖြင့် ဆောင်ရွက်ရပါသည်။

အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံတွင် COVID-19 ရောဂါ အတည်ပြုလူနာမရှိသေးကြောင်း သက်ဆိုင်ရာမှထုတ်ပြန်ထားသည်။ သို့သော်လည်း နိုင်ငံတော်၏ဦးဆောင်မှုဖြင့် အမျိုးသားအဆင့်လုပ်ငန်းစဉ်များ ဖွဲ့စည်းချမှတ်၍ ကာကွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျှက်ရှိသည်။ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဆောင်ရွက်ချက်ဖြစ်သည်။

တစ်ဦးချင်းမှ မိသားစု၊ ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်း/ ပြည်နယ်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးအသွင် ပြည်သူသာလျှင် အဓိကပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

၂၀၂၀ ပြည့်နှစ်၊ မတ်လ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျှော့နည်းနိုင်ကာ စစ်ကိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်


နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (၁)ရက်မှ (၃)ရက်ခန့်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၆)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ (၁)ပေခန့်၊ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ပေဝက်ခန့်၊ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ကာ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဧရွန်မြို့တို့တွင် ပေဝက်ခန့်၊ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။



MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

နေ့ရက်တိုင်းမှာ နိုပြေမှာ

MPT Club ရဲ့ အဆောင်မှာ







MPT Club အဖွဲ့ဝင်ပြီး အထူးအခွင့်အရေးများကို အခုပဲ ရယူလိုက်တော့နော် !

***345#**

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

Incident Handling & CSIRT Management Course
သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန (NCSC) တို့ပူးပေါင်း၍ ဆိုက်ဘာတိုက်ခိုက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ဝန်ကြီးဌာနများနှင့်ဘဏ်များတွင် Computer Security Incident Response Team (CSIRT) တည်ထောင်၍ ဆိုက်ဘာတိုက်ခိုက်မှုများအား ဖြေရှင်းနိုင်ရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် Incident Handling & CSIRT Management Course အမှတ်စဉ် (၀၁၂၄/ ၀၁/ ၁၉-၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ (၁၆) ရက်က နေပြည်တော်၊ ရုံးအမှတ် (၂) သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Incident Handling & CSIRT Management Course အမှတ်စဉ် (၀၁၂၄/ ၀၂/ ၁၉-၂၀) သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၁၆) ခုမှ သင်တန်းသား (၃၆) ဦး တက်ရောက်ကြောင်း သိရသည်။

သင်တန်းကာလမှာ (၁၆-၃-၂၀၂၀) ရက်မှ (၂၄-၃-၂၀၂၀) ရက်ထိ (၇) ရက်ဖြစ်ပြီး သင်တန်းဆင်းပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်ဆွေဌေးနှင့် ဌာနအကြီးအကဲများ၊ ဆရာ/ ဆရာမများ တက်ရောက်ခဲ့ပြီး အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ(ITCS)

တွဲစစ် (ဉာဏ်သစ်လောင်း) သင်တန်းဆင်းပွဲကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း သင်တန်းခန်းမတွင် မတ်လ (၂၀) ရက်က ရထားသင်တန်းဌာနခွဲက ဖွင့်လှစ်သည့် တွဲစစ် (ဉာဏ်သစ်လောင်း) သင်တန်းအမှတ်စဉ် (၁၅/ ၂၀၂၀) သင်တန်းဆင်းပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်မှ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ထို့နောက်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ကျောင်းအုပ်ကြီးက ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးသည် သင်တန်းဆင်းသင်တန်းသားများအား လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး(ဆ.သ.ရ)

“ဖွင့်လှစ်ဆဲ သင်တန်းများ COVID-19 ဖြစ်စဉ်ကြောင့် ခေတ္တရပ်နား”

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ ဖွင့်လှစ်ဆဲဖြစ်သည့် ဒုရုံပိုင် (အလုပ်သင်) သင်တန်း၊ အမှတ်စဉ် (၃၇/၂၀၂၀) နှင့်အငယ်တန်း အင်ဂျင်နီယာ (၃) သံလမ်း (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၀) သင်တန်းများကို မတ်လ ၁၇ ရက်မှစ၍ ခေတ္တရပ်နားလိုက်ပြီး၊ သင်တန်းသားများ ကို ကျောင်းအုပ်ကြီးမှ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို နှုတ်ခွန်းဆက်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက်ကျောင်းအုပ်ကြီးက ယခုကဲ့သို့ ကျောင်းရှိသင်တန်းများ ခေတ္တခဏရပ်နားရခြင်းသည် ကမ္ဘာတွင်ဖြစ်ပွားလျက်ရှိသော COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်စဉ်အား ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ပိတ်ရက်များ အစားထိုးဖွင့်လှစ်ပို့ချ ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး (ဆ.သ.ရ)

COVID – 19 ကြောင့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပထမနှစ်ဝက် စာမေးပွဲ ရက်ရွှေ့

COVID-19 သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း (၁၁-၃-၂၀၂၀)တွင် WHO က သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။ COVID-19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်ပါသဖြင့် လူစုလူဝေးများဖြင့်ကျင်းပရသည့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များအား မတ်လ (၁၃) မှ ဧပြီလ (၃၀) ရက်အထိ ရပ်ဆိုင်းထားပြီး မပြုလုပ်ကြရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အနေဖြင့် COVID-19 ကူးစက်ရောဂါမှ ကြိုတင်ကာကွယ်ရန် (၂၀၁၉ - ၂၀၂၀) ပညာသင်နှစ်၏ ပထမနှစ်ဝက် စာမေးပွဲများကို (၂၅-၃-၂၀၂၀) ရက်မှ (၈-၄-၂၀၂၀) ရက်အထိ ကျင်းပမည့်အစား (၇-၅-၂၀၂၀) ရက်မှ (၂၀-၅-၂၀၂၀) ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ပြောင်းလဲမှုရှိပါက စာမေးပွဲကျင်းပမည့်ရက်အား အချိန်နှင့်တပြေးညီ ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

Transcom

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ဒီပလိုမာသင်တန်းသားများ သင်ကြားခြင်းအား ခေတ္တရပ်နား၊ Online မှ ပို့ချရန်စီစဉ်

COCID – 19 အားကာကွယ်သည့်အနေဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ အရာရှိလောင်း ဒီပလိုမာသင်တန်းများကိုခေတ္တရပ်နားလိုက်သည်။

Corona Virus Covid-19 ရောဂါကူးစက်မှုကိုကာကွယ်သည့်အနေဖြင့် (၂၀၂၀ - ၂၀၂၁) ပညာသင်နှစ်၊ ပထမစာသင်နှစ်ဝက် သင်ကြားခြင်းများကို (၁၈-၃-၂၀၂၀) ရက်မှစတင်ပြီး (၃၀-၄-၂၀၂၀) ရက်ထိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပရဝုဏ်အတွင်း သင်ကြားခြင်းမပြုလုပ်တော့ဘဲ Microsoft Office 365 အသုံးပြု၍ Online Learning သင်ကြားပို့ချခြင်းစနစ်ဖြင့် ပြောင်းလဲကျင့်သုံးသင်ကြားပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ Online Learning စနစ်ဖြင့် သင်ယူနိုင်ရန် အတွက် သက်ဆိုင်ရာ ဆရာ၊ ဆရာမများ၏ ညွှန်ကြားချက်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် အရာရှိလောင်းများအတွက် ဆက်လက်ထုတ်ပြန်အသိပေးကြေညာချက်များကို www.mmmc.edu.mm တွင်လည်းကောင်း၊ MMMC Facebook Page တွင်လည်းကောင်း၊ အရာရှိလောင်းများ၏ Email လိပ်စာအသီးသီးသို့လည်းကောင်း အသိပေးထုတ်ပြန်ပေးပို့အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

Transcom

ပို့ဆောင်ရေးသတင်းဂျာနယ် TRANSCOM NEWS JOURNAL သတင်းဂျာနယ်

စိမံခန့်ခွဲရေးအရာရှိ
ဦးနိအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ဒွေ့စာရင်းအရာရှိ
ကျော်သူရ

ဗျာဂ်နာဖိုးဒီဇိုင်း
ဝင်းထိုက်

စာဗျာဂ်နာဒီဇိုင်း
နေလင်း၊ မြတ်ထူးဇော်၊
ဇင်ဘိုထွန်း

ကွန်ပျူတာ
ခိုင်ယုသွယ်၊ မေသဇ္ဇာဌေး၊
ပြည့်စုံကျော်၊ ခန့်ဇော်ထွန်း

စာတည်း
တင်မောင်၊ အိမ်စည်

သတင်းထောက်
ဘုန်းပိုင်ဦး၊ စိုးသူ၊
ဇွဲထက်အောင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

သတင်း (ရထား)
အောင်ဆန်းဦး

စာတွဲနှိုးသချုပ်ဖော်
တင်ယု


ဆုတ်ဖြဲသူ
နီအောင် (၀၀၄၉၆)

စိုပို့ခ်ဖိ
မင်းပြည့်စုံ (၀၀၁၀၃)

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ရုံးအဖွဲ့
သဇင်ဖူး

ဆောက်လုပ်ရေး
ညွှန့်လွင်



တိုက်တည်နေရာ
အမှတ် ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁-၈၆၁၀၁၉၂, စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃

ကြော်ငြာများထည့်သွင်းလိုပါက ဖုန်း - ၀၁ -၈၆၁၀၁၉၂၊ ၀၉-၄၂၀၁၃၆၆၇

မြန်မာ့မီးရထားက ပြည်သူများ အန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းသပ်ရပ်စွာ ခရီးသွားလာနိုင်စေရန် ရထားတွဲဆိုင်းများအား နေ့စဉ်ပိုးသတ်ဆေးဖျန်း



မြန်မာ့မီးရထားမှ အသုံးပြုသွားလာနေသောတွဲဆိုင်းများကို ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းသပ်ရပ်စွာ ခရီးသွားလာနိုင်စေရန်အတွက် ရထားတွဲဆိုင်းများအား ပိုးသတ်ဆေးများဖျန်းခြင်း၊ တွဲသန့်ရှင်းရေးလုပ်ခြင်း၊ တွဲအတွင်းပိုင်းပြင်ဆင်ခြင်း၊ ထိုင်ခုံအစွပ်များနှင့် ပြတင်းပေါက်လိုက်ကာများကို လျှော်ဖွတ်သန့်ရှင်းရေးများအား တစ်နှစ်တစ်ခါတင်ဒါများခေါ်ယူ၍ဆောင်ရွက်နေပြီး လက်ဆေးဆပ်ပြာရည်များအား လေအိပ်ရထားတွဲများတွင် တင်ထားကြောင်း မြန်မာ့မီးရထားမှ ဦးအောင်မြင့်ကြည် လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ ရန်ကုန်တွဲပြင်ကပြောသည်။

"ခုလို ပိုးမွှားနှိမ်နင်းရေး လုပ်ဆောင်လာတာဆယ်စုနှစ်နီးပါးရှိပြီ။ ခြင်၊ ယင်၊ ဂျပိုး၊ ကြွက်တွေကို နှိမ်နင်းတဲ့သူတွေက အချိန်ဇယားအတိုင်း လုပ်ဆောင်တယ်။အဓိကက သူတို့နဲ့စာချုပ်ချုပ်ဆိုထားတာက တွဲတစ်တွဲကို တစ်လမှာ အနည်းဆုံးလေးကြိမ်ဖျန်းရမယ်။ ရထားတွဲထိန်းဝန်ထမ်းတွေကို မိခင်ဌာန ရန်ကုန်တွဲပြင်ပြန်ရောက်ရင် လမ်းခရီး ကြွက်၊ဂျပိုးတွေ့ရှိမှုရေးဖို့ မှတ်တမ်းစာအုပ်လုပ်ပေးထားတယ်။ အဲ့ဒီစာအုပ်မှာ တွဲထိန်းတွေကတွဲနံပါတ်ဘယ်လောက်မှာ ဂျပိုးတွေ့တယ်၊ ကြွက်တွေ့တယ်ဆိုရင် အဲ့ဒီစာအုပ်မှာရေးပြီး ပိုးမွှားနှိမ်နင်းရေးကနေထရိုက်ကဖတ်တယ်။ ကြွက်တွေ့တယ်ဆိုရင် ကြွက်ဆေးခု၊ နည်းမျိုးစုံနဲ့ သူတို့အစီအစဉ်အတိုင်း ကာကွယ်နှိမ်နင်းရေးလုပ်တာပေါ့။ ထိုင်ခုံမကောင်းဘူးဆိုရင် ပြင်ဆင်ရေးကနေထရိုက်ကပြင်ပေါ့၊ ရေပိုက်ကရေမလုံပါဘူးဆိုရင် ရေပိုက်ကိုပြင်ပေါ့။ တာဝန်ကျတွဲပြင်ဝန်ထမ်းတွေက လုပ်ပြီးတာ၊ ပြုပြင်ပြီးတာတွေ လိုက်စစ်၊ လိုရင်ပြန်လုပ်ခိုင်းပေါ့။ ပြုပြင်ရေးအတွက်မှတ်တမ်းစာအုပ်သက်သက်ထားတာပေါ့" မြန်မာ့မီးရထားမှ ဦးအောင်မြင့်ကြည် လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ ရန်ကုန်တွဲပြင်ကဆိုသည်။

ထို့အပြင် ရထားတွဲများပေါ်တွင် တာဝန်ထမ်းဆောင်နေသော တွဲထိန်းများ တာဝန်ဝတ္တရားများနှင့်အညီ ခရီးသည်များအပေါ် ခရီးဦးကြိုပြုခြင်း၊ လုံခြုံမှုများ၊ ကူညီဆောင်ရွက်မှုများနှင့် အကောင်းမွန်ဆုံးသောဝန်ဆောင်မှုများကိုပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသော ဌာနတစ်ခုဖြစ်သည်။

"အဓိကကတော့ ခရီးသည်တွေကို ဝန်ဆောင်မှုပေးတဲ့ဌာနဆိုတော့ ဘာပဲလိုလို ခရီးသည်တွေကို ဝန်ဆောင်မှုတွေပေးနိုင်အောင် တွဲထိန်းတွေကိုလည်း အကုန်သင်ပေးတယ်။ တွဲထိန်းတာဝန်ဝတ္တရားဆိုပြီးတော့ အချက်(၁၅) ချက်ရှိတယ်။ အရင်အလွတ်ကျက်ခိုင်းတယ်၊ ရပြီဆိုမှ ရထားတက်ခါနီးကျရင်ဆိုခိုင်းတာပေါ့။ တံခါးဖွင့်ပိတ်တာကအစ သန့်ရှင်းရေးအကုန်ပဲ။ အတတ်နိုင်ဆုံးတော့ ခရီးသည်ကိုဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားနေကြတာပါ" ဟု ၎င်းက ဆက်လက်၍ ပြောသည်။

ထို့နောက် GREEN PEST MANAGEMENT CO-MPANY.,LTD မှ Assistant Operating Manager ကို ဇော်မျိုးထွဋ်က "ကျွန်တော်တို့ တွဲတစ်တွဲကို စဝင်မယ်ဆို စစ်ဆေးတာတွေအရင်လုပ်ရပါတယ်။ စစ်ဆေးပြီးမှသာ ဒီနေရာကို ဘယ်လိုကာကွယ်မှုတွေလုပ်ရမလဲဆိုတာတွေကို အဆင့်ဆင့်လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့အသုံးပြုတဲ့ ပိုးသတ်ဆေးတွေက U.S.A က ထုတ်တာပါ။ မြန်မာနိုင်ငံမှာဆိုလည်း ပိုးသတ်ဆေးဝါး မှတ်ပုံတင်အကုန်လုံး ပြုလုပ်ပြီးတဲ့ဆေးတွေပဲ ဖြစ်ပါတယ်။ ဒီဆေးတွေနဲ့ပတ်သက်လို့ အမှားအယွင်းဆိုတာတော့ မရှိခဲ့ဖူးသေးပါဘူး။ မဖြစ်အောင်လည်း အမြဲတမ်းလေ့ကျင့်မှုတွေပြုလုပ်ပြီးတော့ ပြန်လည်စစ်ဆေးပြီး လုပ်ကိုင်နေပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ထိုင်းနိုင်ငံကနေ ဒီဆေးတွေကိုတင်သွင်းတာပါ။ အာဆီယံမှာတော့ ထိုင်းနိုင်ငံကနေပဲပြန်ယူရတာပေါ့။ ကျွမ်းကျင်တဲ့သူတွေက ကျွန်တော်တို့မြန်မာနိုင်ငံကို Training တွေ လာပြီးပေးပါတယ်။ ကျွန်တော်တို့ဘက်ကနေ သူတို့ဆီကိုသွားပြီးသင်ကြားရတာတွေလည်းရှိပါတယ်။ ဆေးဖျန်းမယ့် လူတစ်ယောက်အနေနဲ့ အောက်ခြေကနေစပြီး လေ့ကျင့်မှုတွေ အဆင့်ဆင့်ပြုလုပ်ရပါတယ်။ Food Safety Certificate နဲ့ HACCP Certificate ရထားတဲ့ဆေးတွေကို အသုံးပြုနေပါတယ်။ ပြောရရင်လူတွေအပေါ်ကို Side Effect အနည်းဆုံး၊ ပြီးတော့ ဒီဆေးတွေကိုထုတ်လုပ်ထားတာက အဓိကနို့တိုက်သတ္တဝါတွေကို ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးပါ" ဟု ပြောသည်။

ဧနန်နဝါရီလတွင် ခရီးဝေးသွားခရီးသည်အရေအတွက် ၉၈,၀၁၅ ဦးရေ စီးနင်းလျက်ရှိပြီး မြို့ပတ်အနေနှင့် ဘူတာအားလုံးတွင် စီးနင်းသူ ၂၃၅,၃၁၃ ဦးရေရှိကြောင်း၊ ဖေဖော်ဝါရီလတွင် ခရီးဝေးသွားခရီးသည်အရေအတွက် ၈၄,၉၇၄ ဦးရေ စီးနင်းလျက်ရှိပြီး မြို့ပတ်အနေနှင့် ဘူတာအားလုံးတွင် စီးနင်းသူ ၂၁၀,၉၆၈ ဦးရေရှိကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

စီတ်ထက်၊ ဘုန်းပိုင်ဦး





တစ်ကမ္ဘာလုံးရှိ ကလေးငယ် သုံးပုံတစ်ပုံသည် တစ်နေ့ ၂ ကြိမ် သွားမတိုက်

Signal ၏ ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ်ထုတ်ပြန်ခဲ့သည့် လေ့လာချက်အသစ်အရ တစ်ကမ္ဘာလုံးရှိ ကလေးငယ်များ၏ သုံးပုံပုံတစ်ပုံသည် တစ်နေ့လျှင် ၂ ကြိမ် သွားတိုက်ခြင်းမရှိကြောင်း သိရသည်။

ညအိပ်ရာဝင်ချိန် သွားမတိုက်ခြင်းသည် ကလေးငယ်များအတွက် ကျန်းမာရေးနှင့် လူမှုရေးပြဿနာများကို ကာလတိုတွင်သာမက ကာလရှည်ကြာစွာ ခံစားရနိုင်ကြောင်းကို အဆိုပါလေ့လာချက်တွင် ဂရုပြုရမည့်အချက်အဖြစ် ဖော်ပြထားသည်။

နိုင်ငံပေါင်း ၈ နိုင်ငံမှ မိဘများနှင့် ကလေးငယ်ပေါင်း ၅,၀၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့ရာ ၃၀ရာခိုင်နှုန်းသော ကလေးငယ်များသည် တစ်နေ့လျှင် ၂ ကြိမ် သွားတိုက်ခြင်း မရှိကြောင်းနှင့် လေးပုံတစ်ပုံသော ကလေးငယ်များသည် ညအိပ်ရာဝင်ချိန်တွင် သူတို့၏သွားများကိုမတိုက်ကြကြောင်း လေ့လာတွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမြင့်ထိန်က "ကလေးများအတွက် နေ့ရောညပါသွားပုံမှန် တိုက်ခြင်းဟာ တစ်နေ့တစ်ကြိမ်သွားတိုက်ခြင်းထက် သွားယိုယွင်းခြင်းကို ၅၀% အထိလျော့ကျစေပါတယ်။ ကလေးတွေက အိပ်တဲ့အချိန်မှာ လူကြီးတွေထက် သွားရည်ထွက်နှုန်းနည်းပါးပြီး ပိုးမွှားများနှင့် ဘက်တီးရီးယားများကြိုးထွားဖို့ရန် ပိုပြီးအထောက်အကူဖြစ်စေတဲ့အတွက်ကြောင့် ညအိပ်ရာဝင်ခါနီး သွားတိုက်ခြင်းဟာ တကယ်ကို အရေးကြီးပါတယ်"ဟု ဆိုသည်။

ညအိပ်ခါနီး သွားမတိုက်ခြင်းသည် သွားနှင့်ခံတွင်းကျန်းမာရေးကို ထိခိုက်စေရုံသာမက အခြားသော နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သည့် ကလေးများ၏ ယုံကြည်မှုရှိခြင်းအပေါ်လည်း ထိခိုက်စေနိုင်သည်။ ညအိပ်ရာဝင်ချိန်တိုင်း သွားမတိုက်ဖြစ်သော ကလေးငယ်များအနက် ငါးဦးတွင်တစ်ဦးမှာ သွားနှင့်ပတ်သက်၍ လှောင်ပြောင်ခြင်းခံနေရပြီး သုံးဦးတွင်တစ်ဦးမှာ မိတ်ဆွေသူငယ်ချင်းများရရှိရန်နှင့် အခြားသူများနှင့် ပြောဆိုဆက်ဆံရာတွင် အခက်အခဲများရှိနေကြောင်း တွေ့ရှိရသည်။

၂၀၁၅ ခုနှစ်မှစ၍ Signal သည် သွားနှင့်ခံတွင်း ဆရာဝန် ၁သန်းကျော်အား ကိုယ်စားပြုသည့် FDI ကမ္ဘာ့သွားနှင့်ခံတွင်း အဖွဲ့ချုပ်နှင့်လက်တွဲခဲ့ပြီး ကျွန်ုပ်တို့၏ "နေ့ရောညပါသွားတိုက်ကြစို့" (Brush Day and Night) အစီအစဉ်နှင့်နှစ်စဉ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့များတွင် သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးရေးကို အတူလက်တွဲလုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ ပူးပေါင်းလုပ်ဆောင်ချက်တွင်ပါဝင်သော ကတိကဝတ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Signal သည် အလေ့အကျင့်များပြောင်းလဲစေရန်အလို့ငှာ Brush Story Sleep အစီအစဉ်အား သွားဘက်ဆိုင်ရာပညာရှင်များနှင့် စတင်ဖော်ဆောင်ခဲ့ပြီးဖြစ်သည်။

ဤအစီအစဉ်သည် ကမ္ဘာ့အကြီးဆုံး သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ ပညာပေးအစီအစဉ်ဖြစ်ပြီး ၎င်းကို ကမ္ဘာ့သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးနေ့ဖြစ်သော မတ်လ ၂၀ ရက် သောကြာနေ့တွင် စတင်လှုပ်ရှားနေပြီဖြစ်ကြောင်း သိရသည်။

ES

အာကာသတွင် အသိဉာဏ်တု၏ အလားအလာများနှင့် အသုံးချမှုများ – ၂



ဝင်းအောင် (အင်ဂျင်နီယာချုပ်)

Enhancing Earth Exploration and Imaging

Agencies and governments can leverage AI technologies to gather precise earth exploration data. Robotics can be used to identify areas of surveillance by learning to process and act upon signals it receives, disregarding substantial amounts of unnecessary data. According to the European Space Agency (ESA) satellites can provide over 150 terabytes of data per day. AI would reduce costs, extend mission and battery life and produce higher quality environmental image data. Earth imaging data is already being used to provide actionable insights for governments and businesses; calculating macroeconomic activity to more accurately measure migrant flows and the impact of climate change.

ကမ္ဘာမြေရှာဖွေရေး အချက်အလက်များနှင့် ပုံရိပ်များကို အရည်အသွေးမြှင့်တင်ခြင်း။

အေဂျင်စီများနှင့် အစိုးရများသည် တိကျသော ကမ္ဘာမြေရှာဖွေရေး အချက်အလက်များကို စုဆောင်းရန် AI နည်းပညာများဖြင့် ဖော်ထုတ်မြှင့်တင်နိုင်သည်။ စက်ရုပ်ကိုအသုံးပြု၍ လက်ခံရရှိသည့် အချက်အလက်များအပေါ်မှတ်ယူခြင်းအားဖြင့် မလိုအပ်သော အချက်အလက် ပမာဏများစွာကို လျစ်လျူရှုနိုင်ကာ လုပ်ငန်းစဉ်နှင့်လုပ်ဆောင်ရန်တို့အတွက် စောင့်ကြည့်လေ့လာသည့် နယ်မြေဒေသများကို စိစစ်နိုင်သည်။ ဥရောပ အာကာသအေဂျင်စီ (ESA) ၏အဆိုအရ ဂြိုဟ်တုများသည် တစ်နေ့လျှင် ဒေတာ ၁၅၀ တယ်ရာဗိုက်ကျော် ပေးနိုင်သည်။ AI သည် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး ဂြိုဟ်တုလွှတ်တင်မှုလုပ်ငန်းစဉ်နှင့် ဘက်ထရီသက်တမ်းကို တိုးမြှင့်နိုင်ကာ အရည်အသွေးမြင့်မားသော ပတ်ဝန်းကျင်ပုံရိပ် အချက်အလက်များကို ပေးစွမ်းနိုင်လိမ့်မည်။ ကမ္ဘာမြေပုံရိပ် အချက်အလက်များကို အသုံးပြုပြီး အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ဆောင်နိုင်သော ထိုးထွင်းသိမြင်မှုကို ပေးသည့် ရွှေ့ပြောင်းနေထိုင်သည့်နှုန်းနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ပိုမိုတိကျစွာ တိုင်းတာရန်အတွက် မက်ခရိစ်ပွားရေးလုပ်ဆောင်မှုကို တွက်ချက်နိုင်သည်။

Operations, Telemetry, and Control

လုပ်ငန်းလည်ပတ်မှုနှင့် ဂြိုဟ်တုများကို ထိန်းချုပ်ခြင်း

AI ကို ဆက်သွယ်ရေး ဂြိုဟ်တုများကို လည်ပတ်မှုစောင့်ကြည့်ရန်နှင့် တုန့်ပြန်ထိန်းချုပ်မှုပေးရန်အတွက် အချို့သူများက အသုံးပြုကြသည်။ ဥပမာအားဖြင့် SpaceX သည် ဂြိုဟ်တုအချင်းချင်း တိုက်မိခြင်းကို ရှောင်ရှားရန် AI လုပ်ဆောင်မှုများကို ပြုလုပ်ခဲ့သည်။ သို့သော် ထိုနည်းပညာသည် အာကာသအတွင်း မျောနေသော အပျက်အစီးများကို ရှောင်ရှားခြင်းအား အလိုအလျောက်လုပ်ဆောင်ခြင်းကဲ့သို့သော အခြားအလုပ်များအတွက်လည်း အသုံးပြုနိုင်သည်။ ယင်းသည် အာကာသ အပျက်အစီးများကိုစွဲ ဖြေရှင်းရန် အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သော်လည်း အချို့ကျွမ်းကျင်သူများသည် အော်ပရေတာများအကြား ဂြိုဟ်တု ကြိုတင်ခန့်မှန်း အချက်အလက်များ (ephemeris data) မျှဝေရန် လိုအပ်မှုအပေါ် အလေးထားရန်ကိစ္စများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အဆိုပါ ဂြိုဟ်တု တီထွင်ဆန်းသစ်မှုအုပ်စု၊ အဲဘတ်စ် (Airbus) နှင့် အာကာသ အချက်အလက်အသင်းအဖွဲ့များ အနေဖြင့် ဤနည်းစနစ်များ အသုံးပြုခြင်းကို သုတေသနပြုခဲ့သည်။

However, the widespread use of AI increases the risk of unauthorised system hacking, including the manipulation of software leading to signal blocking, satellite takeover and destruction. But while it creates new threat vectors, AI can unlock protective cybersecurity applications that allow operators to stay one step ahead of malicious actors.

သို့သော် AI ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် အချက်ပြမှုပိတ်ဆို့ခြင်း၊ (signal blocking) ဂြိုဟ်တုလွှဲပြောင်းယူခြင်းနှင့် ဖျက်ဆီးခြင်းသို့ ဦးတည်သော ဆော့ဖ်ဝဲလ်ကိုကိုင်တွယ်ခြင်းအပါအဝင်၊ ခွင့်ပြုချက်မရှိသည့်စနစ် တိုက်ခိုက်ခံရမှုအန္တရာယ်ကို တိုးစေသည်။ သို့သော် ၎င်းသည် ခြိမ်းခြောက်မှုလမ်းကြောင်းအသစ်များကို ဖန်တီးနေစဉ်၊ AI သည် အကာအကွယ်ပေးသည့် ဆိုက်ဘာလုံခြုံရေး application များကို ဖွင့်ဖောက်နိုင်သည်။ ယင်းသည် အန္တရာယ်ရှိသော လုပ်ဆောင်သူများထက် ခြေတစ်လှမ်းအသာရှိနေရန် အော်ပရေတာများအတွက် ခွင့်ပြုထားပါသည်။

ဆက်လက်တင်ပြပါမည်။

COVID – 19 ကာကွယ်ရေးအလှူရှင်များက ကျပ်သိန်း ၈,၀၀၀ ကျော်လှူဒါန်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများနှင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူရှင် (၅၀)ကျော်မှ ဆေးနှင့် ဆေးပစ္စည်းအပါအဝင် အလှူငွေကျပ်သိန်း (၈၀၀၀) ကျော်လှူဒါန်းထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် မတ်လ (၁၅)ရက်က အဆိုပါလှူဒါန်းပွဲကိုပြုလုပ်ခဲ့ပြီး အလှူရှင် (၅၀)ကျော်ထံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းငွေစုစုပေါင်း သိန်း (၁၉၇၀) ကျော်၊ စုစုပေါင်း (၃၉၈၀) ကျော်တန်ဖိုးရှိ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်တိုင်းကိရိယာ (၂)စုံ၊ အသက်ရှူအကူစက် (၅)စုံ၊ Digital X-rays (၁)လုံး၊ Branchoscope (၁)စုံ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ အားဖြည့်ဆန်များလက်ခံရရှိခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်း (၁၇၀) နှင့် ငွေကျပ် (၁၈၈၀) သိန်းကျော် တန်ဖိုးရှိ အသက်ရှူအကူစက် (၁၀)စုံ၊ လူနာစောင့်ကြည့် စက် (၅)လုံး၊ ပညာပေးလက်ကမ်းစာစောင် စုစုပေါင်း အရွက်ရေ (၉၀,၀၀၀)၊ လက်ကိုင်အသံခွဲ စက် (၃၅) လုံး၊ RRT Jacket အထည် (၅၀)။ ခွဲစိတ်ခန်းသုံးမျက်နှာဖုံးအခုရေ (၁၀,၀၀၀) နှင့် ဆေးနှင့် ဆေးပစ္စည်းများ စုစုပေါင်းငွေကျပ်သိန်း (၈,၀၀၀) ကျော် လက်ခံရရှိခဲ့သည်။

ထို့ပြင် မတ်လ (၁၄)ရက်ကလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ COVID-19 ရောဂါလူနာများတွေ့ရှိပါက ဆေးရုံတွင်းကူသမှုပေးရာ၌ အသုံးပြုရန် IBPC မှ ကျပ်သိန်း (၅၀၀)၊ Asia Royal Hospital မှ ကျပ် (၃၁၅) သိန်း၊ Shwe Taung Group ၊ GGI Tokio Marine နှင့် GGI NIPPON Life တို့မှ ကုမ္ပဏီတစ်ခုလျှင် ကျပ်သိန်း (၃၀၀)စီ၊ မိသားစုအလှူရှင်များမှ စုစုပေါင်း ကျပ် (၂၇၅)သိန်း၊ Tokyu Construcion Co., Ltd မှ ကျပ် (၁၀)သိန်း၊ Rolex Group ၊ International School of Myanmar ၊ ရတနာဂျင်းသန့်ကုမ္ပဏီနှင့် Brightax Family Co., Ltd တို့မှ (၁)လုံး လျှင် (၇၅)သိန်းတန်ဖိုးရှိသော အသက်ရှူစက် Ventilator (၄)လုံးလှူဒါန်းခဲ့ပြီးဖြစ်သည်။

အဆိုပါလှူဒါန်းရရှိထားသည်နှင့် ဝန်ကြီးဌာနမှ ဝယ်ယူထားသော ဆေးနှင့် ဆေးပစ္စည်းများကို COVID-19 ရောဂါထိန်းချုပ်ကုသရေးလုပ်ဆောင်နေသည့် ဆေးရုံများနှင့် အချက်အချာကျသော ဦးစားပေးနေရာများသို့ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

၆

City Taxi မှတ်ပုံတင်ခြင်း မှတ်ပုံတင်သက်တမ်း တိုးခြင်းလုပ်ငန်းများ ဧပြီလကုန်ထိ ရပ်နားထားမည်



City Taxi လုပ်ငန်းများနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းများကို ဧပြီလကုန်အထိ ခေတ္တဆိုင်းငံထားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ ထုတ်ပြန်ထားသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆောင်ရွက်မှုဆိုင်းငံ့ကာလအတွင်း စီးတီးတက္ကစီယာဉ်သစ်အဖြစ် မှတ်ပုံတင်တင်မည့်ယာဉ်များနှင့် သက်တမ်းတိုးစေ့ရက်ရောက်သော စီးတီးတက္ကစီယာဉ်များကို ပျက်ကွက်မှုအဖြစ် သတ်မှတ်မည်မဟုတ်ကြောင်းနှင့် အများပြည်သူကျန်းမာရေးဆိုင်ရာ လိုအပ်ချက်ကြောင့် ဆောင်ရွက်မှုမပြုနိုင်ခြင်းအတွက် မည်သည့်ဒဏ်ကြေးငွေမှ ကောက်ခံခြင်းပြုမည်မဟုတ်ကြောင်း သိရသည်။

ခေတ္တဆိုင်းငံကာလပြည့်မြောက်ပြီး လုပ်ငန်းများပြန်လည်စတင်ချိန်တွင် စီးတီးတက္ကစီယာဉ်အဖြစ်မှတ်ပုံတင်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းများကို စေ့ရက်ရောက်သောကာလမှစ၍ ပုံမှန်ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်လိုင်စင်ကိုင် Taxi ယာဉ်များမှာ City Taxi မှတ်ပုံတင်ခြင်းနှင့် တစ်နှစ် (၁)ကြိမ်သက်တမ်းတိုးရပြီး ယခုလက်ရှိ ရန်ကုန်မြို့တွင် ရန်ကုန်လိုင်စင်ကားများအပြင် ပဲခူးလိုင်စင်၊ ဧရာဝတီတိုင်းလိုင်စင်၊ မန္တလေးလိုင်စင်၊ ကရင်ပြည်နယ် လိုင်စင်များဖြင့် တက္ကစီများပြေးဆွဲလျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရရှိထားသည့် စာရင်းများအရ ယခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ပြေးဆွဲနေသည့် စီးတီးတက္ကစီအစီးရေမှာ (၆၀,၀၀၀) ကျော်ရှိပြီး နယ်လိုင်စင်တက္ကစီအရေအတွက်ကိုမူ စာရင်းအတိအကျမသိရှိသေးကြောင်း သိရသည်။

၆

မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ လေအေးပေးစက်ပါလေအိတ်ရထား အမှတ်(၃၁)အဆန်နှင့်အမှတ်(၃၂)အစုန်တိုးချဲ့ပြေးဆွဲ











ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ လေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းအသစ်များဖြင့် အမှတ်(၃၁)အဆန်နှင့် အမှတ်(၃၂)အစုန်တို့အား စတင်ပြေးဆွဲပေးခြင်း အခမ်းအနားအား မတ်လ၊ ၂၁ရက်၊ မွန်းလွဲ(၁)နာရီတွင် မန္တလေးဘူတာကြီး၌ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ရေဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများမှ ရထားစီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ပြီး မွန်းလွဲ (၁)နာရီတွင်ရထားစတင်ထွက်ခွာပြီး စီးနင်းလိုက်ပါသွားသောခရီးသည်များအား လက်ပြနှုတ်ဆက်ခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ယခုပြေးဆွဲပေးသည့် လေအေးပေးစက်ပါ လေအိတ်ရထားတွဲများမှာ ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့် ဝယ်ယူခဲ့ပြီး အထက်တန်းတွဲ(၁၀)တွဲ၊စားသောက်တွဲ(၁)တွဲ၊လူစီးဘရိတ်တွဲ (၁)တွဲစုစုပေါင်း (၁၂)တွဲဖြင့်ပြေးဆွဲသွားမှာဖြစ်သည်။

လက်မှတ်ခန့်နှုန်းထားအနေဖြင့် ခရီးစဉ် ၈/ဆုံး အထက်တန်း(ထိုင်ခုံ) တစ်ဦးလျှင် (၂၀၀၀၀)ကျပ်၊ ရိုးရိုးတန်း(ထိုင်ခုံ) တစ်ဦးလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြစ်ပြီး လမ်းခရီးတွင် ရွှေဘို၊ ကန့်ဘလူ၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဘူတာများတွင် ရပ်တန့်မည်ဖြစ်သည်။

အမှတ်(၃၁)အဆန်ရထားသည် မန္တလေးဘူတာမှ မွန်းလွဲ(၁)နာရီ ထွက်ခွာပေးမှာဖြစ်ပြီး မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့နံနက်(၇)နာရီတွင်ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၃၂)အစုန် ရထားသည်မြစ်ကြီးနားဘူတာမှ မွန်းလွဲ(၁)နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက်(၇) နာရီ ၄၅ မိနစ်တွင်ရောက်ရှိမှာဖြစ်ကြောင်းသိရှိရသည်။

အလားတူ အမှတ် (၃၂) အစုန် မြစ်ကြီးနား-မန္တလေးရထား အားဖြည့်ပြေးဆွဲခြင်းအခမ်းအနားကို မြစ်ကြီးနားဘူတာရုံတွင် မတ်လ၊ ၂၁ရက်၊ မွန်းလွဲ (၁) နာရီခွဲတွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

MR

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို မတ်လ (၁၁)ရက် မွန်းလွဲတစ်နာရီတွင် နေပြည် တော်ရှိ သမ္မတရုံးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်မျိုး၊ ဒေါက်တာရဲမြင့်ဆွေနှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပြီးနောက် ရေနှင့်ဆက်နွယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ် ကဏ္ဍဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးရန် ကော်မတီ၏ ရှေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိပါကြောင်း။

အလေးထားဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရေဆိုင်ရာပြဿနာများ ဖြေရှင်းမှုတို့အတွက် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်မိုးတွင်းကာလ၌ တွေ့ကြုံရလေ့ရှိသည့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာရေး၊ နွေရာသီ၌ ကြုံတွေ့ရလေ့ရှိသည့် ရေရှားပါးမှုအခက်အခဲများ ဖြေရှင်းရေးတို့အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုပြဿနာရေရှည်လျော့ပါးစေရေးအတွက် လက်တလောဖြေရှင်းမှုများအတွက်သာမက ကာလလတ်နှင့် ကာလရှည်အတွက် ဆောင်ရွက်ရမည့် အစီအမံများအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက လျာထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများ၊ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်း အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခုအခါ နွေရာသီကာလရောက်ရှိလာပြီဖြစ်ကြောင်း ယခင်နှစ်များကဲ့သို့ သောက်သုံးရေနှင့်စိုက်ပျိုးရေရှားပါးမှုပြဿနာများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ကော်မတီအားဖွဲ့စည်းပြီးနောက် ရေဆိုင်ရာလုပ်ရှားမှုများကို ပံ့ပိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် အမျိုးသားရေဥပဒေ ပေါ်ပေါက်ရေးအတွက် ကော်မတီ၏အကြံပေးအဖွဲ့နှင့် Task Force အဖွဲ့တို့က ဆောင်ရွက်လျှက်ရှိရာ ဥပဒေမူကြမ်းအား အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီးဖြစ်ပြီး မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိပါကြောင်း၊ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် အမျိုးသားရေဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပြီး တည်ဆဲဥပဒေများ နည်းဥပဒေများနှင့်လည်း ချိတ်ဆက်နိုင်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေနှင့်ဆက်နွယ်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နောက်

စာ - ၁၁»



၂၀၂၀ပြည့်နှစ်၊ ကမ္ဘာ့မိုးလေဝသနေ့

ကျော်လွင်ဦး(မိုးဇလ)

၂၀၂၀ပြည့်နှစ်၊ မတ်လ (၂၃) ရက်မှာ ကမ္ဘာ့မိုးလေဝသနေ့ဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးနှင့် အဖွဲ့ဝင်နိုင်ငံ အမျိုးသားမိုးလေဝသနှင့်ဇလဗေဒဌာနများအနေဖြင့် ကမ္ဘာ့မိုးလေဝသနေ့ကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီး တည်ထောင်ခဲ့တဲ့ အထိမ်းအမှတ်အဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိကြပါတယ်။ ဒီနှစ်မှာတော့ မတ်လ (၂၂)ရက်မှာ ကျရောက်မယ့် ကမ္ဘာ့ရေနေ့ (World Water Day)နှင့် ကမ္ဘာ့မိုးလေဝသနေ့ (World Meteorological Day) အခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရုံးမှာ ပူးတွဲကျင်းပကြမှာဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မိုးလေဝသ၊ ရာသီဥတုအခြေအနေများနှင့် ဆက်စပ်တဲ့ အခြေအနေများကို အလေးထားစေလိုတဲ့ ခေါင်းစဉ်တစ်ခု သတ်မှတ်ကျင်းပလေ့ရှိပါတယ်။ ဒီနှစ်အတွက် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်ကတော့ (Climate & Water– ရာသီဥတုနှင့်ရေသယံဇာတများကောင်းမွန်ရေး၊ လူတိုင်းပူးပေါင်းပါဝင်ဆောင်ရွက်ပေး) ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနဲ့ ရေသယံဇာတစီမံခန့်ခွဲမှုများ အပြန်အလှန်ဆက်စပ်နေမှုနဲ့ အရေးပါမှုကို ပိုမိုသိရှိအလေးထားနိုင်စေရန် ဖော်ညွှန်းလိုခြင်းဖြစ်ပါတယ်။

ရာသီဥတု

ယနေ့ကမ္ဘာကြီးမှာ သန့်ရှင်းတဲ့သောက်သုံးရေလို အပ်ချက်များလာတာ၊ ရေကြီးတာ၊ မိုးခေါင်တာတွေရဲ့ စိန်ခေါ်မှုတွေ ပိုပြီးရင်ဆိုင်လာနေရချိန်မှာဘဲ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ကမ္ဘာမြေရဲ့ ပျမ်းမျှအပူချိန်ဟာ ၁၉၈၁–၂၀၁၀ ပုံမှန် ဖေဖော်ဝါရီလ အပူချိန်ထက် (၀.၈) ဒီဂရီစင်တီ ဂရီတ်ပိုနေခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မတ်လ(၅)ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ဒါဟာ အပူဆုံး ဖေဖော်ဝါရီလဖြစ်တဲ့ ၂၀၁၆ ခုနှစ်က ထက် (၀.၀၈) ဒီဂရီလျော့ခဲ့တာဖြစ်ပါတယ်။ ထို့အတူ ဥရောပတိုက်မှာလည်း ယခုနှစ် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ဟာ ၁၉၈၁–၂၀၁၀ ပုံမှန် ဖေဖော်ဝါရီလ အပူချိန်ထက် (၃.၉) ဒီဂရီစင်တီဂရိတ်ပိုနေခဲ့ပြီး ဒုတိယအပူဆုံး ဖေဖော်ဝါရီလအဖြစ် စံချိန်တင်နေခဲ့တယ်လို့ သိရှိရပါတယ်။ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာလည်း ဒီနှစ်ဖေဖော်ဝါရီလမှာ ပုံမှန်ထက်ပိုတဲ့ ပျမ်းမျှအပူချိန်တွေ တိုင်းထွာရရှိခဲ့တာတွေ့ရပါတယ်။ ကာလရှည် အပူချိန်ရာသီမှတ်တမ်းတွေရဲ့ သတ်မှတ်ရည်ညွှန်းကာလအပူချိန်တွေထက် ပိုပူလာကိုတွေ့ရှိနေရပြီဖြစ်ပါတယ်။ ရာသီဥတု ပိုပြီးပူလာတာနဲ့အတူ မိုးရွာသွန်းမှု နည်းပါးတာကြောင့် မိုးခေါင်မှုလို အစွန်းရောက်ရာသီဖြစ်စဉ်တွေကလည်း ကမ္ဘာ့တစ်တစ်ဝန်းမှာဖြစ်ပေါ်လျက်ရှိနေပါတယ်။ စားနပ်ရိက္ခာဖူလုံမှုနဲ့ ကျန်းမာရေးအပေါ် သက်ရောက်မှုတွေ အဓိကဖြစ်ပေါ်စေတတ်တဲ့ မိုးခေါင်ခြင်းနှင့်အတူ ဆင်းရဲမွဲတေမှု၊ စနစ်မကျတဲ့ မြေအသုံးချမှုတွေကြောင့်လည်း မိုးခေါင်မှုဒဏ်ခံစားရနိုင်ခြေများ မြင့်လာပါတယ်။ ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နေရာဒေသအများအပြားမှာ မိုးခေါင်မှုကြိမ်နှုန်း၊ ပြင်းအားနဲ့ ကြာမြင့်ချိန်ကာလတွေပိုပြီး တိုးလာနိုင်ခြေရှိနေတယ်လို့ သုံးသပ်နေကြပါတယ်။ မိုးခေါင်ခြင်းကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ (၆) ဘီလီယံမှ (၈) ဘီလီယံခန့်အထိဆုံးရှုံးမှုရှိပြီး အခြားသဘာဝဘေးတွေထက် လူဦးရေထိခိုက်မှုများတဲ့ ဆုံးရှုံးမှုအများဆုံး သဘာဝဘေးတစ်ခုဖြစ်တယ်လို့ဆိုပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကတော့ Global Water Partnership အဖွဲ့နဲ့ပူးပေါင်းပြီး ဒေသအလိုက် မိုးခေါင်မှုဆိုင်ရာ မူဝါဒနဲ့စီမံခန့်ခွဲမှုတွေ လုပ်ဆောင်နိုင်ဖို့ မိုးခေါင်မှုဆိုင်ရာစောင့်ကြည့်ခြင်း၊ ကြိုတင်သတိပေးချက်၊ လူမှုစီးပွားနဲ့ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ဖို့တွေ့၊ မူဝါဒများချမှတ်တာ၊ လေ့ ကျင့်သင်တန်းပေးတာ၊ မိုးခေါင်မှုလျော့ပါးရေးဆိုင်ရာ နိုးကြားတဲ့ အလေ့အထတွေ၊ ကြိုတင်ပြင်ဆင်ရေးတွေအတွက် ပူးပေါင်းဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ မြန်မာ့ရာသီဥတုအနေနဲ့လည်း မိုးခေါင်မှုကို နှစ်စဉ်ကြုံတွေ့ရပါတယ်။ ဥပမာအနေနဲ့ ၂၀၁၉ ခုနှစ်၊ မိုးရာသီကာလဖြစ်တဲ့ မေလမှ စက်တင်ဘာလအတွင်း မိုးလေဝသဆိုင်ရာ မိုးခေါင်မှုဖြစ်ပွားခြင်း(Meteorological Drought) အခြေအနေကို မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မင်းတပ်၊ ဟားခါး၊ ဖလမ်း၊ ခန္တီး၊ ဟုမ္မလင်း၊ ကသာ၊ မော်လိုက်၊ ကလေး၀၊ ကလေး၊ တမူး၊ မင်းကင်း၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ကြေးမုံ၊ မန္တလေး၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ မိုးကုတ်၊ လွန်ကျော်၊ လှိုင်းတက်၊ ပျဉ်းမနား၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ ပခုက္ကူ၊ ချောက်၊ မင်းဘူး၊ မကွေး၊ စစ်တွေ၊ ကျောက်ဖြူ။ သံတွဲ၊ ဂွ၊ တောင်ငူ၊ ပဲခူး၊ သာယာဝတီ၊ မော့ဘီ၊ မအူပင်၊ ပုသိမ်၊ မြောင်းမြ၊ သိမ်ဇရပ်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့တို့တွင် မိုးခေါင်မှုဖြစ်ပွားခဲ့တာကိုတွေ့ရပြီး ကာလရှည် မိုးခေါင်မှုအခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ တွေ့ခဲ့ရပါတယ်။ ရာသီဥတုမူမမှန်မှုတွေ ဖြစ်ပေါ်စေတတ်တဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုရဲ့ အကျိုးဆက်များနဲ့အတူ မြန်မာ့ရာသီဥတု အခြေအနေများ ပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) နှင့်အညီ အားလုံးပူးပေါင်းဆောင်ရွက်နေကြရဦးမှာ ဖြစ်ပါတယ်။

ရေသယံဇာတ

လာမည့် သင်္ကြာရာဇ် (၂၀၅၀) ပြည့်နှစ်တွင် ကမ္ဘာလူဦးရေ (၉.၇) ဘီလီယံ ရှိလာနိုင်မည်လို့ မျှော်မှန်းထားကြပါတယ်။ လူဦးရေတိုးတက်လာခြင်းနဲ့အတူ စားနပ်ရိက္ခာဖူလုံမှုနဲ့ လုံလောက်တဲ့ သန့်ရှင်းသော သောက်သုံးရေ ရရှိဖို့တော့ အဓိကကျတဲ့ လိုအပ်ချက်များနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်၊ ပန်းတိုင်များ အောင်မြင်စွာအကောင်အထည်ဖော်ဖို့ ကြိုးစားနေကြရပါတယ်။ (၂၀၅၀) ပြည့်နှစ်လောက်အထိ ကမ္ဘာ့ရေလိုအပ်ချက်က ဆက်လက်တိုးလာနိုင်ပြီး လက်ရှိရေသုံးစွဲမှုအခြေအနေထက် (၂၀)ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း၊ လူဦးရေ (၂) ဘီလီယံကျော်က ရေရှားပါးမှုပြဿနာ ကြုံတွေ့ရနိုင်ကြောင်း ကုလသမဂ္ဂရဲ့ World Water Development Report 2019 က သုံးသပ်ပါတယ်။ လွန်ကဲတဲ့ မိုးလေဝသနဲ့ရာသီဖြစ်စဉ်တွေက ရေရှားပါးမှု ပိုဖြစ်စေတာ၊ ကြိုတင်မှန်းဆရန်ခက်ခဲတာနဲ့ ရေထုညစ်ညမ်းမှု ပိုဖြစ်စေတတ်ပါတယ်။ ရာသီဥတုပြောင်းလဲလာမှုကို တုန့်ပြန်ကြရာမှာ ရေသယံဇာတများ စနစ်တကျ အသုံးချမှု အလွန်အရေးကြီးသကဲ့သို့ ဇလဗေဒဆိုင်ရာ အချက်အလက်တွေနဲ့ သန့်ပုံပုံစွတ်ချက်မှုတွေက တစ်ဆင့် လွန်ကဲတဲ့မိုးလေဝသ၊ ဇလဗေဒဖြစ်ရပ်တွေရဲ့ အကြိမ်ရေနဲ့ ပမာဏတို့ကို ဆန်းစစ်တွက်ချက်၍ ရေကြီးမှု၊ မိုးခေါင်မှုဆိုင်ရာ ထိရောက်တဲ့မူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်နိုင်ပါတယ်။ ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်တွေက နိုင်ငံရဲ့ရေအရင်းအမြစ်ပမာဏ၊ အရည်အသွေးနဲ့ ဖြန့်ဝေပေးနိုင်မှု၊ ရေအားလျှပ်စစ်စက်ရုံတွေ၊ ရေကြောင်းခရီးသွားလာမှု၊ ဆည်ရေပေးဝေမှုတို့အတွက် လိုအပ်တဲ့စီမံချက်၊ ဒီဇိုင်းပုံစံများ ဆောင်ရွက်နိုင်ရေး၊ လူမှုစီးပွားနဲ့ ပတ်ဝန်းကျင် ကဏ္ဍတွေအပေါ် သက်ရောက်နိုင်ခြေများ၊ ရေနဲ့ဆက်နွယ်တဲ့ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်းဘေးများမှကာကွယ်နိုင်ရန်၊ ဥပဒေပြုခြင်း၊ လက်တွေ့ကျတဲ့ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေ ပြုမူဆောင်ရွက်ခြင်းနဲ့ လျော့ပါးရေး၊ ရေသယံဇာတများ ရေရှည်အသုံးပြုနိုင်မှုတို့ကို ပူးပေါင်းဆောင်ရွက်ကြရာမှာများစွာအကျိုးပြုစေပါတယ်။ ရာသီဥတုပြောင်းလဲလာခြင်းရဲ့ သက်ရောက်မှုအထွေထွေက နေရာဒေသအလိုက် ကွဲပြားနိုင်ပေမယ့် အပူလွန်ကဲလာတာ၊ မိုးသည်းထန်မှုတွေ ပိုလာနိုင်တာတွေကြောင့် အပူလှိုင်းတွေ၊ မိုးခေါင်မှုတွေ၊ ရေကြီးမှုဘေးတွေကလည်း ပိုပြီးဖြစ်နိုင်ခြေများတဲ့အတွက် ရေနဲ့ပတ်သက်တဲ့ ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုတွေလျော့နည်းသက်သာအောင် စီမံဆောင်ရွက်နေကြရပါတယ်။ မေလလယ်မှ အောက်တိုဘာလလယ်အထိ ရာသီမှန်တိုက်ခတ်လေ့ရှိတဲ့ အနောက်တောင်မုတ်သုံလေစီးကြောင်းတွေရဲ့ အကျိုးကျေးဇူးကြောင့် တစ်နှစ်ပတ်လုံး ရွာသွန်းတဲ့ မိုးရေချိန်ရဲ့ (၇၀) ရာခိုင်နှုန်းမှ (၉၀) ရာခိုင်နှုန်းကျော်ကို မုတ်သုံကာလအတွင်းမှာရရှိပြီး မြန်မာ့ရေသယံဇာတ အရင်းအမြစ်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီတို့ရဲ့ ဦးဆောင်မှုနဲ့ အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ပါးရေး၊ ရေသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို မိမိတို့အခန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ရာသီဥတု စိန်ခေါ်မှုများအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

လူ့ပယောဂများကြောင့် ဖြစ်ပေါ်ရတဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ အယ်နီညို၊ လာနီညာကဲ့သို့ ရာသီဥတုမူမမှန်စေမှုများက ရေကဏ္ဍအပေါ် သိသိသာသာသက်ရောက်မှုရှိပြီး အပူချိန်ပိုတာနဲ့ ရေငွေ့ပျံနှုန်းတိုးလာမှာကြောင့် ကမ္ဘာ့ရေသံသရာစက်ဝန်းကိုလည်း ပိုပြီး မြန်ဆန်စွာပြောင်းလဲစေပါတယ်။ အပူချိန်ပိုရင် ရေငွေ့ပျံနှုန်းတိုးပြီး အချို့မညီတဲ့ ရွာသွန်းမှုတွေဖြစ်စေတတ်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်း၊ အဓွန်းရောက်မိုးလေဝသ၊ ဇလဗေဒဖြစ်ရပ်များနဲ့ သဘာဝဘေးအန္တရာယ်များက ဆက်နွယ်မှုရှိပါတယ်။ သဘာဝဘေးတွေရဲ့ စရိုက်လက္ခဏာတွေကို ခွဲခြားသိရှိပြီး အချိန်ယူကြိုတင်ပြင်ဆင်ထားနိုင်တယ်ဆိုရင် ဆုံးရှုံးမှုများစွာ လျော့ပါးစေနိုင်ပါတယ်။ သဘာဝဘေးတွေကို ခွဲခြားကြည့်ရင် မြေငလျင်လှုပ်ရှားခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနဲ့ ဆူနာမီရေလှိုင်းများဖြစ်ပေါ်စေတဲ့ ဘူမိဗေဒဆိုင်ရာ ဘေး၊ လေထုဆိုင်ရာ မိုးလေဝသဘေးများကတော့ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြိုးခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းကျရောက်ခြင်းတို့ဖြစ်ပြီး နောက်ဆက်တွဲဘေးတွေကတော့ မြေပြိုခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဒီရေတက်ခြင်းတို့ဖြစ်ပါတယ်။ အချို့ဘေးများက တစ်ခုတည်းသာဖြစ်ပြီး၊ မြေငလျင်၊ မုန်တိုင်း၊ မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်းတို့လိုဘေးတွေကျတော့ တစ်ခုပြီးတာနဲ့ အခြားဘေးတစ်ခု ဆက်တိုက်ဖြစ်ပေါ်ပြီး ဆုံးရှုံးမှုကြီးမားပါတယ်။ အချို့ဘေးများကတော့ နေရာကျဉ်းကျဉ်းမှာပဲဖြစ်ပေါ်ပြီး မုန်တိုင်း၊ မိုးခေါင်၊ ရေကြီး၊ အပူလှိုင်း၊ အအေးလှိုင်း၊ မြေငလျင်၊ ဆူနာမီဘေးတွေကျတော့ဖြစ်ပွားတဲ့ နေရာကျယ်ပြန့်ပါတယ်။ အချို့ဘေးများ (မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နာမောင်းတိုက်ခတ်ခြင်း) က အချိန်တိုအတွင်း အမြန်ဖြစ်ပြီး အမြန်ပျက်သွားတတ်ပေမယ့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့လို ဘေးအန္တရာယ်တွေကျတော့ စတင်ဖြစ်ပွားချိန် အထနေးပေမယ့် အချိန်ကြာမြင့်စွာဖြစ်ပွားလေ့ရှိပါတယ်။ ရာသီအခါမဲ့မိုးတွေ အနှံ့အပြားရွာတာ၊ ကာလရှည် မြစ်ရေကြီးမှုတွေဖြစ်ပေါ်စေတာ၊ အချိန်တိုအတွင်း မိုးကြိုးသည်းထန်မှုကြောင့် ရုတ်တရက် ရေကြီးတာ၊ မြေပြို၊ တောင်ပြိုဘေးတွေကို အခုနောက်ပိုင်း မကြာခဏကြုံတွေ့လာခြင်းဟာ ရာသီဥတုပြောင်းလဲလာမှုရဲ့ စိန်ခေါ်မှုများကို အလေးထားပြင်ဆင်ဆောင်ရွက်ကြရတော့မယ့်အချိန်ဖြစ်ကြောင်း သတိပေးနေသကဲ့သို့ဖြစ်ပါတယ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း နိုင်ငံတော်အစိုးရနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ရဲ့ ကြီးကြပ်ပံ့ပိုး လမ်းညွှန်မှုများ၊ တိုင်းထွာရေးကိရိယာပစ္စည်း များတိုးချဲ့အသုံးပြုခြင်း၊ နည်းပညာ၊ ကျွမ်းကျင်မှုတိုးတက်ဖို့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ပူးပေါင်းကူညီ၊ ပံ့ပိုးဆောင်ရွက်မှုတွေ၊ မိုးလေဝသနဲ့ ရာသီဥတုဘေး၊ ဘူမိဆိုင်ရာဘေးများနဲ့ ဇလဗေဒဆိုင်ရာ ဘေးများ ဖြစ်ပေါ်နိုင်မှုတွေကို စောင့်ကြည့်ပြီး သတင်း၊ ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ ထို့အတူ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်များ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ရေသယံဇာတများ စီမံခန့်ခွဲမှုဆိုင်ရာ ရေတို/ ရေရှည် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေမှာလည်း တက်တက်ကြွကြွ ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့မုတ်သုံမိုးရေများနဲ့ မြန်မာ့ရေသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စွာအသုံးပြု၍ လူမှုစီးပွားအခြေအနေများ တိုးတက်ပြီး ရာသီသဘာဝဘေးဒဏ်များကို ကြံကြံခံ၊ ရင်ဆိုင်ကျော်လွှားနိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် မတ်လ(၂၃) ရက်မှာ ကျရောက်တဲ့ အကြိမ် (၆၀) မြောက် ကမ္ဘာ့မိုးလေဝသနေ့အား ကြိုဆိုဂုဏ်ပြုတင်ပြလိုက်ပါတယ်။ ။

Climate & Water

ရာသီဥတုနှင့် ရေသယံဇာတများ ကောင်းမွန်ရေး၊ လူတိုင်းပူးပေါင်းပါဝင် ဆောင်ရွက်ပေး



တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ဆရာ၊ ဆရာမ နှစ်သောင်းကျော်ဖြင့် စစ်ဆေးမည်

တက္ကသိုလ်ဝင်စာမေးပွဲ၏ စာစစ် လုပ်ငန်းများကိုတက္ကသိုလ် (၁၀) ခုတွင် ဆရာ၊ ဆရာမ နှစ်သောင်းကျော်က တာဝန်ယူဆောင်ရွက်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲများမှာ မတ်လ ၂၀ ရက် ပြီးဆုံးခဲ့ပြီး စာစစ်ခြင်းလုပ်ငန်းများကို မတ်လ နောက်ဆုံးအပတ်တွင် စတင်ပြုလုပ်မည်ဖြစ်ရာ ဆရာ၊ ဆရာမများ၏ ကျန်းမာရေးစောင့်ရှောက်မှု များအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားသည်။

သို့သော်မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်နှင့် တက္ကသိုလ်ဆရာ၊ ဆရာမအသင်းများကိုယ်စားပြုကော်မတီတို့က အဆိုပါစာစစ်လုပ်ငန်းမှာ သာမန်စာမေးပွဲတာဝန်များနှင့် မတူဘဲ တစ်နိုင်ငံလုံးရှိ ဆရာ၊ ဆရာမများ တစ်နေရာထဲတွင် စုဝေးဆောင်ရွက်ရသောလုပ်ငန်းဖြစ်သဖြင့် စာစစ်တာဝန်များကို သတ်မှတ်ကာလတွင်ဆောင်ခြင်းမပြုဘဲ ပြန်လည်စဉ်းစားသုံးသပ်ပေးရန် ထုတ်ပြန်ထားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန်အတွက် အစိုးရက လူစုလူဝေးဖြင့် ကျင်းပသည့်ပွဲ အခမ်းအနားကို ရပ်ဆိုင်းရန်အမိန့် ထုတ်ထားပြီး အစိုးရပုဂ္ဂလိက ကျောင်းများ၏ သင်တန်းပွဲများ ပြုလုပ်ခြင်းကို ရပ်ဆိုင်းရန် ညွှန်ကြားထားသည့်အတွက် သင်ရိုးသစ်သင်တန်းများကို ရပ်ဆိုင်းထားရသည်။

မတ်လ ၂၀ ရက်က ဖြေဆိုပြီးဆုံးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲသို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းသား၊ ကျောင်းသူ ကိုးသိန်းကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ဇွဲ

နိုင်ငံအနှံ့ရှိ လူထုစက်ဘီးစီးပွဲနှင့် စက်ဘီးပြိုင်ပွဲများကို ဖြေလကုန်အထိ ရပ်ဆိုင်း

COVID-19 ရောဂါကြိုတင်ကာကွယ်မှုအဖြစ် လူထုပွဲများကျင်းပခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်ပြသခြင်းများ ဆိုင်ငံ့ထားစဉ် မြန်မာနိုင်ငံတစ်ဝန်းရှိ လူထုစက်ဘီးစီးပွဲနှင့် စက်ဘီးပြိုင်ပွဲများကိုလည်း ဧပြီလကုန်ထိ ရွှေ့ဆိုင်းထားနိုင်ကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သည် စက်ဘီးစခန်းသွင်းလှေကျင့်မည့် အစီအစဉ်များ၊ လူထုစက်ဘီးစီးပွဲများကို ခေတ္တရပ်ဆိုင်းထားရန်နှင့် စက်ဘီးဝါသနာရှင်များကလည်း COVID-19 အားကြိုတင်ကာကွယ်ရေး အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားသည်။

ထို့ကြောင့်မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ Mountain Bike စက်ဘီးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ် တောင်တစ်ခုလုံး MTB ပြိုင်ပွဲအတွက် စက်ဘီးအားကစား Camp သွင်းခြင်း၊ မေလ (၁) ရက်တွင် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Alpha Entertainment Myanmar တို့ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့ လှော်ကားကန်ပတ်လမ်း ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် လစဉ်နောက်ဆုံးပတ်၏ တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိသည့် လူထုစက်ဘီးစီးပွဲများကို ဧပြီလကုန်အထိ ရပ်ဆိုင်းထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး လူထုစက်ဘီးစီးပွဲများတွင် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ မြဝတီ၊ ကော့သောင်း၊ ဖျာပုံ စသည့်မြို့များမှ စက်ဘီးစီးဝါသနာရှင်များ၊ စက်ဘီးစီးကလပ်များမှ ပါဝင်ဆင်နွှဲသူတစ်ထောင်ကျော်ပြီး ၂၀၁၉ ခုနှစ် (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ၊ (၄၉) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီးစက်ဘီးပြိုင်ပွဲများတွင် စက်ဘီးအားကစားသမား ၂၀၀ ကျော်ပါဝင်ခဲ့သည်။ ယခုအခါ COVID-19 ကူးစက်ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ဧပြီလကုန်ထိ ရပ်နားထားပြီး ကျင်းပမည့်ပွဲစဉ်များကို ခွဲပြုပြင်ကအသိပေး ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။

စိတ်ထက်

မြို့နယ် (၇၇)ခုတွင် ဆင်ခြေထောက် ကာကွယ်ဆေး တိုက်မည်

နိုင်ငံတစ်ဝန်းရှိ ဆင်ခြေထောက် အမြစ်တွယ်မှုရှိနေသေးသော ၁၅ ခရိုင်မှ မြို့နယ် (၇၇) ခုတွင် နေထိုင်သူများကို ဆင်ခြေထောက်ကာကွယ်ဆေး အခမဲ့တိုက်ကျွေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးခြင်းကို မတ်လ (၂၈) ရက်မှ ဧပြီလ (၆) ရက်အတွင်း မြို့နယ် (၇၇) ခုလုံးတွင် ဆေးတိုက်မည့် Volunteer အဖွဲ့များက တစ်ပြိုင်တည်းလိုက်တိုက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ကာကွယ်ဆေးကို ၂၀၁၁ က ဆင်ခြေထောက်အမြစ်တွယ်မှုရှိသော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့တွင်ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် ကာကွယ်ဆေးတိုက်ခြင်းကိုစတင်ခဲ့ပြီး ၂၀၂၃တွင် နိုင်ငံတစ်ဝန်း၌ ဆင်ခြေထောက်ရောဂါကင်းဝေးစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

စိတ်ထက်

360ed နှင့် MPride တို့ မိတ်ဖက်အဖြစ်ပူးပေါင်း



မြန်မာနိုင်ငံရှိ နည်းပညာနှင့် ပညာရေးဆိုင်ရာ Startup ဖြစ်သည့် 360ed သည် MPride နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများနှင့်လူငယ်များအတွက် ပိုမိုကျယ်ပြန့်သော ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ရန် မိတ်ဖက်အဖြစ်ပူးပေါင်းဆောင်ရွက်ခြင်း အခမံးအနားကို မတ်လ ၁၅ ရက်က ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ကျောင်းသား/ကျောင်းသူများ သင်ကြားနေသော ဒုတိယတန်းမှ ပဉ္စမတန်းအထိတွင် သင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းများကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာသင်ယူနိုင်ရန် ပြုလုပ်ထားသည့် သင်ထောက်ကူ application များကို မိတ်ဆက်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ သင်ယူလေ့လာမှုကို အဆင့်မြှင့်တင်နိုင်ရန်ဖြစ်ပြီး 360ed ထံသို့ MPride မှ ကျပ်သိန်း ၂၅၀၀ ကျော်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

360ed ၏ CEO နှင့် Founder ဖြစ်သူ မလှလှဝင်းက "MPride က ကျွန်တော်တို့နှင့်အတူ ဒီအစီအစဉ်ကိုပူးပေါင်း အကောင်အထည်ဖော်ဖို့ လက်ခံခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ MPride ဟာ လူမှုစီးပွားပတ်ဝန်းကျင် အလွှာအသီးသီးက ကျောင်းသူ၊ ကျောင်းသားတွေကို အရည်အသွေးမြင့် ပညာရေး ပေးစွမ်းနိုင်ရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်နဲ့ လုပ်ဆောင်ချက်အပေါ် ယုံကြည်တဲ့ မိတ်ဖက်လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ 360ed အပေါ်မှာရှိတဲ့ MPride ရဲ့ ယုံကြည်မှု၊ ပံ့ပိုးမှုတွေကို အသုံးချပြီး မြန်မာကျောင်းသူ၊ ကျောင်းသားတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အလမ်းတွေကို ပေးစွမ်းနိုင်မဲ့ ကမ္ဘာ့အဆင့်မီ သင်ထောက်ကူ application တစ်ခုဖြစ်လာဖို့ ကျွန်တော်တို့ 360ed က ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်အား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်ဟူသည့် အဓိကရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သော 360ed သည် Virtual Reality နှင့် Augmented Reality (သဘာဝနှင့် အနီးစပ်ဆုံးတူသော ပုံရိပ်ယောင်နည်းပညာများ)၊ စမတ်ဖုန်းနည်းပညာ အစရှိသည့် ခေတ်မီ ဒစ်ဂျစ်တယ်နည်းပညာများကို ပညာရေးကဏ္ဍတိုးတက်အောင် မြှင့်တင်ရာတွင် အသုံးချလျက်ရှိပြီး နိုင်ငံတစ်ဝှမ်းလုံးရှိ ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများမှ ဤ application အကြောင်းကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်ပြီး အသုံးပြုလာစေရန်နှင့် မြို့ပြနှင့် ကျေးလက်ဒေသများအကြား ပညာရေးအခွင့်အလမ်းများ ကွာဟနေမှုကို လျော့ချပေးနိုင်ရန် MPride နှင့်ပူးပေါင်းကာ လုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်ပညာသင်နှစ်မူလတန်း Text Book များတွင် 360ed app အသုံးပြုပုံများထည့်သွင်းထားမည်ဖြစ်ကြောင်း သိရသည်။ MPride ကုမ္ပဏီသည် လူသုံးကုန်နှင့် စားသောက်ကုန်အမှတ်တံဆိပ် (၁၀) ခု ပစ္စည်းများကိုဖြန့်ဖြူးပေးနေသည့် ကုမ္ပဏီဖြစ်သည်။

BPO

ယခုနှစ် ရန်ကုန်သင်္ကြန်၌ ရပ်ကွက်အလိုက် အုန်းလက်မဏ္ဍပ်များဖြင့် ရေကစားပါက စည်ပင်သို့ အကြောင်းကြားရမည်

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မိသားစုအလိုက်အုန်းလက်မဏ္ဍပ်များ ဆောက်လုပ်ကာ ရေကစားမည်ဆိုပါက ရပ်ကွက်အုပ်ချုပ်ရေးရုံးနှင့် မြို့နယ်စည်ပင်သို့အကြောင်းကြားရမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မိသားစုအလိုက်၊ ရပ်ကွက် အလိုက် အုန်းလက်မဏ္ဍပ်များဆောက်၍ ရေကစားမည်ဆိုပါကအကြောင်းကြားရမည်ဖြစ်ပြီး ကလေးများအနေဖြင့် မိမိတို့အိမ်ရှေ့တွင် ရေပုံးများချ၍ ရေပက်မည်ဆိုပါက အသိပေးစရာမလိုကြောင်းသိရသည်။

ယခုနှစ်သင်္ကြန်ပွဲတော်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူစုလူဝေးမလုပ်သင့်ကြောင်း ထုတ်ပြန်ထားသည့်အတွက် မဏ္ဍပ်များ၊ ဖျော်ဖြေရေးစင်မြင့်များ ဆောက်လုပ်ခွင့် မပြုသော်လည်းမိမိတို့မြို့နယ်၊ ရပ်ကွက်များတွင် အုန်းလက်မဏ္ဍပ်များ၊ ရေပုံးများချကာ ရေကစားခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့အပြင် အလှပြယာဉ်များပါထွက်ခွင့်မရှိသော်လည်း ဘာသာရေးဆိုင်ရာ စတုဒီသာပွဲများနှင့်ပတ်သက်ပြီး လှူဒါန်းမှုများပြုလုပ်နိုင်မည်ဖြစ်သည်။

ယခင်နှစ်အတွင်းက ပြည်လမ်းမအပါအဝင် အခြေးလမ်းမကြီးများ၌ သင်္ကြန်မဏ္ဍပ်အကြီးနှင့် အလတ်အပါအဝင် လမ်းလျှောက်သင်္ကြန် ငါးခုစုပေါင်း ၃၅ ခုကို ခွင့်ပြုပေးခဲ့ပြီး လမ်းလျှောက်သင်္ကြန်ကို မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီးဥယျာဉ်၊ ဦးဥတ္တမပန်းခြံ(ကန်တော်မင်္ဂလာပန်းခြံ)မြကျွန်းသာပန်းခြံနှင့် အင်းလျားကန်ဘောင်တို့တွင် ကျင်းပပြုလုပ်ခွင့်ပေးခဲ့သည်။

ဇွဲ

COVID- 19 ကိုစိုးရိမ်၍ တက္ကသိုလ်စာမေးပွဲ ဖြေဆိုခြင်းမရှိပါက ဇွန်လအတွင်း အစားထိုးစာမေးပွဲ ပြုလုပ်ပေးမည်

မတ်လ (၁၈)ရက်က စတင်ဖြေဆိုသည့် တက္ကသိုလ်စာမေးပွဲများအား COVID- 19 ကို စိုးရိမ်၍ဖြေဆိုခြင်းမရှိပါက ဇွန်လအတွင်း အစားထိုးစာမေးပွဲကျင်းပပေးမည်ဖြစ်ကြောင်း တက္ကသိုလ်ငါးခုမှ ပညာရေးအဖွဲ့များက မတ်လ (၁၈)ရက် ကထုတ်ပြန်ခဲ့သည်။

မတ်လ (၁၈)ရက်က စတင်ပြုလုပ်သည့် တက္ကသိုလ်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် ဖြေဆိုရမည့် ဘာသာရပ်များအားလုံး ပြီးဆုံးအောင်ဖြေဆိုရမည်ဖြစ်ပြီး ပျက်ကွက်ခဲ့ပါက ပျက်ကွက်သောဘာသာရပ်များကို ကျရှုံးဟုသတ်မှတ်ကာ ပြည်လည်ဖြေဆိုခွင့်ရမည်မဟုတ်ကြောင်း ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ပခုက္ကူတက္ကသိုလ်များမှ ပညာရေးအဖွဲ့များက ထုတ်ပြန်ထားသည်။

COVID- 19 ကို စိုးရိမ်၍ ဖြေဆိုလိုက်ခြင်းမရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ဇွန်လတွင် အစားထိုးစာမေးပွဲ ပြုလုပ်ပေးမည်ဖြစ်ပြီး ၎င်းစာမေးပွဲကို ဖြေဆိုသူများမှ မတ်လ (၁၈)ရက်တွင် စတင်သောစာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမပြုကြောင်း အသိပေးကြေညာထားသည်။

ယင်းအပြင် သန်လျင်နည်းပညာတက္ကသိုလ်၌ စာမေးပွဲများကို မူလသတ်မှတ်ထားသည့် ရက်များအတိုင်း ဖြေဆိုမည်ဖြစ်ပြီး ခရိုင်အတွင်း၊ တိုင်းအတွင်း၊ နိုင်ငံအတွင်း ကျန်းမာရေးနှင့်ပတ်သက်သည့် ထူးခြားသတင်းများ ပေါ်ပေါက်လာပါက စာမေးပွဲအားလုံးကို ရပ်နားမည်ဖြစ်သည်။

ထို့အပြင် ကျောင်းသားထုသာမက ဆရာ၊ ဆရာမများ၊ ကျောင်းပရဝုဏ်အတွင်းရှိ လူပုဂ္ဂိုလ်အားလုံး တို့၏ ဆောင်ရွက်ဆဲကိစ္စများကိုပါ ရပ်နားမည်ဖြစ်ပြီး ရပ်တန့်ခဲ့ပါက နစ်နာသူများအတွက် စာမေးပွဲများကို စိတ်ချရသောကာလအတွင်း ပြန်လည်ဖြေဆိုရမည်ဖြစ်ကာ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအဆင်ပြေချောမွေ့စေရေးအတွက် ပညာရေးအဖွဲ့၊ အစိုးမဲဖွဲ့များနှင့် SU မှ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သန်လျင်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂက ထုတ်ပြန်ထားသည်။ ဇွဲ

ရန်ကုန်မြို့ရှိ စျေး(၈)ခုကို ပုဂ္ဂလိကစီမံခန့်ခွဲမှုဖြင့် အဆင့်မြှင့်မည်



ရန်ကုန်မြို့တွင်းရှိ စျေးစဈေးကို ပုဂ္ဂလိကစီမံခန့်ခွဲခွင့် (Market Operator) စနစ်ဖြင့် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါစျေးသည်များသည် ပန်းဘဲတန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းစျေးနှင့် ဗိုလ်ချုပ်စျေးသစ်၊ သဃ်နန်းကျွန်းမြို့နယ်ရှိ ငမိုးရိပ်စံပြစျေး၊ တောင်ဥက္ကလာပမြို့နယ်ရှိ သိရိမြင်သာစျေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ကေတုမတီစျေး၊ လှိုင်မြို့နယ်ရှိ လှိုင်စျေးကြီးနှင့် လှိုင်ရတနာစျေး၊ ရွှေပြည်သာမြို့နယ်ရှိ သိရိမာလာစျေးတို့ကို အဆင့်မြှင့်တင်မည်ဖြစ်သည်။

လက်ရှိတွင် ယင်းစျေးများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့်စျေးများလုပ်ငန်း တာဝန်ခံအဖွဲ့ (စျေးများနှင့်ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေး) လက်အောက်တွင် တည်ရှိပြီး စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပနှင့် ဖက်စပ်ကုမ္ပဏီများက ပြေလ(၂၁) ရက် နောက်ဆုံးထားပြီး အဆိုပြုလွှာ တင်သွင်းနိုင် ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ စျေး(၂၁) စျေးကို ပိုမိုစနစ်ကျစေရန်နှင့် ပုဂ္ဂလိကနှင့် အစိုးရတို့အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership–PPP) ပုံစံဖြင့် အဆင့်မြှင့်တင်မှုများကိုဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။ စိတ်ထက်

COVID–19 ရောဂါ ဖြစ်ပွားချိန်အတွင်း အများနှင့် အွန်လိုင်းမှ အလွယ်တကူဆက်သွယ်နိုင်ရန် Rakuten စီစဉ်ပေး



COVID –19 ဖြစ်ပွားချိန်အတွင်း Rakuten Viber မှ ၎င်းတို့၏ Group Call လုပ်ဆောင်ချက်တွင် ပါဝင်နိုင်သူဦးရေအား မတ်လ (၁၆) ရက်မှစ၍ တိုးမြှင့်ပေးခဲ့ခြင်းကြောင့် လူဦးရေ (၂၀)ဦးအထိ Group Call ပြုလုပ်နိုင်လာမည်ဟုဆိုသည်။

Rakuten Viber အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ COVID–19 ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ်ကြေညာပြီးချိန်တွင် စီးပွားရေးမိတ်ဖက်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများနှင့် လူပုဂ္ဂိုလ်များအချင်းချင်း အလွယ်တကူချိတ်ဆက်မိစေရန်အတွက် ရည်ရွယ်သည်ဟုဆိုသည်။

Covid – 19 အား ကြိုတင်ကာကွယ်သည့်အနေဖြင့် ကမ္ဘာတစ်ဝှမ်းရှိပြည်သူများသည် လုပ်ငန်းခွင်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်များကို လိုက်နာကျင့်သုံးကြရန် အကြံပေးထားသည်။ မြန်မာနိုင်ငံတွင်အစိုးရနှင့်ပုဂ္ဂလိက ကုမ္ပဏီများအားလုံးသည် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် အိမ်မှ (သို့မဟုတ်) အဝေးမှ အလုပ်လုပ်ဆောင်ခြင်းကို ခွင့်ပြုခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ ပညာပေးခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှုအားလျှော့ချခြင်း အစရှိသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်လျက်ရှိသည်။ အကြံပေးချက်များကို လိုက်နာသည့်အနေဖြင့် ပြည်သူများမှ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သည့် အစည်းအဝေးများနှင့်၊ အချက်အလက်များမျှဝေခြင်းတို့အတွက် လုပ်ငန်းသဘောအရဖြစ်စေ၊ ကိုယ်ရေးကိုယ်တာအရဖြစ်စေ အသုံးပြုရန်အတွက် Viber ကဲ့သို့ messaging app များကို ပိုမိုအသုံးပြုလာကြသည်။ များစွာသော messaging app များထဲတွင် Viber သည် ဆက်သွယ်ပြောဆိုခြင်းများ လုံခြုံမှုရှိစေရန်နှင့် လျှို့ဝှက်ချက်များ မပေါက်ကြားစေရန်အတွက် Group Chat ပြုလုပ်ရာတွင် ဖုန်းမှပေးပို့သည့်အချိန်မှစ၍ လက်ခံသူထံ ရောက်ရှိသည့်အချိန်အထိ ဝှက်စာစနစ် (encryption) ပြုလုပ်ပေးနိုင်မည့် end–to–end encryption လုပ်ဆောင်ချက်ကို ထည့်သွင်းပေးထားသည်။

Covid–19 အတွက် လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး Rakuten Viber ၏ Chief Operating Officer ဖြစ်သူ Ofir Eyal မှ “ ဒီလိုခက်ခဲနေတဲ့အချိန်မှာ လူတွေစုဖွဲ့ပြီးတစ်နေရာတည်းမှာ တွေ့ဆုံစရာမလိုဘဲ ဆက်သွယ်ပြောဆိုနိုင်ဖို့ နည်းလမ်းတွေရှာဖွေသွားမှာပါ။ Coronavirus ပျံ့နှံ့တာကို ထိန်းချုပ်တဲ့အနေနဲ့ အဝေးကနေပဲ အလုပ်လုပ်ကြတဲ့ လူတွေများလာတဲ့အချိန်မှာ သူတို့ချစ်ခင်သူတွေနဲ့ လုံခြုံစိတ်ချရတဲ့ နေရာတစ်ခုမှာ ဆက်သွယ်ပြောဆိုနိုင်ဖို့၊ အခြားတစ်နေရာကနေ လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်သွားနိုင်ဖို့ ကျွန်တော်တို့တွေလုပ်ဆောင်သွားမှာပါ။” ဟု ပြောကြားသွားခဲ့သည်။

Viber ၏ အဓိကလုပ်ဆောင်ချက်များဖြင့် အသုံးပြုသူများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအား ပုံမှန်အတိုင်းစီမံဆောင်ရွက်နိုင်မည်ဖြစ်ပြီး Covid–19 နှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရသော သတင်းနှင့်ထုတ်ပြန်ချက်များကို သိရှိနိုင်ရန်အတွက် ထိပ်တန်းမီဒီယာအဖွဲ့အစည်းများ၏ Viber Community တွင်လည်း အချိန်နှင့်တပြေးညီ စောင့်ကြည့်နိုင်မည်ဟုဆိုသည်။

ES

တပ်မတော်က ဧရာဝတီ သတင်းဌာနနှင့် ရိုက်တာ သတင်းဌာနတို့ကို တရားစွဲဆိုထားမှု ပယ်ဖျက်

ဧရာဝတီသတင်းဌာနနှင့် ရိုက်တာသတင်းဌာနတို့ကို တပ်မတော်မှ တရားစွဲဆိုထားမှုအား ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ မတ်လ (၁၈)ရက်က သတင်းထုတ်ပြန်လိုက်သည်။

မြန်မာ့တပ်မတော်အနေနှင့် သတင်းမီဒီယာကောင်စီ၏ မေတ္တာရပ်ခံမှုအရ တပ်မတော်နှင့် သတင်းမီဒီယာအကြား ဆက်ဆံရေး၊ သတင်းမီဒီယာများ၏ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ရေးအပေါ် ရည်ရွယ်၍ သတင်းဌာနနှစ်ခုအား တရားစွဲဆိုမှုကို ပယ်ဖျက်ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖွင့်ပါရှိသည်။

မြန်မာ့တပ်မတော်မှ ဧရာဝတီသတင်းဌာနကို ၂၀၁၉ နှစ်ဦးပိုင်းက အွန်လိုင်းတွင်ဖော်ပြခဲ့သော သတင်းဆောင်းပါးနှင့်ပတ်သက်၍ တာဝန်ခံအယ်ဒီတာ ဦးရဲနိုကို ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထွန်းက ပုဒ်မ ၆၆ (ဃ)ဖြင့် တရားဆွဲခဲ့ပြီး ရိုက်တာသတင်းဌာနကိုမူ ယခုနှစ် ဧန်နဝါရီ ၂၅ ရက်က ဖော်ပြခဲ့သော Two Rohingya Killed as Myanmar Army Shells Village: MP သတင်းနှင့်ပတ်သက်၍ ရိုက်တာသတင်းဌာနနှင့် သတင်းအရင်းအမြစ်ဖြစ်သူ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်တို့ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့သတင်းမီဒီယာကောင်စီအနေနဲ့ တပ်မတော်နဲ့ယုံကြည်မှုတည်ဆောက်ခဲ့တာကြာပါပြီ။ ပထမသက်တမ်းမှာတည်းက တည်ဆောက်ချင်ခဲ့တာ အခုဒုတိယသက်တမ်းအထိပါပဲ။ ဆိုလိုချင်တဲ့သဘောက တပ်မတော်နဲ့ ကျွန်တော်တို့မီဒီယာသမားတွေ တရားစွဲခံရတာနဲ့ပတ်သက်ပြီး အကြိမ်ကြိမ်ဆွေးနွေးတယ်။ အခုနောက်ဆုံးအနေနဲ့ ဧရာဝတီသတင်းဌာနနဲ့ ရိုက်တာသတင်းဌာနတို့ကို စွဲထားတဲ့အမှုကို ရုတ်သိမ်းပေးမယ်လို့ အကြောင်းကြားပါတယ်” ဟု မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)မှ ပြောသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေနှင့် တပ်မတော်က သတင်းမီဒီယာများအပေါ် တရားစွဲမှုများ ရုတ်သိမ်းပေးခြင်းအပေါ် ကြိုဆိုလိုက်ပြီး နောက်နောင်တွင်လည်း သတင်းဖော်ပြမှုများနှင့်ပတ်သက်၍ တစ်စုံတစ်ရာနစ်နာမှု၊ မကျေနပ်မှုရှိလာပါက အမှုဖွင့်လှစ်ခြင်း၊ တရားစွဲဆိုခြင်းထက် သတင်းမီဒီယာကောင်စီသို့ တိုင်ကြားရန်မေတ္တာရပ်ခံလိုက်သည်။

ဘုန်းပိုင်ဦး၊ ဇွဲ

မြန်မာနိုင်ငံတွင် COVID -19 ရောဂါကာကွယ်ရေးအတွက် USAID မှ ဒေါ်လာ (၁.၈)သန်း ထောက်ပံ့မည်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် အစီအစဉ်များနှင့် ကူးစက်ပြန့်ပွားမှုလျော့ပါးသက်သာရေးအတွက် အမေရိကန် ဒေါ်လာ (၁)ဒသမ (၈)သန်း ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါထောက်ပံ့ရေးအစီအစဉ် ဒေါ်လာ (၁.၈)သန်း အကူအညီအတွင်းမှ ဒေါ်လာ (၇၀၀,၀၀၀) ကို မြန်မာနိုင်ငံ၏ COVID-19 အတွက် အသင့် ပြင်ဆင်နိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် WHO ကို ပေးအပ်မည်ဖြစ်ပြီး ဒေါ်လာ (၆၀၀,၀၀၀) ကို မြန်မာနိုင်ငံ၏ စွန့်စားဆောင်ရွက်ရသော ပို့ဆောင်ဆက်သွယ်ရေးအတွက် UNICEF ကိုလည်းကောင်း၊ ဒေါ်လာ (၅၀၀,၀၀၀) ကို အသိပညာပေးဆိုင်ရာ သတင်းစကားများနှင့် လိုအပ်သောပစ္စည်းများ ဖြန့်ဝေရာတွင် လည်းကောင်း Johns Hopkins Center for Communication Programs နှင့် မြန်မာနိုင်ငံအခြေစိုက် Save the Children အစီအစဉ်က အကောင်အထည်ဖော်လျက်ရှိသည့် USAID Breakthrough Aciton တို့ကို ပေးအပ်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်မတွေ့ရှိသေးဘဲ ယင်းဗိုင်းရပ်စ်ကို ကြိုတင်ကာကွယ်သော အစီအစဉ်များလုပ်ဆောင်လျက်ရှိပြီး အမေရိကန်နိုင်ငံအနေနှင့် မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုလျော့ပါးသက်သာနိုင်ရေးအတွက် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှ ကူးစက်ရောဂါများအတွက် အရေးပေါ်ရန်ပုံငွေအစီအစဉ်မှ ဒေါ်လာ (၁.၈) သန်း ထောက်ပံ့ခြင်းဖြစ်သည်။

USAID အနေနှင့် မတ်လ အစောပိုင်းကလည်း ဆေးရုံသုံးနှာခေါင်းစည်း (၃၀,၀၀၀)။ မျက်နှာအကာ (၁,၅၀၀)။ နှာခေါင်းစည်း (၁,၅၀၀)။ ဝတ်ရုံအစုံ (၁,၅၀၀)။ ဖိနပ်ဖုံး (၁,၅၀၀)နှင့် လုံခြုံရေးမျက်နှာကာ မျက်မှန် (၁,၀၀၀) တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဇွဲ



Yangon Digital Job Expo 2020 together with Career Conference 2020 ကျင်းပ

My Jobs.com.mm မှ ဦးစီးကျင်းပသည့် ပထမဦးဆုံးနှင့်အကြီးမားဆုံး Yangon Digital Job Expo 2020 ပြပွဲကို မတ်လ (၁၄)ရက်ကရန်ကုန်မြို့ Lotte Hotel ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အလုပ်အကိုင်ပြပွဲအတွင်း အခမဲ့ Wifi ကို Free အသုံးပြုပြီး Digital CV ဖြင့် အလုပ်လျှောက်ထားမှုပေါင်း တစ်သောင်းကျော်ခန့်ရှိကာ My Jobs CV Help Center များက အလုပ်လာလျှောက်ထားသူများ လွယ်ကူအဆင်ပြေစေရန် QR Code System ဖြင့် တိုက်ရိုက်လည်း လျှောက်ထားနိုင်အောင် စီစဉ်ပေးခဲ့ပြီး ဖုန်းထဲမှာ CV ရှိရုံဖြင့် အလုပ်များကို လွယ်လင့်တကူ တစ်နေရာတည်းတွင် လျှောက်ထားနိုင်အောင် ကူညီပေးခဲ့သည်။

ယင်းပြပွဲတွင် Europe Asia Commercial Co., Ltd (EAC)၊ CB Bank ၊ Colgate. Palmolive ၊ Global Net ၊ METRO WHOLESALES၊ Concordia International Co.,Ltd တို့အပါအဝင် ကုမ္ပဏီပေါင်း (၅၀) ကျော်မှ လစ်လပ်အလုပ်နေရာပေါင်း (၄,၀၀၀)ကျော်ကို ခေါ်ယူခဲ့သည်။

အဆိုပါပြပွဲအခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ Information Matrix မှာ CEO ဦးသောင်းစုငြိမ်းနှင့် My Jobs.com.mm မှ CEO Mr. Harry Antarakis တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ BPO

ကျောက်တစ်လုံး IDP စခန်း ပိတ်သိမ်းရေး ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို အွန်လိုင်းဖြင့် ဆက်သွယ်ဆွေးနွေး

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် မြေပြင်တွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ကို အွန်လိုင်းဖြင့်ဆက်သွယ်ခဲ့ပြီး ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သောအစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ဦးဆောင်သည့် မြေပြင်ကွင်းဆင်းအဖွဲ့သည် မတ်လ၁၇ ရက်က ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ ဝင်းမြတ်အေးအားတင်ပြခဲ့သည်။

ထိုသို့တင်ပြရာတွင် ပြန်လည်နေရာချထားရန် ရွေးချယ်ထားသည့် လက်ရှိစခန်းနှင့် (၂)ဖာလုံအကွာရှိ နေရာတွင် နေအိမ်၊ ရေနှုတ်မြောင်းများ၊ လမ်းနှင့် ရေတားတမံများ တည်ဆောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းနှင့် ဆက်လက်၍ ကျောက်တစ်လုံး IDPစခန်းသို့သွားရောက်ကာ စခန်းနေသူများနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျောက်ဖြူမြို့ခံရပ်မိရပ်ဖ (၇)ဦးတို့နှင့်လည်း ထပ်မံတွေ့ဆုံညှိနှိုင်းခဲ့ကြောင်းတို့ကို တင်ပြခဲ့သည်ဟုသိရသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို ပြန်လည်ဆွေးနွေးခဲ့ပြီးကွင်းဆင်းဆောင်ရွက်နေသော ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကျောက်တစ်လုံး IDP စခန်းပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ES

»စာ-၇

ပိုင်းတွင် ရေနှင့်ဆက်နွယ်သည့်ဥပဒေ နည်းဥပဒေများ မူကြမ်းပြုစုရာ၌ အမျိုးသားရေဥပဒေနှင့်ချိတ်ဆက်ဆောင်ရွက်ကြစေလိုပါကြောင်း။

ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးနှင့် Hydro Informatic Center အဆောက်အဦတည်ဆောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပန်းတင်မင်္ဂလာအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ်ဘဏ္ဍာငွေများစွာကို ကျခံဆောင်ရွက်လျက်ရှိရာ ပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် မြစ်ဝှမ်းဒေသအလိုက် လွှမ်းခြုံသည့်အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသားရေဥပဒေထွက်ပေါ်လာရေးနှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ နွေရာသီရေရှားပါးမှုနှင့် မိုးရာသီရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြစ်ချောင်းထိန်းသိမ်းမှုနှင့် ရေထုညစ်ညမ်းမှုကာကွယ်တားဆီးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အမျိုးသားရေဥပဒေပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက Hydro Informatic Center တည်ဆောက်ပြီးစီးမှု၊ လူငယ်ရေပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးအစီအစဉ်၊ နိုင်ငံတကာနှင့်ပူးပေါင်း၍ ရေဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်မှု၊ ခေတ်နှင့်အညီ စံမီသောရေစီမံခန့်ခွဲမှုစနစ်ဆောင်ရွက်နေမှု၊ Myanmar Official Water Portal Website ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မြစ်ကမ်းထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းကောင်းမွန်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နည်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးမောင်မောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကာ မိမိတို့ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းများ အောင်မြင်စွာဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ MOTC

“ထိတိုင်းထော” အကဗီဒီယိုပြိုင်ပွဲတွင် ပါဝင်ပြီး MPT Money ငွေကျပ် (၅) သိန်းဆုမဲများ ရယူနိုင်ပြီ



MPT မှ မြန်မာနိုင်ငံရှိ အကဝါသနာရှင်များအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အကပြိုင်ပွဲသစ်တစ်ခုဖြစ်သော “ထိတိုင်းထော အကဗီဒီယိုပြိုင်ပွဲ”ကို မိတ်ဆက်ခဲ့သည်။ ယခုပြိုင်ပွဲတွင် မည်သူမဆို နောက်ဆုံးထွက်ရှိထားသော ထိတိုင်းထော TV ကြော်ငြာနောက်ခံ သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ထိတိုင်းထော Dancing Contest Facebook Page (https://www.facebook.com/htitinehtaw/) သို့ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် ထိတိုင်းထော TV ကြော်ငြာတွင်ပါဝင်သော ကကွက်များအတိုင်း (သို့မဟုတ်) MPT Facebook Page တွင် တင်ထားသော အကနမူနာများအတိုင်း ကပြပါဝင်သရုပ်ဆောင်ကာ ဗွီဒီယိုဖိုင်ရိုက်ကူး၍ မိမိတို့၏ Facebook စာမျက်နှာပေါ်တွင် တင်ပေးရမည်ဖြစ်သည်။ ထိတိုင်းထော ပြိုင်ပွဲကို မတ်လ (၁၆)ရက်မှ မတ်လ (၃၁)ရက်အထိ ကျင်းပပေးမည်ဖြစ်သည်။

ကြည့်ရှုသူများနှင့် ပြိုင်ပွဲဝင်များ၏ Facebook တွင်ပါရှိသော တုံ့ပြန်မှုများ (reactions)အပေါ်မူတည်၍ အနိုင်ရရှိသူများကို ရွေးချယ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဗွီဒီယိုများထဲမှ “like” ၊ “wow” နှင့် “love” တုံ့ပြန်မှုများ (reactions) အများဆုံးရရှိသူများ၊ “Shares” တုံ့ပြန်မှုအမြင့်ဆုံးနှင့် ကလေးအကများအတွက် တုံ့ပြန်မှုအမြင့်ဆုံးရရှိသူများကို MPT Money ငွေကျပ် (၅) သိန်း စီဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရမည့် နောက်ခံသီချင်းအား http://bit.ly/HtiTine-Htawtvc တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

ထို့ပြင် ပြိုင်ပွဲဝင်သည် အသက် ၁၃ နှစ်အောက်ဖြစ်ပါက (#MPTKidDance)ဖြင့် Public post တင်ပေးရပါမည်။ ထို့နောက် အဆိုပါ post link နှင့်အတူ ပြိုင်ပွဲဝင်၏နာမည်၊ ဖုန်းနံပါတ်(MPT ဖုန်းနံပါတ်သာ)အပြည့်အစုံအား သတ်မှတ်ထားသော Hti Tine Htaw Dance Contest Facebook page (m.me/htitinehtaw) Messenger သို့ တိုက်ရိုက်ပေးပို့ပြီး ပြိုင်ပွဲဝင်အဖြစ် အောင်မြင်စွာပါဝင်နိုင်ကြောင်းလည်း သိရှိရသည်။

HM-ဆ.သ.ရ

အူရီဒူးက 4G LTE TURBO ကွန်ရက်ဖြန့်ကြက်ခြင်းနှင့် စိုင်းစိုင်းခမ်းလှိုင်အား BRAND AMBASSADOR ခန့်အပ်ခြင်း မိတ်ဆက်ပွဲ ကျင်းပ



အူရီဒူးမြန်မာသည် ၎င်း၏ 4G ကွန်ရက်ကို Ookla® မှ အသိအမှတ်ပြုသည့် အကျယ်ပြန့်ဆုံးကွန်ရက်အဖြစ် ခိုင်မာစွာပြောကြားပြီး 4G LTE RURBO ကွန်ရက်ကို ဖြန့်ကျက်လိုက်ကြောင်း မတ်လ ၇ ရက် ကထုတ်ပြန်ခဲ့သည်။ 900MHz လှိုင်းခွင်နည်းပညာအသုံးပြုထားသည့် 4G LTE TURBO ကွန်ရက်သည် အဆောက်အအုံအတွင်းပိုင်းအထိ ကွန်ရက်လွှမ်းခြုံမှုနှင့် အတူ အချက်အလက်ပေးပို့ ပြန်ကြားလက်ခံရရှိချိန် မြန်ဆန်ခြင်းနှင့် ဂိမ်းကစားခြင်း၊ HD အရည်အသွေးမြင့် ဗီဒီယိုများကြည့်ရှုခြင်း၊ သီချင်းနားထောင်ခြင်းအစရှိသော အပန်းဖြေဖျော်ဖြေမှုများအတွက် သုံးစွဲသူအတွေ့အကြုံကောင်းများ ရရှိစေခြင်းတို့ကို ဆောင်ကျဉ်းပေးလာမည်ဖြစ်ပါသည်။ အူရီဒူး 4G LTE TURBO ကွန်ရက်သည် မြန်မာနိုင်ငံလူဦးရေ၏ ၉၄% ကျော်ကို လွှမ်းခြုံပေးထားပြီးဖြစ်ကြောင်း သိရသည်။

အူရီဒူးသည် 4G ဝန်ဆောင်မှုများကို အဓိကကျသောမြို့များတွင် 900MHz, 1800MHz နှင့် 2100MHz လှိုင်းခွင်ကိုအသုံးပြုပြီး ဝန်ဆောင်မှုပေးထားသဖြင့် (download) နှင့် (Upload)နှုန်းမြန်ဆန်စွာဖြင့် ဖိုင်များရယူပေးပို့သည့် အတွေ့အကြုံကောင်းများကို ရရှိမည်ဖြစ်သည်။ အဆိုပါ နည်းပညာသည် နည်းပညာပေါင်းစပ်မှုကို အသုံးပြုထားသဖြင့် အူရီဒူး၏ 4G LTE TURBO ကွန်ရက်ကို အသုံးပြုသူများအတွက် အခြားသော ကွန်ရက်များထက် သာလွန်သော ကွန်ရက်လွှမ်းခြုံမှုနှင့် မြန်နှုန်းမြင့်မားမှုအတွေ့အကြုံများကို ပေးအပ်သွားနိုင်မည်ဖြစ်သည်။

4G LTE TURBO ကွန်ရက် အောင်မြင်စွာဖြန့်ကျက်မှု မိတ်ဆက်ခြင်းအနေဖြင့် အူရီဒူးမြန်မာသည် ၎င်း၏ Brand Ambassador အဖြစ် စိုင်းစိုင်းခမ်းလှိုင်အား ခန့်အပ်ခဲ့ကာ အဆိုပါ Brand Ambassador အဖြစ် ခန့်အပ်လိုက်ကြောင်းကို မြန်မာပလာဇာတွင် ကျင်းပသည့် ပရိသတ်များနှင့် တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနားတွင် ကြေငြာကြောင်းလည်းသိရသည်။

အူရီဒူးမြန်မာ၏ Chief Commercial Officer ဖြစ်သူ Mr.Alok Verma က “မြန်မာနိုင်ငံအနှံ့အပြားမှာ 4G LTE TURBO ကွန်ရက်ကို ဖြန့်ကျက်နိုင်တာဟာ အူရီဒူးအတွက် ထူးခြားလှတဲ့ အောင်မြင်မှုတစ်ခုဖြစ်ကြောင်းအပြင် အူရီဒူးအနေနဲ့ ပြည်သူတွေရဲ့လူမှုဘဝကို ဒစ်ဂျစ်တယ်လူနေမှုဖြင့် တောက်ပကောင်းမွန်အောင် လုပ်ဆောင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အတူ မြန်မာ့အမြန်ဆုံးနဲ့ အကျယ်ပြန့်ဆုံးကွန်ရက်နဲ့ အူရီဒူးအသုံးပြုသူတွေကို အကောင်းဆုံးဒစ်ဂျစ်တယ်အတွေ့အကြုံတွေကို ဆက်လက်ပေးအပ်သွားမှာဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

Mytel က ဆင်းကတ်မှတ်ပုံတင်ခြင်းဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

မြန်မာနိုင်ငံ၏ ခေတ်မီအဆန်းသစ်ဆုံးနှင့် အကောင်းဆုံးအော်ပရေတာ Mytel သည် ဆင်းကတ်မှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များအား အသိပေးကြေညာသောအနေဖြင့် စာနယ်ဇင်းရှင်းလင်းပွဲကို Novel Hotel ၌ မတ်လ (၁၀)ရက်က ကျင်းပခဲ့သည်။

Mytel အနေဖြင့် သုံးစွဲသူများအတွက် မှတ်ပုံတင်နိုင်မယ့် နည်းလမ်းများ၊ မှတ်ပုံတင်ရန်လိုအပ်ချက်များ၊ မှတ်ပုံတင်ပြီးသားဆင်းကတ်အချက်အလက်စစ်ဆေးနည်းများ၊ မှတ်ပုံတင်နိုင်မယ့် ဆင်းကတ်အရေအတွက် သတ်မှတ်ချက်များ အစရှိသည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းသိရှိစေရန်နှင့် Mytel ၏ ဝန်ဆောင်မှုများအား ပိုမိုအဆင်ပြေချောမွေ့စွာအသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်၍ အသိပေးစာနယ်ဇင်းရှင်းလင်းပွဲအား ကျင်းပခြင်းဖြစ်သည်။

Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ်ဖြစ်သူ ဦးဇော်မင်းဦးက “ Mytel သုံးစွဲသူတွေအနေနဲ့ မိမိတို့ရဲ့ မှတ်ပုံတင်ထားတဲ့ ကိုယ်ရေးအချက်အလက်များ မှန်ကန်စေနိုင်ဖို့နဲ့ ဝန်ဆောင်မှုတွေကို လုံခြုံစွာရယူနိုင်အောင် ဆင်းကတ်များမှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေနဲ့ အသေးစိတ်အချက်အလက်တွေကို ရှင်းလင်းတင်ပြသွားဖို့ စာနယ်ဇင်းရှင်းလင်းပွဲကို ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ မိမိတို့အသုံးပြုမယ့်ဆင်းကတ်တွေကို စနစ်တကျမှတ်ပုံတင်ထားပါက ကျွန်တော်တို့ Mytel ဘက်မှလည်း သုံးစွဲသူတစ်ဦးတစ်ယောက်ချင်းစီအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ၊ ကိုယ်ရေးအချက်အလက်ပိုင်းဆိုင်ရာလုံခြုံမှုတွေကို ပိုမိုစိစစ်ပေးနိုင်မှာဖြစ်ပါတယ်” ဟု ပြောသည်။

Mytel သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်အား မှတ်ပုံတင်ရန်လိုသည်ဖြစ်စေ အချက်အလက်များအား ပြင်ဆင်ပြောင်းလဲလိုသည်ဖြစ်စေ၊ သို့မဟုတ် အချက်အလက်များအား စစ်ဆေးလိုသည်ဖြစ်စေ အောက်ပါနည်းလမ်း (၄)မျိုးအတိုင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ (၁) Mytel ၏ အရောင်းပြခန်းများနှင့် POS Channel စတိုးဆိုင်များ၊ Mytel အနေဖြင့် အရောင်းပြခန်းများနှင့် ကိုယ်စားလှယ်ဆိုင်ပေါင်း (၁၃၇)ဆိုင်နှင့် POS ဆိုင်ပေါင်း (၅၀,၀၀၀)ကျော်တွင် Billing and Customer Care System (BCCS) စနစ်အား အသုံးပြု၍ မှတ်ပုံတင်ပေးနေသည်။



မိမိမှတ်ပုံတင်အား ပြသ၍ အချက်အလက်များ ပြုပြင်ပြောင်းလဲမှုနှင့် ပြန်လည်စစ်ဆေးမှုပြုလုပ်နိုင်သည်။ (၂) Mytel ၏ MyID အက်ပလီကေးရှင်း၊ အက်ပလီကေးရှင်းအတွင်း “InFo Update” အားနှိပ်၍ မိမိ၏အချက်အလက်များအား ရိုက်ထည့်ရုံဖြင့် မှတ်ပုံတင်နိုင်ပြီး အချက်အလက်များလည်း ပြုပြင်ပြောင်းလဲပြီး စစ်ဆေးနိုင်သည်။

ထိုအပြင် (၃) Mytel ၏ Website/WAP ဖြစ်သော account-Mytel .com.mm Mytel ၏ ဝက်ဘ်ဆိုက်အား ဝင်ရောက်၍ မိမိဆင်းကတ်နံပါတ်အား ရိုက်ထည့်ကာ ရရှိလာမည့် OTP အား ရိုက်ထည့်၍ မှတ်ပုံတင်နိုင်သည့် အပြင် မှတ်ပုံတင်ပြီးအချက်အလက်များကိုလည်း ပြုပြင်ပြောင်းလဲနိုင်သည်။ (၄) Mytel ၏ Call Center ကို ခေါ်ဆိုခြင်း။ Mytel ၏ Call Center 966 ကို ခေါ်ဆိုပြီး မိမိ၏မှတ်ပုံတင် (အရှေ့နှင့်နောက်ကျောပုံ)နှင့် အချက်အလက်အမှန်ကို OTT အက်ပလီကေးရှင်းအား အသုံးပြု၍ ပေးပို့ခြင်းဖြင့် မှတ်ပုံတင်နိုင်ပြီး မှတ်ပုံတင်ပြီးအချက်အလက်များလည်း ပြုပြင်ပြောင်းလဲပြီး စစ်ဆေးနိုင်ပြီး Mytel ၏ USSD Code *966*6# ကို ခေါ်ဆို၊ နံပါတ် (၂)အား ရိုက်ထည့်ပြီးလည်း မိမိတို့၏မှတ်ပုံတင်ထားသည့် အချက်အလက်များအား စစ်ဆေးနိုင်မည်ဖြစ်သည်။

Mytel သည် သုံးစွဲသူများအတွက် အကောင်းဆုံးအော်ပရေတာဖြစ်လာရန် ရည်ရွယ်ပြီး သုံးစွဲသူများအပြန်အလှန် အကျိုးရှိစေရန်နှင့် ပိုမိုကောင်းမွန်သောအတွေ့အကြုံများပေးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပြီး ဆန်းသစ်သော တီထွင်မှုများနှင့် ဝန်ဆောင်မှုများ၏ ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအာရုံစိုက်လျက်ရှိကာ မြန်မာပြည်သူတို့အတွက် ကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ES/BPO

တယ်လီနောမြန်မာက ဂူဂဲလ်ပလေးစတိုးတွင် မိုဘိုင်းဖုန်းဘေလ်ဖြင့် တိုက်ရိုက်ငွေပေးချေနိုင်သည့် ဝန်ဆောင်မှုမိတ်ဆက်

တယ်လီနောမြန်မာက ဖုန်းဘေလ်အသုံးပြု၍ တိုက်ရိုက်ငွေပေးချေနိုင်မည့် ဝန်ဆောင်မှု (Direct Carrier Billing)သည် များစွာသော မိုဘိုင်းလ်ဖုန်းအသုံးပြုသူများအတွက် မိတ်ဆက်ပြီးဖြစ်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သော်လည်း အချို့သောလုပ်ဆောင်ချက်များသည် သက်ဆိုင်ရာမိုဘိုင်းလ်ဖုန်း၏ စနစ်တွင်း(Operating System) တွင် တစ်ပါတည်းပါရှိပြီးသားဖြစ်သည်။ Google နှင့် Android ၏ ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်တစ်ဦးဖြစ်သည်နှင့်အညီ တယ်လီနောမြန်မာသည် မြန်မာပြည်ရှိ သုံးစွဲသူများအနေဖြင့် အန်းဒရွိုက်ထုတ်ကုန်များ၏ အလုံးစုံအတွေ့အကြုံကောင်းများကို ရရှိစေရန်အတွက် ယင်းဝန်ဆောင်မှုကို ဈေးကွက်အတွင်းယူဆောင်မိတ်ဆက်ခဲ့သည်။ အဆိုပါ မိုဘိုင်းလ်ဖုန်းဘေလ်ဖြင့် ငွေပေးချေနိုင်သည့် ဝန်ဆောင်မှုကို အန်းဒရွိုက်(Android)ဖုန်းများတွင် (Google Paly App) ၏ ငွေပေးချေမှုဆိုင်ရာ နည်းလမ်းများမှတစ်ဆင့် ဝင်ရောက်ရွေးချယ်အသုံးပြုနိုင်သည်။

"ဂိမ်းတွေ၊ ရုပ်ရှင်တွေ၊ သီချင်းတွေ၊ eBook တွေနဲ့ App တွေလိုမျိုး များပြားလှတဲ့ဒစ်ဂျစ်တယ်ထုတ်ကုန်(Content)တွေကို သုံးစွဲသူတွေအနေနဲ့ အလွယ်တကူရယူသုံးစွဲနိုင်ပြီး Google Play Store မှာ ကိုယ်ကြိုက်ဖြည့်ထားတဲ့ မိုဘိုင်းလ်ဖုန်းဘေလ်ကနေ တိုက်ရိုက်အလွယ်တကူ ငွေပေးချေနိုင်တဲ့ ဝန်ဆောင်မှုကို မိတ်ဆက်ပေးခြင်းဖြင့် (Android)စနစ်သုံးဖုန်းအသုံးပြုတဲ့ တယ်လီနောသုံးစွဲသူတွေအနေနဲ့ သူတို့အတွက်အရေးပါတဲ့ အရာတွေကို ရယူခံစားနိုင်လာတာကြောင့်၊ သုံးစွဲသူတွေရဲ့ ဆန္ဒအလျောက်ပိုမိုလုပ်ဆောင်နိုင်စေမယ့် အတွေ့အကြုံကောင်းတွေကို ရရှိလာမှာဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Amaresh Kumar မှ ပြောကြားခဲ့သည်။

ထို့ပြင် Google Play Store မှ ဝယ်ယူမှုများ၏ ငွေပေးချေမှုတိုင်းတွင် ကုန်သွယ်လုပ်ငန်းခွင် ၅% ပေါင်းထည့်သွားမည်ဖြစ်သည်။ တယ်လီနောသုံးစွဲသူများသည် ယခင်ဝယ်ယူခဲ့ဖူးသည့် အက်ပလီကေးရှင်းများကို တူညီသည့် Gmail အကောင့်ကို အသုံးပြုပြီး Google Play Store တွင် အခမဲ့ဒေါင်းလုတ်ပြန်လည်ရယူနိုင်ကြောင်းလည်း သိရှိရသည်။ HM-ဆ.သ.ရ

" ရွှေမိုက်ခဲ" သီချင်းဆိုပြိုင်ပွဲ၏ Semi-Final အဆင့်သို့ တက်လှမ်းနိုင်ခဲ့သူ ပြိုင်ပွဲဝင် (၁၂) ဦးအား မီဒီယာများနှင့် မိတ်ဆက်ပေး



MPT နှင့်တေးသံသာ Music App တို့ ပူးပေါင်းတင်ဆက်ပြီး ပထမအဆင့် အွန်လိုင်းသီဆိုယှဉ်ပြိုင်မှုကို ဖေဖော်ဝါရီလ (၂၂) ရက်မှ မတ်လ (၇) အထိ လက်ခံရွေးချယ်ခဲ့ရာ ပဏာမအဆင့်တွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပြိုင်ပွဲဝင် ၂,၃၀၀ ကျော်တို့က ၎င်းတို့ရိုက်ကူးသီဆိုထားသော သီချင်းဗီဒီယိုများကို ပေးပို့၍ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲအတွက် ဆန်ခါတင်ပြိုင်ပွဲဝင် အရေအတွက်ကို ၁၀ ဦးအစား ၁၂ ဦးအထိ တိုးချဲ့ ရွေးချယ်ပေးခဲ့ရပါသည်။

အဆိုပါပြိုင်ပွဲဝင် (၁၂) ဦးကို အကဲဖြတ်ဒိုင်အဖွဲ့၏ ပေးမှတ် (၇၀ %) နှင့် Facebook reaction (၃၀%) ဖြင့် တွဲဖက်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရွေးချယ်ခဲ့သည့် Semi-Final ပြိုင်ပွဲဝင် (၁၂) ဦးပေါ်ထွက်ခဲ့သည်။ ယခုပြိုင်ပွဲတွင် အကဲဖြတ် ဒိုင်လူကြီးများအဖြစ် တေးရေးမြင့်မိုးအောင်၊ ဂီတပညာရှင် လီယိုနာဒ်မောင်မောင်လွင်၊ တေးသံရှင် ရေဗက္ကာဝင်း၊ တေးရေး/ တေးဆိုဝေကြီး၊ တေးသံရှင် ဂျူဝယ်လ် တို့က အကဲဖြတ် ရွေးချယ်ပေးသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင် (၁၂) ဦးသည် မတ်လ (၂၁) ရက် နံနက် (၁၁) နာရီ အချိန်တွင် Northern Old Skool တွင် Semi Final ပြိုင်ပွဲသီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရွှေမိုက်ခဲ - Shwe Mic Khae Official Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ ပြိုင်ပွဲဝင် (၁၂) ဦးအား မတ်လ (၁၉) ရက်မှ မတ်လ (၂၈) ရက် နံနက် ၁၀ နာရီထိ မဲပေးနိုင်ပြီး Grand-Final သို့ တက်လှမ်းနိုင်မည့် ပြိုင်ပွဲဝင် (၆) ဦးအား Grand-Final ပွဲ စဖွင့်ဖွင့်ချင်းတွင် ကြေညာပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များကို မဲပေးရမည့်ပုံစံမှာ Facebook reaction များအတွက် ရွှေမိုက်ခဲ Page မှ တင်ထားသည့် ပြိုင်ပွဲဝင်တစ်ဦးချင်း၏ သီဆိုယှဉ်ပြိုင်ပုံ Original Video အောက်တွင် Like/ Reaction ပေးရမည်ဖြစ်သည်။ အဆိုပါ Reaction နှင့် SMS Vote များကို စုစုပေါင်းရမှတ်၏ (၃၀%) ကို ရယူမည်ဖြစ်ပြီး ကျန်(၇၀%) ကို အကဲဖြတ်ဒိုင် ၅ ဦးက စီစစ်ပေးသွားမည်ဖြစ်သည်။

SMS Reward Voting ပေးသူများအနေဖြင့် မိမိအား ပေးသည့် ပြိုင်ပွဲဝင်များ၏ နံပါတ်များကို ၇၁၇၁ သို့ SMS (စာတို) ပေးပို့ရမည်ဖြစ်ပြီး SMS (စာတို) တစ်စောင်လျှင် ၁၀၀ ကျပ်တိတိ (အခွန်ခ ၅ ရာခိုင်နှုန်း ပါဝင်ပြီး) ကျသင့်မည်ဖြစ်ပြီး ပရိတ်သတ်များမှ မိမိတို့ကြိုက်နှစ်သက်ရာ ပြိုင်ပွဲဝင်များအား SMS မှတစ်ဆင့် အကန့်အသတ်မရှိ ပေးပို့၍ မဲပေးနိုင်ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် နောက်ဆုံးအဆင့်တွင် အနိုင်ရရှိသူသည် ဆုကြေးငွေ မြန်မာကျပ် သိန်း (၇၀)၊ First Runner Up သည် ဆုကြေးငွေ မြန်မာကျပ် သိန်း (၃၀) နှင့် Second Runner Up သည် ဆုကြေးငွေ မြန်မာကျပ် (၁၀) သိန်းတို့နှင့် အတူ အနိုင်ရသူ ၃ ဦးလုံးသို့ ကိုယ်ပိုင်သီချင်းတစ်ပုဒ်စီအား တေးသံသာမှ စာချုပ်ချုပ်ဆို စီစဉ်ပေးသွားမည်ဖြစ်သည်။

"ရွှေမိုက်ခဲ" သီချင်းဆိုပြိုင်ပွဲအကြောင်း ပိုမိုသိရှိလိုပါက တေးသံသာ Music App ၏တရားဝင် Facebook စာမျက်နှာဖြစ်သော http://web.facebook.com/taytantharmusic/ နှင့် ရွှေမိုက်ခဲ၏ တရားဝင် facebook စာမျက်နှာဖြစ်သော http://www.facebook.com/shwemickhae/ သို့ဝင်ရောက်ကြည့်ရှု နိုင်ပြီး ၀၉-၄၄၁၁၀၇၇၁ သို့ခေါ်ဆို၍ မေးမြန်းနိုင်ကြောင်းသိရှိရသည်။ HM (ဆ.သ.ရ)

အူရီဒူးရဲ့ "ဒုန်းဒုန်းဒုန်း" နဲ့ " 200 GB အထိ ဒေတာတွေ ချက်ချင်းကံထူးဖို့ ဂိုးတွေဆက်သွင်းပြီး အင်တာနက်ကို သုံးကြစို့"



အူရီဒူးအနေနဲ့ "ဒုန်းဒုန်းဒုန်း" အထူးအစီအစဉ်ကို ပြုလုပ်ပေးထားတာကြောင့် ဒေတာ pack ဒါမှမဟုတ် Voice pack ထဲက ကြိုက်နှစ်သက်တဲ့ Pack တစ်မျိုးကို ဝယ်လိုက်ပြီး ဂိုးသွင်းတဲ့ဂိမ်းကို ကစားလိုက်တာနဲ့ 200 GB အထိ ချက်ချင်းကံထူးနိုင်တဲ့ ဒေတာဆုလက်ဆောင်တွေကို ရရှိမှာမို့ Facebook, Live Streaming, Viber, YouTube video အသုံးပြုနိုင် ကြည့်နိုင်သလို My Ooredoo App မှာ ဝန်ဆောင်မှုပေးထားတဲ့ တိုက်ရိုက်ကြည့်ရှုနိုင်တဲ့ ပြည်တွင်းရုပ်သံလိုင်းတွေဖြစ်တဲ့ Channel 7, MRTV 4, မဇ္ဈိမ TV, မဟာရုပ်သံလိုင်း, မဟာဗောဓိ စတဲ့ရုပ်သံလိုင်းတွေ ကြည့်ရှုနိုင်မှာဖြစ်ပြီး တေးသီချင်းတွေကို နှစ်သက်သူတွေအတွက်လဲ JOOX ကို ထည့်သွင်းပေးထားသလို မိုဘိုင်းဂိမ်းကစားရတာ နှစ်သက်သူတွေအတွင်းလဲ ဂိမ်းအမျိုးအစားအစုံအလင်ကို My Ooredoo App ထဲမှာ ထည့်သွင်းပေးထားကြောင်းသိရသည်။

အပန်းပြေဖျော်ဖြေမှုအစီအစဉ်တွေအပြင် မိသားစုတွေနဲ့ ဆက်သွယ်ပြောဆိုချင်တဲ့လူတွေအနေနဲ့ *565# ကိုဖုန်းခေါ်ဆိုပြီး My Ooredoo App ကိုရယူလိုက်ပါ။ My Ooredoo App ရယူပြီးရင်တော့ "ဒုန်းဒုန်းဒုန်း" အထူးအစီအစဉ်ထဲက 900MB ပါတဲ့ ၉၇၅ ကျပ်တန် ဒေတာ Pack(သို့) 800MB ပါတဲ့ ၈၉၉ ကျပ်တန် ဒေတာ Pack ကိုပဲ ဝယ်ဝယ်၊ ဖုန်းလဲသက်သက်သာသာနဲ့ခေါ်၊ ဒေတာလဲသုံးမယ်ဆိုရင် အူရီးဒူးအချင်းချင်း ၁၈၀ မိနစ် ဖုန်းခေါ်နိုင်တဲ့ (သို့) မိနစ် ၉၀ ပြည်တွင်းဖုန်းအားလုံးကိုခေါ်ဆိုနိုင်တဲ့ ၉၇၅ ကျပ်တန် Voice Pack တစ်ခုခုကို ဝယ်ယူပြီး ချက်ချင်းဂိုးသွင်းလိုက်ရင်တော့ ၂၀၀GB ဒေတာလက်ဆောင်တွေကို ကံထူးခွင့်ရနိုင်ကြောင်းသိရသည်။ကံထူးထားတဲ့ ဒေတာလက်ဆောင်တွေကို သက်တမ်းမကုန်ခင်မှာ Pack အသစ်တစ်ခုခုကို ထပ်ဝယ်ပြီး သက်တမ်းတိုးနိုင်တာကြောင့် အူရီဒူးအချင်းချင်း ဆက်သွယ်ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း မတ်လ (၂၀)ရက်က မိတ်ဆက်ထားကြောင်းသိရှိရသည်။ HM(ဆ.သ.ရ)

“Establishment of Vehicle Information Management System for Vehicle Inspection, Registration and Driving License In Myanmar” Project အတွက် Record of Discussion (RoD) လက်မှတ်ရေးထိုး



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့သည် “Establishment of Vehicle Information Management System for Vehicle Inspection, Registration and Driving License In Myanmar” Project အတွက် Record of Discussion (RoD) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မတ် ၂၀ ရက်၊ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang- Hwa နှင့် KOICA Myanmar Office မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang- Hwa တို့က အမှာစကားပြောကြားကြပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် KOICA Myanmar Office မှ Chief Representative Ms. Lee Youn Soo တို့က Record of Discussion (RoD) ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါစီမံကိန်းကို KOICA ၏ ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အပါအဝင် လက်အောက်ခံရုံး ခွဲ (၅၅)ရုံးတို့အကြား Fiber Network ချိတ်ဆက်၍ Virtual Private Network (VPN)တည်ဆောက်ခြင်း၊ ဌာန၏အဓိကလုပ်ငန်းများဖြစ်သည့် ယာဉ်စစ်ဆေးခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခင်္ဂေများကောက်ခံခြင်း၊ အခြားဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို Online Applications များဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Substainable Development Plan) နှင့် ကိုက်ညီသည့် မဟာဗျူဟာမြောက်စီမံကိန်းများ၌ အကျုံးဝင်သည့်အတွက် ယခုစီမံကိန်းကို စီမံကိန်းဘဏ် www.projentbank.gov.mm Website ၌လည်း လွှင့်တင်ထည့်သွင်းထားပြီးဖြစ်သည်။

အဆိုပါစီမံကိန်း၌ Master Plan ရေးဆွဲခြင်း၊ ယာဉ်သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ထူထောင်ခြင်း၊ ဝန်ထမ်းများကို သင်တန်းပေးခြင်း၊ ပစ္စည်းကိရိယာများထောက်ပံ့ခြင်း၊ မြန်မာနိုင်ငံသို့ ကိုရီးယားကျွမ်းကျင်သူများစေလွှတ်ခြင်း၊ စီမံကိန်းအရည်အသွေးစီမံခန့်ခွဲခြင်းစသည့် အဓိကလုပ်ငန်းစဉ်များပါဝင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ- ကိုရီးယားနှစ်ဘက် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်သက်သာအဆင်ပြေစေရေးအတွက် Online Services များဖြစ်စေရန် အသွင်ကူးပြောင်းနိုင်ရေးကြိုးပမ်းလျက်ရှိရာ၌ ဤ “Establishment of Vehicle Information Management System for Vehicle Inspection, Registration and Driving License In Myanmar” Project က များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဤ Grant Aid Porject ကြောင့် မြန်မာပြည်သူများအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထူးခြားသိသာထင်ရှားသည့် အကျိုးရလဒ်ကောင်းများရရှိစေမည်ဖြစ်သကဲ့သို့ မြန်မာ- ကိုရီးယား၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ခိုင်မာကျယ်ပြန့်စေမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

Transcom

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်- နေပြည်တော် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများနှင့်အတူ မတ်လ (၉)ရက်တွင် ရန်ကုန်- မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့် (၁)ဖြစ်သည့် ရန်ကုန်- တောင်ငူလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးရန် RBE ရထားဖြင့် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာခဲ့သည်။

ရှေးဦးစွာ ထုံးကြီးဘူတာသို့ရောက်ရှိလာပြီး လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရန် သံလမ်းများ၊ ကွန်ဂရစ်ဇလီဖားများ၊ သံလမ်းဆက်ပစ္စည်းများ စုပုံထားရှိမှုအားကြည့်ရှုစစ်ဆေးခဲ့ပြီး ထုံးကြီးဘူတာအား ပြုပြင်ဆောင်ရွက်သွားမည့်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပါသည်။ ထို့နောက် CP 101 လုပ်ငန်းဆောင်ရွက်ရာသို့ ရောက်ရှိလာပြီး ဝရိန်စက်ဖြင့် သံလမ်းဆက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအားလည်းကောင်း၊ ကြည့်ရှုစစ်ဆေးခဲ့ပြီး CP 101 လုပ်ငန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများမှ လုပ်ငန်းများ၊ တံတားများဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးမှ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘုရားသုံးဆူဘူတာနှင့် ပဲခူးဘူတာကြား တံတားအမှတ် (၅၈) Bored Piles တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကမ်းကပ်ခုံများ ဆောင်ရွက်သွားမည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖောင်တော်သီဘူတာတွင် လမ်းခင်းကျောက်များ စုပုံထားရှိမှုအားလည်းကောင်း၊ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြား တံတားအမှတ် (၁၁၅)၊ ဘိုင်းဒါးချောင်း တံတားအသစ်တည်ဆောက်နေမှုနှင့် Bored Piles များ ပြီးစီးနေမှုအခြေအနေအားလည်းကောင်း၊ တံတားအမှတ် (၁၁၆) B ရဲနွယ်ချောင်းတံတားတည်ဆောက်နေမှုအားလည်းကောင်း၊ ညောင်လေးပင်ဘူတာ ရှေးမှုမဗျက် ပြန်လည်တည်ဆောက်သွားရာတွင် ခရီးသည်များ နားနေရန်နေရာ၊ လက်မှတ်ရောင်းမည့်နေရာ၊ ကားပါကင်ထားရှိမည့်နေရာများအားလည်းကောင်း၊ ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CP-103 လုပ်ငန်းအပိုင်းရှိ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ညောင်လေးပင်- တောင်ငူလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးခဲ့ရာ တောကျွဲအင်းဘူတာနှင့် ကညွတ်ကွင်းဘူတာကြား တံတားအမှတ် (၁၈၃)၊ ကွမ်းချောင်းတံတားတည်ဆောက်နေမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

Transcom

ရန်ကုန်–မန္တလေး မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာ့မီးရထား



"ရန်ကုန်– မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ရန်ကုန် – တောင်ငူလမ်းပိုင်းနှင့် တောင်ငူ– မန္တလေးလမ်းပိုင်းဟူ၍ အဆင့်နှစ်ဆင့်ခွဲပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

စီမံကိန်းကြီးတစ်ခုလုံးအတွက်ကတော့ ၂ ဒသမ ၄၉၈ ဘီလီယံ အမေရိကန်ဒေါ်လာနဲ့ညီမျှတဲ့ ကျပ်ငန်း ၂၇၂ ဒသမ ၉၆၀ ဘီလီယံ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်ကစပြီးတော့ ရန်ကုန်နဲ့ တောင်ငူလမ်းပိုင်းကို စတင်ခဲ့ပါတယ်။ ရန်ကုန်နဲ့တောင်ငူကြားမှာ လမ်းနှစ်လမ်းမှာ တစ်လမ်းကိုပိတ်ပြီးတော့ တစ်လမ်းထဲမှာပဲ အစုန်အဆန်ရထားတွေ သွားလာစေတဲ့စနစ်နဲ့ လမ်းတွေကိုအဆင့်မြှင့်ပြုပြင်နေတာဖြစ်ပါတယ်။ အရှိန်အဟုန်ရရှိလာပြီဖြစ်ပါတယ်။

ပြေးဆွဲချိန် ၁၄ နာရီလောက်ကနေ ရန်ကုန်–မန္တလေးတစ်ခုလုံးကို ၈ နာရီအောက်ကိုလျော့ချဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၄၀ မိုင်နှုန်း ၆၄ ကီလိုကနေပြီးတော့ ကီလိုမီတာ ၁၀၀နှုန်းကို တိုးမြှင့်နိုင်မှာ ဖြစ်ပါတယ်။

ဝင်ရိုးဝန်ချိန်ဟာ အရင်က ၁၂ ဒသမ ၅ တန်ရှိတာကနေ တန် ၂၀ ထိတိုးမြှင့်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် အရင်တုန်းကရှစ်ဘီးတွဲ ကုန်တွဲတစ်တွဲဟာ ၃၆ တန် တင်ရာကနေ တန် ၅၀ အထိတင်နိုင်မှာ ဖြစ်ပြီးတော့ စီးပွားရေးတွက်ချေကိုက်တဲ့ ကုန်ရထားသွားလာမှု ဖြစ်လာမှာ ဖြစ်ပါတယ်။

DEMU တွဲဆိုင်းအသစ်တွေလည်း သုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ရထားတွေပိုပြီးတော့ လုံခြုံစိတ်ချစွာ သွားလာနိုင်မယ်။ အချိန်မှန်ကန်မှု တိုးတက်လာမယ်။ ငြိမ့်ညောင်းစွာခုတ်မောင်းသွားလာနိုင်မယ်။

ဒါ့အပြင် ရထားသွားလာပြေးဆွဲမှုကို ဗဟိုကနေ ထိန်းချုပ်တဲ့ OCC စနစ်တပ်ဆင်မယ်။ ပြီးတော့ခေတ်မီလက်မှတ်ရောင်းစနစ်ကိုလည်း ဒီချေးငွေထဲမှာပဲ ပြုပြင်ပြောင်းလဲတပ်ဆင်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။"

ဦးသန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(မတ်လ ၁၈ရက်ကကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တင်ပြချက်များမှကောက်နုတ်ဖော်ပြပါသည်။)

ဦးဘမြင့်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား

ကျွန်တော်တို့ရဲ့လက်တွေ့ဖြစ်နေတဲ့ အခြေအနေအပေါ်ကို ပြောခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ပထမဦးဆုံးရှင်းပြချင်တာကတော့ မီးရထားကြီးဟာ (၁၈၇၇) ခုနှစ်၊ မေလ (၁) ရက်ကစပြီးတော့ စတင်ပြေးဆွဲခဲ့တာပါ။ အခုနှစ်မေလဆိုရင် (၁၄၃) နှစ်ပြည့်တော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ကရှည်ကြာတဲ့ သမိုင်းရှိတဲ့အဖွဲ့အစည်းတစ်ခုပါ။ ကျွန်တော်တို့က ဒါလေးကို စီမံကိန်းတိုးတက်မှုလေးတွေကို မသွားခင်မှာ ပြောပြချင်တာက မီးရထားကြီးဟာ ၁၈၇၇ ခုနှစ်မှ ဖောက်ခဲ့တယ်။ ဗြိတိသျှလက်ထက်မှာဖောက်ခဲ့တယ်။ အိန္ဒိယရဲ့ railways လက်အောက်ရောက်ခဲ့တယ်။ နှစ်တွေကြာပြီးမှ ကျွန်တော်တို့လက်အောက်ရောက်လာခဲ့တာပါ။ ကျွန်တော့်ဆီမှာရှိတဲ့ အခြေခံရှိုလမ်းအလုပ်သမားအားလုံးဟာ အိန္ဒိယကခေါ်လာတဲ့လမ်းအလုပ်သမားတွေပါပဲ။ ဒီလမ်းအလုပ်ကို ကျွန်တော်တို့တိုင်းသူပြည်သားအများစုက လုပ်လည်းမလုပ်တတ်ဘူး။ အလုပ်ကအရမ်းလည်းပင်ပန်းပါတယ်။ နှစ်ပေါင်းများစွာလုပ်ခဲ့ပြီးမှ ကျွန်တော်တို့က မြန်မာ့မီးရထားအဖြစ်ရပ်တည်တာပါ။

ဒီလိုရပ်တည်တဲ့အခါမှာ ၁၉၇၀ ခုနှစ်ဝန်းကျင်လောက်မှစပြီးမှ ကျွန်တော်တို့စနစ်တွေပြောင်းလဲသွားတယ်။ ထောက်ပံ့ကူညီတဲ့အဆင့်တွေလည်း အများကြီးပြောင်းလဲသွားတယ်။ ဘယ်လိုပြောင်းလဲသွားလည်းဆိုတော့ ရထားကြီးက တိုင်းပြည်ရဲ့ထောက်ပံ့ငွေအများကြီးရရှိတယ်။ ဥပမာအားဖြင့် အပိုပစ္စည်းဝယ်ရင် ခြောက်ကျပ် အရင်တုန်းက ဒေါ်လာ တစ်ရာ၊ နှစ်ရာ၊ သုံးရာဖြစ်နေလည်း ခြောက်ကျပ်ပဲပေးရတယ်။ နောက်တစ်ခုက ဆီဝယ်တဲ့အခါမှာလည်း သက်သာတဲ့နှုန်းထားနဲ့ တိုင်းပြည်ကထောက်ပံ့တယ်။ လျှပ်စစ်ဆိုလည်းသက်သာတယ်။ ကျွန်တော်တို့ရထားလုပ်ငန်းဆိုတာက အများအားဖြင့် အခြေခံလူတန်းစားအများစုအတွက် တာဝန်ယူဆောင်ရွက်ပေးရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော်တို့လူတွေကို ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုတာက အခြေခံလူတန်းစားတွေက ဆုံးဖြတ်တာပါ။ နှစ်ပေါင်းများစွာနောက်ပိုင်းမှာ ဆီတွေဘာတွေကိုလည်း မထောက်ပံ့တော့ဘူး။ နိုင်ငံခြားငွေတွေကိုလည်း တိုက်ရိုက်လုပ်ရတယ်။ ကျွန်တော်တို့ခက်ခက်ခဲခဲလုပ်ပြီး နှစ်ပေါင်းများစွာ ဒီလိုနေလာခဲ့ကြတော့ အများကြီးပဲအခက်အခဲဖြစ်ပါတယ်။

ရထားလမ်းဆိုလည်း ၁၉၈၈ ခုနှစ် မတိုင်ခင်မှာကီလိုမီတာ ၃၀၀၀ ကျော် ၄၀၀၀ နီးပါးပဲရှိတယ်။ အဲ့ဒီကမှ ၇၀၀၀ ကျော် ၈၀၀၀ နီးပါးဖြစ်အောင်နှစ်ဆလောက် တိုင်းပြည်ရဲ့လိုအပ်ချက်အရ ဖောက်လုပ်ခဲ့တာပါ။ ဖောက်ခဲ့တဲ့လမ်းတွေအနေနဲ့ တစ်ကယ်လက်တွေ့လုပ်ခဲ့တာကျတော့ တစ်ကယ်ကုန်ကျတဲ့စရိတ်ကို ကုန်ကျမခံရဘဲနဲ့ ဖောက်ခဲ့ရတယ်။ အဲ့ဒီအချိန် Man Power တွေသုံးပြီးတော့ ဖောက်ခဲ့ရတယ်။ ၁၉၈၈ နောက်ပိုင်း ဖောက်ခဲ့တဲ့လမ်းတွေက ကုန်ကျခဲ့တဲ့ကုန်ကျစရိတ်ကို ချွေတာပြီးဖောက်ခဲ့တဲ့အတွက်ကြောင့် လမ်းကအဆင့်အတန်းမမီတဲ့ လမ်းတွေအများကြီးပဲ တိုးပွားလာတာပါ။ ကျွန်တော်တို့ဆီမှာရှိတဲ့ မီးရထားတာဝန်ရှိသူ အဆက်ဆက်က ကြိုးစားပမ်းစားသယ်လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဘက်ခေတ်ကို ရောက်လာတဲ့အခါကျတော့ မီးရထားနဲ့ပတ်သက်လို့ ပြောင်းလဲမှုရတော့မယ့် အနေအထားလေးကိုမြင်လာတော့ ကျွန်တော်တို့လမ်းကြီးကို ဦးစားပေးလမ်းတွေခွဲပြီးတော့ ချေးငွေရယူပြီး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ခုနလိုအခက်အခဲတွေကရှိသော်ငြားလည်း အရင်ကဖောက်ခဲ့တဲ့လမ်းတွေက အများဆုံးတစ်နာရီမိုင်လေးဆယ်ပဲ မောင်းခဲ့တာရှိပါတယ်။

ကျွန်တော်တို့ မီးရထားလမ်းတွေကို ဖောက်ထားခဲ့တဲ့အနေအထားအရ ဖြည်းဖြည်းလေးသွားရတဲ့အနေ



အထားတွေရှိတယ်။ ကျွန်တော်တို့က သုံးသင့်သုံးရတဲ့ပိုက်ဆံအနေအထားမရှိတဲ့အတွက် ကျဆင်းလာတာပါ။ တကယ်လမ်းပိုင်းပေါင်း မြောက်များစွာရှိတဲ့အထဲမှ လေးလမ်းလောက်ပဲစပြီး ဦးစားပေးပြင်တာပါ။ အဲဒီလေးလမ်းကို ဘာကြောင့်ပြင်တာလည်းဆိုတာက

စာ - ၂၁ »
























ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင် Project Management Unit ရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ


ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ

ရန်ကုန်-မန္တလေးမြို့ဝင်ပိုင်းရှိ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ


» ၀၆-၀၈

ရန်ကုန်-မန္တလေးမြို့ဝင်ပိုင်းရှိ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ

» ၀၆-၀၈



ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ



ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ



ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ



ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ



» ၀၉-၁၁

ရန်ကုန်-မန္တလေးမြို့ဝင်ပိုင်းရှိ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ ဆောက်လုပ်ရေးအလုပ်များ

» ၀၉-၁၁

ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ

ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ

ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ

ဒုတိယ Phase ၁ ပင်မရုံးအဆောက်အဦ၊ ဒုတိယ Phase ၁ PMU လုပ်ငန်းခွင်အဆောက်အဦ၊ ဒုတိယ Phase ၁ Project Director ရုံးခန်းအဆောက်အဦ၊ ဒုတိယ Phase ၁ Consultant လုပ်ငန်းခွင်နေရာများ



ဦးမင်းအောင်
အထွေထွေမန်နေဂျာ
(စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန)

ရန်ကုန် – မန္တလေးအဆင့်မြှင့်တင်ရေးစီမံကိန်း Phase–1 မှာ ပါဝင်မယ့် အခန်းကဏ္ဍကတော့ ဒီလမ်းပိုင်းပြီးရင်ပြေးမယ့် Rolling Stock စက်ခေါင်း၊ ရထား



ဦးညီဦး
အထွေထွေမန်နေဂျာ (စီးပွားရေး)
မြန်မာ့မီးရထား

စီးပွားရေးဌာနဆိုတော့ မြန်မာ့မီးရထားရဲ့ ဝင်ငွေရှာဖွေရေးတာဝန်ကို ယူထားရတာဖြစ်ပါတယ်။ ကျွန်တော်တို့က ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁ရက်မှာ

Phase–1 မှာ (၂၄)စီး ရည်မှန်းထားပြီးတော့ Phase –2 မှာ (၁၈၀) စုစုပေါင်း (၂၀၄)စီး လျာထားပါတယ်။ ဂျပန်တွေနဲ့ Detail Design က မပြီးသေးဘူး။ Final Design တင်ဖို့ ၂၀၂၀ ခုနှစ်၊ မတ်လထဲမှာ လုပ်ပါမယ်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလမှာ အဆင်သင့်ဖြစ်မယ့် အနေ အထားမှာရှိပါတယ်။ Phase–1 မှာ ပြေးမယ့် ရထားတစ် စီးတန်ဖိုးက အမေရိကန်ဒေါ်လာ (၂.၆) မီလီယံလောက် ရှိပါတယ်။ Phase–2 မှာရှိတဲ့ အစီး (၁၈၀)က (၂.၂၇) လောက်ရှိတယ်ပေါ့။ DEMU (၂၀၄)စီးအတွက် ပျမ်းမျှ တန်ဖိုးက တစ်စီးကို အမေရိကန်ဒေါ်လာ (၂.၃)သန်း လောက် တန်ဖိုးရှိပါတယ်။ နောက် DEMU ရောက်တဲ့အ ခါမှာ သူတို့အတွက်ကို Maintenance လုပ်ဖို့ Depot & Workshop ကိုလည်း CP–105 ဖြင့် ဆောင်ရွက်ဖို့ရှိပါ တယ်။ DEMU ကို Maintenance လုပ်ဖို့ Depot & Work– shop ပါမယ်။ နောက်တစ်ခါ ဘူတာချိန်၊ အချက်ပြတွေ အတွက်ကို လျှပ်စစ်မီးရထားရေးအတွက် Project လည်း ပါပါတယ်။ အခုဆို ဒီ Project တွေက (၂၅%) ပြီးနေပါ ပြီပေါ့။

ရထားတွဲအသစ် (၂၀၄)စင်း ရောက်တဲ့အခါ တခြားအဓိကလမ်းပိုင်းတွေဖြစ်တဲ့ မန္တလေး – မြစ်ကြီးနား တို့၊ ရန်ကုန် – မော်လမြိုင်တို့၊ ရန်ကုန် – ပြည်တို့မှာလည်း ပြောင်းလဲသုံးစွဲလို့ရပါတယ်။

ရန်ကုန် – မန္တလေးလမ်းပိုင်းတွေပြင်တယ်။ ပြင်တော့ နှစ်လမ်းကနေ တစ်လမ်းထဲဖြစ်သွားတယ်။ ရထားအစီးရေတွေ လျော့သွားတယ်။ ရထားအစီးရေက ဘယ်လောက်လျော့ သွားလဲဆိုရင် ရန်ကုန်နဲ့ မော်လမြိုင်နှစ်စီးလျော့တယ်။ ရန်ကုန်နဲ့ နေပြည်တော် (၄)စီးလျော့တယ်။ ရန်ကုန် – မန္တလေး၊ ရန်ကုန် – သာစည်နဲ့က (၄)စီးလျော့တယ်။ စုစုပေါင်း (၁၀)လောက်ရထားတာတွေ လျော့သွားတယ်။

ဒီလိုရထားလျော့သွားတော့ လျော့သွားတဲ့ငွေပေါင်းကသန်း (၃၀၀)လောက်ရှိတယ်။ ကျွန်တော်တို့ရဲ့ ရတဲ့ငွေ ပေါင်းက တစ်နှစ်တစ်နှစ်ကို (၆၀)ဘီလီယံဝန်းကျင် ပျမ်းမျှရှိနေတယ်။ (၆၀)ဘီလီယံဝန်းကျင်ဆိုတာ ခရီး သည်ဘက်က (၃၀) ဘီလီယံလောက်ရှိတယ်။

ကုန်စည်က (၁၃)၊ (၁၄)ဘီလီယံလောက်ရှိတယ်။ ကျန်တဲ့ ဆိုင်ခန်းခတို့က (၁၆)၊ (၁၇)ဘီလီယံလောက်ရှိတယ်ဆိုတော့ ပေါင်းလိုက်ရင် (၆၀)ဘီလီယံလောက်ရှိတာပေါ့။ မနှစ်ကဆို (၆၄)ဘီလီယံကျော်လောက်ရတာပေါ့။

ဒီနှစ်ကျတော့ ရထားတွေဖျက်လိုက်တဲ့အတွက် ဝင်ငွေက ပုံမှန်အားဖြင့် လျော့သွားဖို့ရှိတယ်။ သို့သော် လည်း လူစီးဘက်က လျော့တာကို ကုန်ဘက်မှာ ပို့ရအောင်လုပ်တယ်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလကစတာ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၄)အတွင်းမှာဆိုရင် မနှစ်က အမှန်ရငွေနဲ့ ခြားနားရင်တောင် လက်ရှိမှာ ကျွန်တော်တို့က (၆)ဘီလီယံလောက် အပေါင်းဖြစ်နေ သေးတယ်ပေါ့။

ကုန်က (၁.၁)ဘီလီယံလောက် ပို့ရထားတယ်ဆိုတော့ ခရီးသည်က လျော့တာကို ကုန်ဘက်ကကာမိတယ်။ ကျွန်တဲ့ မြေနဲ့ ဆိုင်ခွန်၊ ဆိုင်ခန်းခတွေက လက်ရှိ (၅.၉) ဘီလီယံလောက် ပို့ရထားတယ်။ (၅)လထဲပဲရှိသေးတာကို မနှစ်က ကာလနဲ့ နှိုင်းယှဉ်ရင် (၆)ဘီလီယံ နီးပါးလောက်ပို့နေသေးတယ်။

ကျွန်တော်တို့က အများကြီးလမ်းတွေပြင်နေရတဲ့အတွက် လက်ရှိခရီးသည် ဦးရေလျော့နေပေမယ့် လမ်းတကယ်ပြီးတဲ့ အချိန်မှာ ပို့ပြီးတော့ရမယ်လို့ မျှော်မှန်းထားပါတယ်။ ယခင်က ကုန်ကို ဌာနဆိုင်ရာကုန်တွေကိုပဲ ဦးစားပေးပြီးသယ်ပေးခဲ့ရတယ်။ သစ်လုပ်ငန်းတို့ MOC တို့စသဖြင့်ပေါ့။

အခုကျတော့ ဌာနဆိုင်ရာ ကုန်ကမရှိတော့ဘူး။ ပုဂ္ဂလိက ကုန်တွေ ကျွန်တော်တို့က အဓိကထားပြီးသယ်ရတယ်။ သယ်ရတဲ့အခါမှာ ကားက Door to Door ရတယ်။

ကားလောက်တော့ နှုန်းထားမများပေမယ့် သင်္ဘောထက်တော့ နှုန်းထားများအောင်ဆိုပြီး မူဝါဒချတယ်။ Dry Port တွေဘာတွေနဲ့ ကျွန်တာကို အသွား/အပြန်ကုန်ရအောင်လုပ်နိုင်တယ်ပေါ့။ အဓိက ကွန်တိန်နာသယ်တဲ့လုပ်ငန်းကို ကျွန်တော်

စာ-၂၂ »













ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများကို စနစ်တကျအသိပညာပေးနိုင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိသည့် Suu Foundation ၏ Road Safety Special Advisor ဖြစ်သူ Prof. Dr. Shaw Voon Wong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၃)ရက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

ထိုသို့တွေ့ဆုံရာ၌ ကုလသမဂ္ဂ ဥရောပဒေသဆိုင်ရာ စီးပွားရေးကော်မရှင် (United Nation Economic Commission For Europe- UNECE) က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ဆိုင်ကယ်စီးဦးထုပ်များ အသုံးပြုစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန် Suu Foundation ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် Total E&P Myanmar တို့ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀) ပြုစုရေးဆွဲနိုင်ရေး စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူစွာ မတ်လ (၁၉)ရက်၊ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ စနစ်တကျ အသိပညာပေးနိုင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိသည့် Suu Foundation ၏ CEO and President ဖြစ်သူ Dr. Michael Marett-Crosby ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ ကုလသမဂ္ဂ ဥရောပဒေသဆိုင်ရာ စီးပွားရေးကော်မရှင် (United Nations Economic Commission For Europe – UNECE) က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ဆိုင်ကယ်စီးဦးထုပ်များ နိုင်ငံတစ်ဝှမ်းအသုံးပြုနိုင်ရေး၊ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁- ၂၀၃၀) ပြုစုရေးဆွဲနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Transcom

Universal Service Fund ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

Universal Service Fund ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၁)ရက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး (USF Fund ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ)၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း (ဆက်သွယ်ရေး)၊ USF Fund ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အဖွဲ့ဝင်များဖြစ်ကြသည့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စာသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးအော်ပရေတာများ၏ ကိုယ်စားလှယ်နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် USF ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် Project အတွက် မြို့နယ်များ အတည်ပြုရွေးချယ်နိုင်ရေးကိစ္စရပ်များ၊ Universal Service Fund ကို အသုံးပြု၍ ဆောင်ရွက်မည့် Common Database နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် Universal Service Fund သုံးစွဲရန်အတွက် တစ်နှစ်စာ Budget လျာထားချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းအဖွဲ့ (ဆသရ)







» စာ- ၁၆ ဦးအောင်ဝင်းမှ အဆက်

ကျွန်တစ်လမ်းကို တည်ဆောက်ရေးလုပ်နေတာဖြစ်ပါတယ်။

စီမံကိန်းမှာ တစ်ချို့အသေးစိတ်နေရာလေးတွေ၊ မြို့ပြဆိုင်ရာလုပ်ငန်းတွေ မြို့ပြအင်ဂျင်နီယာလုပ်ငန်းတွေ ရထားပြေးတဲ့ ပြေးဆွဲမှုဆိုင်ရာလုပ်ငန်းတွေ၊ အဆင်ပြေဖို့အတွက်ကို ပြန်လုပ်ရတာရှိပါတယ်။ မြို့ပြဆိုရင်လည်း သံလမ်းနဲ့ဆိုင်တဲ့ဟာတွေ လိုအပ်ချက်တွေ လုပ်ပေးရတာရှိပါတယ်။ တစ်ကယ်လုပ်တဲ့အခါ Double Line သွားနေရတာကနေတစ်ဆင့် Single Line ဖြစ်ဖို့အတွက် လက်ရှိရထားလုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်ဖို့အတွက် လိုအပ်တဲ့ရထားအထွေထွေနည်းဥပဒေနဲ့အညီ လုပ်ရတယ်။ အချက်ပြစနစ်ကိုလည်း ဆက်သွယ်ရေးဌာနကပါဝင်ပြီး လုပ်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့က ရန်ကုန်-မန္တလေးမှာပြေးဖို့အတွက် ရထားတွဲသစ် ၂၄ တွဲပါတယ်။ ဒါကလည်း ကန်ထရိုက်စာချုပ်ချုပ်ပြီး ပြီ။ ဒီနှစ်ထဲ ဩဂုတ်လအတွင်း ခြောက်တွဲပါတဲ့ တွဲဆိုင်းတစ်ဆိုင်း စရောက်မှာဖြစ်ပါတယ်။ ဒီရထားတွဲများ ပြင်ဆင်ထိန်းသိမ်းဖို့အတွက် Workshop ရှာသာကြီးမှာဆောက်မယ်။ လုပ်ငန်းအတွက် တင်ဒါလုပ်ငန်းစဉ်ရှိပါမယ်။ အခြားတင်ဒါကတော့ Train Monitoring System ဖြစ်ပါတယ်။ သံလမ်းမှာသုံးတဲ့ သံလမ်းဆက်ပစ္စည်းတွေ ဝယ်ယူတဲ့လုပ်ငန်းတင်ဒါမှာလည်း ပစ္စည်းအကုန်လုံးရရှိပြီးပါပြီ။

Power Supply တင်ဒါမှာတော့ ရန်ကုန်နဲ့တောင်ငူကြားက အချက်ပြစနစ်နဲ့ဘူတာတွေ လျှပ်စစ်မီးရရှိရေးနဲ့ ကျွန်တဲ့တစ်ချို့နေရာတွေမှာကျတော့ ဓာတ်အားခွဲရုံတည်ဆောက်တာတွေ အကုန်ပါ ပါတယ်။ လုပ်ငန်းရဲ့ ၆၀% ဆောက်ပြီးဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာဌာနတွေက ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခုရန်ကုန်နဲ့တောင်ငူကြားမှာ အချက်ပြနှင့်မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို Local ကန်ထရိုက်တာတွေနဲ့ ပေါင်းစပ်လုပ်တဲ့အခါမှာ အများကြီးအခက်အခဲရှိပါတယ်။ ရထားပြေးဆွဲရင်း အန္တရာယ်မရှိအောင် လုပ်ငန်းတွေအချိန်မီပြီးဖို့လုပ်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စီမံကိန်းစီမံခန့်ခွဲမှုကတော့ သက်ဆိုင်ရာဝန်ကြီးဌာနခွင့်ပြုချက်၊ စီးပွားရေးကော်မတီခွင့်ပြုချက်၊ အစိုးရအဖွဲ့လွှတ်တော်ရဲ့ ခွင့်ပြုချက်တို့ရရှိဖို့နှင့် လုပ်ငန်းကိုလည်း Schedule အတိုင်း ပြီးစီးဖို့အခက်အခဲရှိလည်း ညှိနှိုင်းပေါင်းစပ်ပေးရတာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးကတော့ Phase နှစ်ခုနဲ့သွားတာဖြစ်တဲ့အတွက် Phase 1 ကတော့လုပ်ငန်းစနေပြီး Phase 2 ကတော့ တောင်ငူကနေ မန္တလေးထိက တင်ဒါအပိုင်းက ၁၀ ခုရှိတယ်။ ဒီ ၁၀ ခုအတွက်လည်း သက်ဆိုင်ရာအပိုင်းတွေကို ကျွန်တော်တို့က တင်ဒါခေါ်တဲ့လုပ်ငန်းတွေ စတင်နေပါပြီ။ ရန်ကုန်-မန္တလေးက လက်ရှိရထားပြေးနေတာက အများဆုံးတစ်နာရီ ၄၃ မိုင်ပါ။ တစ်ချို့နေရာများသောအားဖြင့် တစ်နာရီ မိုင် ၃၀၊ ၃၅ လောက်ပဲပြေးနိုင်တဲ့အနေအထားပါ။ ဒီစီမံကိန်းပြီးသွားရင် ကီလိုမီတာ ၁၀၀ ပြေးနိုင်ပြီး Axle Load ကိုလည်း ၁၂ တန်မှ **တန် ၂၀ အထိ တိုးမြှင့်မှာဖြစ်တဲ့အတွက် နောက်ပိုင်းကုန်စည်စီးဆင်းမှုမှာလည်း အဆင်ပြေသွားနိုင်ပါတယ်။ နောက်တစ်ခုကလည်း လူစီးရထားမှာ ATP လို့ခေါ်တဲ့ Automatic Train Projection တွေပါမှာဖြစ်ပြီး ရထားနဲ့ကားလမ်းကူး Gate တွေရဲ့ လုံခြုံမှုအတွက် တိုးမြှင့်ပြီး ဆောင်ရွက်သွားဖို့ရှိတယ်။ ရထားလမ်းတစ်လျှောက်မှာ အုတ်တံတိုင်းနဲ့ ခြံစည်းရိုးတွေ လုံခြုံမှုရှိအောင်ကာရံပါမယ်။ ရထားတွဲအနေနဲ့ကလည်း ရန်ကုန်-တောင်ငူ အပိုင်းမှာ ၂၄ တွဲပါပြီးတော့ တောင်ငူနဲ့ မန္တလေးအပိုင်းမှာ တွဲ ၁၈၀ အားလုံး ၂၀၄ တွဲပါဝင်ပြီး ကီလိုမီတာ ၁၀၀ ပြေးနိုင်တဲ့ အဲကွန်းလည်းပါတဲ့ ရထားတွဲ ဆိုင်းဖြင့် ပြေးဆွဲသွားမှာဖြစ်တဲ့အတွက် ဒါတွေအားလုံးပြီးသွားပြီဆိုရင်တော့ ခရီးသည်များ သက်သောင့်သက်သာစီးနင်းနိုင်မှာပါ။**

» စာ- ၁၆ ဦးမောင်မောင်လွင်မှ အဆက်

သတ်မှတ်တာဖြစ်ပါတယ်။ ရထားလမ်းထဲထည့်တဲ့ ကျောက်ကို JICA ရဲ့သတ် မှတ်ထားတဲ့အတိုင်း ပြည်တွင်းက လုပ်ငန်းရှင်တွေဆီဝယ်ပြီးဖြည့်ပါ တယ်။ ကျွန်တော်တို့ မီလီမီတာနဲ့ ဆိုရင် ၃၀၀ပေါ့။ ပေနဲ့ဆိုရင် တစ်ပေထုခင်းပါတယ်။

ဒါတွေကိုလည်း သတ်မှတ်တဲ့ဖိသိပ်အားတွေရအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကွန်ကရစ်ဧလီဖာအပေါ်မှာ သံလမ်းအသစ်တွေကို ခင်းမှာဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့ဆီမှာရှိတာက 37kg လို့ခေါ်တဲ့ ၁မီတာမှာ 37kg ပေါ့။ အခုအသစ်ထည့်တဲ့ဟာက 50kg ပေါ့။ ၁ မီတာမှာ 50kg ပေါ့။ ဆိုဒ်လည်းပိုကြီးပါတယ်။ ဝိတ်လည်းပိုများပါတယ်။ ကျွန်တော်တို့ရည်မှန်းထားတဲ့ အရှိန်ရထားဆိုရင် အနည်းဆုံး ၁၀၀ ကီလိုမီတာပါမှာပေါ့။ တစ်နာရီ မိုင် ၆၀ နှုန်းပြေးမယ်။ တွဲတစ်တွဲကို တန် ၅၀၊ ၆၀ ကြား တင်နိုင်မယ်။ တာတွေမြှင့်လိုက်တဲ့အတွက် ဒါတွေခံနိုင်ရည်ရှိအောင် သံလမ်းကိုလည်း ပိုပြီးတော့ဆိုဒ်ကြီးမယ်။ ပိုပြီးတော့ weight လည်းများလာမယ်။ သံလမ်းတွေလဲထည့်သွားတာဖြစ်ပါမယ်။ ရထားလမ်းတာပေါင်းကနေပြီးတော့ သံလမ်းခင်းတဲ့အထိ အဆင့်ဆင့်ပြောင်းသွားမှာဖြစ်ပါတယ်။ ကျောက်နဲ့ကွန်ကရစ်ဧလီဖားကိုတော့ မြန်မာ့မီးရထားက တာဝန်ယူပြီးတော့ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

သံလမ်းတွေ၊ သံလမ်းဆက်ပစ္စည်းတို့ကို ပြည်ပကမှာယူပြီးတပ်ဆင်တာဖြစ်ပါတယ်။ လမ်းခင်းကျောက်နှစ်နှစ်စာကို ဘူတာရုံအသီးသီးတိုင်း စုဆောင်းပြီးတော့ ပုံထားပေးခြင်းဖြစ်ပါတယ်။ ကွန်ကရစ်ဧလီဖားဆိုလည်း နှစ်နှစ်ကြိုတင် ထုတ်လုပ်ထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာသတ်မှတ်ထားနေရာတွေ ပုံထားပြီးဖြစ်ပါတယ်။ ရန်ကုန်နဲ့ပဲခူးကြား လုပ်ငန်းဆောင်ရွက်နေပါပြီ။ တာပေါင်လုပ်ငန်းတစ်ချို့ တစ်ဝက်ပြီးလာတယ်။ အပေါ်ကခင်းတဲ့ ကျောက်နှစ်လွှာပြီးပါပြီ။ ဧလီဖားဖြန့်ခင်းတဲ့လုပ်ငန်းစတင်နေပါပြီ။

အရင်ကလက်ရှိလမ်းမှာ သံလမ်း ၃၉ ပေတစ်ဆက်ပေါ့။ ၁၂ မီတာတစ်ဆက်ပေါ့။ အခုအသစ်ကတစ်ချောင်းတစ်ချောင်း ၂၅ မီတာပါတယ်။ ၈၂ ပေပေါ့။ ဒါတွေကို တောက်လျှောက်တစ်ဘူတာနဲ့တစ်ဘူတာကြားမှ အဆက်မရှိဘူးပေါ့။ တောက်လျှောက် ဆက်သွားမှာဖြစ်ပါတယ်။ သံလမ်းဂဟေဆက်လိုက်တော့ သံလမ်းအဆက်မရှိသလောက်နည်းသွားမယ်။ ဒီရထားရဲ့ ဘေးကင်းလုံခြုံမှုရော စီးနင်းတဲ့ခရီးသည်တွေသက်တောင့်သက်သာရှိမယ်။ ပြုပြင်ထိန်းသိမ်းရတာရော ရေတိုရေရှည်မှာ ကျွန်တော်တို့အတွက်ကောင်းသွားမှာဖြစ်ပါတယ်။ တာပေါင်ကနေ ကျောက်ထည့်သံလမ်းခင်းအဆင့်ထိ မြို့ပြအင်ဂျင်နီယာဆောင်ရွက်ရတဲ့ အပိုင်းဖြစ်ပါတယ်။

လမ်းတစ်လျှောက်လုံးမှာရှိတဲ့ တံတားအကြီးအငယ်တွေကို အသစ်ပြန်ဆောက်တာဖြစ်တယ်။ ရန်ကုန်အထွက် ငပိန်ရိပ်တံတားကြီးကလွဲ၍ ရန်ကုန်-ပဲခူးကြားက တံတားအားလုံးကို အသစ်ပြန်လည်တည်ဆောက်မှာဖြစ်တယ်။ လေးထောင့်ပြွန်ပေါက်တွေမှာ ပြွန်ပေါက်တစ်ပေါက်ထဲလည်းရှိတယ်။ နှစ်ပေါက်လည်းရှိတယ်။ သုံးပေါက်လည်းရှိတယ်။ အဲ့လိုသုံးမျိုးစားရှိတဲ့အထဲမှာက အရွယ်အစားက ၁၀ ပေပတ်လည်ဆိုရင် ၁၀ ပေအကျယ် ၁၀ ပေအမြင့်ပေါ့။ နောက်တစ်ခါ ပေ ၂၀ ကျယ်တယ်။ ပေ ၂၀ မြင့်တယ် (သို့မဟုတ်) ပေ ၂၀ ထက် လျော့တယ်ပေါ့။ ဒီလိုနှစ်ပေါက်တွဲလည်းရှိတယ်။ သုံးပေါက်တွဲလည်းရှိတယ်။ ဒီပြင် ရန်ကုန်ကထွက်လာတဲ့ တံတားဆိုရင် ပေလေးဆယ်ပြွန်ပေါက်ကြီးလုပ်ဖို့ရှိပါတယ်။ ခေါင်ပွင့်တံတားဆိုရင်လည်း ပေ ၁၀၀ အလျားရှိတဲ့ခေါင်ပွင့်တွေ တစ်ချို့နေရာကျတော့ ပေ ၈၀ ခေါင်ပွင့်တွေ ဒီခေါင်ပွင့်တံတားတွေတည်ဆောက်တာဖြစ်ပါတယ်။

မြေစမ်းသပ်ပြီးတော့မှ တံတားဆောက်မယ်၊ မြေနေရာအလိုက် ကျွန်တော်တို့က ဘယ်လိုဒီဇိုင်းနဲ့သွားမလဲ။ ဘယ်လိုအကျယ်နဲ့သွားမလဲ နောက်ရေစားတာတို့ ပျက်စီးမှုမဖြစ်အောင် အကာအကွယ်အတားအဆီးတွေ ဘယ်လိုထည့်သွင်းသွားမလဲဆိုတာတွေကို ထည့်သွင်းစဉ်းစားပြီးဖြစ်ပါတယ်။ သံလမ်းအဟောင်းတွေကို သတ်မှတ်ထားတဲ့အနက် သတ်မှတ်ထားတဲ့အကွာအဝေးအတိုင်း ပိုင်တွေရိုက်ပါတယ်။ အဲ့ဒီအပေါ်မှာမှ ပြွန်ထောက်တွေတည်ဆောက်တာဖြစ်ပါတယ်။ ဒါတွေက ရေစားတဲ့ဒဏ်ကိုခံနိုင်သလို အပေါ်ကလာတဲ့ Weight တွေကိုခံနိုင်ရည်ရှိပါမယ်။

အချို့ ဘူတာတွေဆိုရင် နှစ်တစ်ရာကျော်နေပြီး အချို့ဘူတာဆိုရင် နှစ်ခြောက်ဆယ်ကျော်နေပြီး လမ်းတစ်လျှောက်လုံးမှာရှိတဲ့ ဘူတာတွေပလက်ဖောင်းတွေ ဒါတွေကိုလည်း ပြန်အသစ်ဆောက်တာဖြစ်ပါတယ်။ အရင်ရှိနေတဲ့ ပလက်ဖောင်းတွေသည် ရထားလမ်း Level အနိမ့်တွေလည်းရှိတယ်။ ခရီးသည်အတက်အဆင်းနေရာမှာ အဆင်မပြေတာလည်းရှိတယ်။ ရထားလမ်းရဲ့ အထက်တစ်ပေမှာလည်းရှိတယ်။ အခုရောက်လာမယ့် တွဲဆိုင်းတွေနဲ့ကိုက်ညီအောင် ပလက်ဖောင်းတွေအကုန်လုံး အသစ်ပြန်လုပ်တာဖြစ်ပါတယ်။ ပလက်ဖောင်းရှိပြီး တွဲဆိုင်းတွေနဲ့မကိုက်ညီတာတွေကို အသစ်ပြန်လည် တည်ဆောက်မယ်။

ရန်ကုန်နဲ့တောင်ငူကြားမှာ အဓိကဘူတာကြီးသုံးခုပေါ့။ ပဲခူးရယ်၊ ဥောင်လေးပင်ရယ်၊ ဖြူးရယ်ပေါ့။ အမြန်ရထားလည်း ရပ်မှာဖြစ်ပါတယ်။ ဒီသုံးဘူတာကို အသစ်ပြန်လုပ်တာရှိတယ်။ ရှိပြီးသားအဆောက်အဦး သုံးလို့ရအောင် ပြန်ပြီးတော့ အဆင့်မြှင့်မွမ်းမံမှာဖြစ်ပါတယ်။ အခုဆိုရင် ဖြူးဘူတာက အသစ်ပြန်တည်ဆောက်တာဖြစ်ပါတယ်။ ဥောင်လေးပင်ကတော့ ရှေးဟောင်းလက်ရာလည်းရှိနေတဲ့အတွက် လက်ရှိရှေးဟောင်းလက်ရာကိုလည်း ထိန်းမယ်။

လက်ရှိအနေအထားနဲ့ ကိုက်ညီအောင် မွမ်းမံပြင်ဆင်မှာဖြစ်ပါမယ်။ နောက်ဘူတာက ပဲခူးဘူတာပါ၊ ဘူတာအဆောက်အဦးတွေက ကြီးလည်းကြီးတယ်။ သုံးလို့လည်းရသေးတယ်။ အသစ်လုပ်တာမဟုတ်ဘဲနဲ့ ဘူတာအဆောက်အဦးရော ပလက်ဖောင်းရော မွမ်းမံပြင်ဆင်သွားမှာဖြစ်ပါတယ်။ အလားတူ ကြားထဲမှာရှိတဲ့ ဘူတာအသေးတွေကိုတော့ ဘတ်ဂျက်သုံးနှစ်မှာ အဆင့်လိုက်အဆင့် မွမ်းမံပြင်ဆင်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေကို အသစ်ဆောက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက အဆင့် ၄ ပေါ့။ ရထားလမ်းတာပေါင်တွေ ဘူတာယာဒ်ဝင်းတွေ ရေဝပ်ပြီးရေလျှံမယ့်နေရာတွေကို အသေးစိတ်တိုင်းတာပြီးမှ ဆောင်ရွက်မှာဖြစ်ပါတယ်။

နောက်တစ်ခု Level Crossing တွေ ကားနဲ့ရထားဖြတ်တဲ့နေရာတွေ အခုလက်ရှိ ရှိနေတဲ့နေရာတွေကို အကုန်လုံးကို လူနဲ့အပိတ်အဖွင့်လုပ်တာဖြစ်ပါတယ်။ ကားနဲ့ရထားကို အချက်ပြကတော့ အလံနဲ့ဖြစ်ပါတယ်။ အခုအသစ်ဖြစ်လာမယ်ကျတော့ အရေးကြီးတဲ့ဂိတ်တွေကို အလိုအလျောက်အချက်ပြစနစ်နဲ့ပြမယ်။ ကားကိုလည်းအချက်ပြမယ်။ ရထားသတ်မှတ်နေရာရောက်တဲ့အချိန်မှာ ဂိတ်မောင်းတံတွေက ပိတ်မယ်။ ကားကိုရပ်ဖို့အချက်ပြမယ် စသည့်ဖြင့် Level Crossing အဆင့်မြှင့်တင်ခြင်းတွေ ပါဝင်ပါမယ်။

နောက်တစ်ခါ ရထားလမ်းဘေးကင်းလုံခြုံဖို့အတွက် အုတ်တံတိုင်းကာရန်မှုတွေကို ပြီးခဲ့နှစ်ဆိုရင် အုတ်တံတိုင်းတွေ ပေသောင်းနဲ့ချီကာနေပါပြီ။ ပြီးတော့ အန္တရာယ်ရှိတဲ့ ဧရိယာတွေကို ၇ ပေအမြင့်ရှိတဲ့ အုတ်တံတိုင်းကာရန်ထားပါတယ်။

ကျန်တာက တွဲဖက်ပြီးဆောင်ရွက်သွားတာကတော့ EIA, SIA ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရေးအဖွဲ့တွေက အကြုံအင်ဂျင်နီယာတွေပေါ့။ စပြီးတော့ တိုင်းထွာတယ်။ လူမှုရေးထိခိုက်မှုပေါ့။ ရထားလမ်းမလွတ်ကင်းတဲ့ အဆောက်အအုံတွေရှိလာတယ်။ ဒါတွေက JICA ရဲ့ Projects ဖြစ်တဲ့အတွက် မြေယာတွေအစားထိုးရွှေ့ပေးတယ်။ ပြီးတော့ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းကို ရှိတာထပ်မလျှော့အောင် ကျွန်တော်တို့သူတို့ကို ပြန်လည်ထူထောင်ပြီး တစ်ဆက်ထဲတွဲဖက်ပြီး လုပ်ပေးဆောင်ရွက်ပေးပါတယ်။ တံတား ၁၁၅ အပိုင်းနားမှာရှိတဲ့ အိမ်ခြေငါးလုံးပေါ့။ အလုပ်လုပ်နိုင်မယ်။ သူတို့မှာ မိသားစုလည်းရှိတဲ့အတွက် ဂိတ်စောင့်တာဝန်ကိုပေးလိုက်တယ်။ ပြီးတော့ ဂိတ်နားမှာဝန်ထမ်းအိမ်ဆောက်တယ်။ သူတို့အဲ့မှာနေဖို့ စီစဉ်ပေးလိုက်ပါတယ်။ ဒါတွေက ရန်ကုန်-မန္တလေးလမ်းပိုင်း အပိုင်း ၁ အကောင်အထည်ဖော်နေမှုမှာ မြို့ပြအင်ဂျင်နီယာနဲ့ဆောင်ရွက်ပေးရတဲ့ အပိုင်းတွေဖြစ်ပါတယ်။

» စာ- ၁၆ ဦးညီဦးမှ အဆက်

တို့ ၂၀၁၈ ခုနှစ်၊ (၁၀) လပိုင်းလောက်ကစတယ်။ ၂၀၁၉ ခုနှစ်၊ (၁၀)လပိုင်းမှာ ရေနီနဲ့ သီလဝါနဲ့ တိုက်ရိုက်ပြေးတဲ့လုပ်ငန်းကိုစနိုင်ခဲ့တယ်။ ကွန်တိန်နာလုပ်ငန်းကနေပြီးတော့ ကုန်စည် သယ်ခြင်းကိုအများကြီးအထောက်အကူပြုတယ်။

ပြည်တွင်းမှာ ဘိလပ်မြေဆိုရင် နိုင်ငံခြားကထုတ်တဲ့ ဘိလပ်မြေကိုပဲ ယခင်က ကျွန်တော်တို့ အဓိကသယ်ခဲ့ရတယ်။ အခုဆိုရင် ပြည်တွင်းကထုတ်တဲ့ ဘိလပ်မြေတွေကို ချိတ်ဆက်ပြီး သယ်နိုင်ခဲ့တယ်။ လက်ရှိမှာ အခုရန်ကုန် - မန္တလေးလမ်းပြင်ပြီးရင် 12 Ton Axle Load ကနေ 17 Ton Axle Load ပြောင်းမယ်။ ဒါပြောင်းရင် ဘာဖြစ်မလဲဆိုရင်တော့ သယ်နိုင်တဲ့ Capacity ကပိုပြီးများလာမယ်ဆိုတော့ အရင်တုန်းက ပေ (၂၀)ကွန်တိန်နာ (၂)လုံးတင်လို့မရဘူး။

အခု တွဲတစ်တွဲမှာ ပေ (၂၀)ကွန် တိန်နာ (၂)လုံးတင်လို့ရလာမယ်။ တင်တဲ့သူတွေလည်းပိုပြီးကြိုက်လာနိုင်တယ်။ ကျွန်တော်တို့အတွက်လည်း ပိုပြီးအကျိုးဖြစ်လာနိုင်တယ်။ ခရီးသည်ရထားတွေက တော့ အခုအချိန်မှာတော့ကြာတယ်။ အရင်တုန်းက (၁၃) နာရီ၊ (၁၄)နာရီလောက် ပြေးနေရတဲ့ ရထားက အခု (၁၇)နာရီ၊ (၁၈)နာရီပြေးရတယ်။

လူတွေသိပ်မကြိုက်ဘူး၊ လျော့သွားတယ်။ Service က အခု Air Con တွေမပါဘူး။ နောက်ဆို Air Con တွေပါလာမယ်။ Service ပိုကောင်းလာမယ်။ အနာဂတ်မှာ သယ်ပေးနိုင်တဲ့ကုန်ရဲ့တန်ချိန်တွေလည်း တက်လာမယ်။ ကုန်ဝင်ငွေတွေလည်း ပိုရမယ်ဆိုရင် မြန်မာ့မီးရထားကြီးက နိုင်ငံတော်ကိုပိုပြီးအကျိုးပြုလာမယ်။

ပြည်သူပြည်သားတွေ ကလွယ်လွယ်ကူကူမြန်မြန်ဆန်ဆန် ဈေးသက်သာစွာနဲ့ကုန်ပစ္စည်းသယ်ယူတာမှာပဲဖြစ်ဖြစ် ခရီးသည်ပို့ဆောင်တာမှာပဲဖြစ်ဖြစ် အကျိုးပြုလာနိုင်ပါတယ်။

ကွန်တိန်နာကိုဖွင့်လိုက်မယ်။ ပစ္စည်းတွေချပြီး ပစ္စည်းတွေ ကားပေါ်တင်မယ်။ ကားပေါ်တင်ပြီးတော့မှ ရထားပေါ်ပြန်တင်တယ်ဆိုရင် သယ်ခတွေတအားများပါတယ်။

အခု ကွန်တိန်နာဆိုရင် MITT ဆိပ်ကမ်းမှာ လက်ခံနိုင်တဲ့လမ်းတွေဖြစ်ဖို့ လုပ်နေတယ်။ ကျွန်တော်တို့ရဲ့ တံတားတွေ၊ သံလမ်းတွေက ယခုအကန့်အသတ်ရှိသေးတာတောင် ကွန်တိန်နာအလုံး (၂)ထောင်လောက်တစ်လတစ်လကို ပျမ်းမျှခြင်းသယ်နေနိုင်ပါပြီ။

အရင်တုန်းက ကွန်တိန်နာဆိုတာ ကျွန်တော်တို့မစနိုင်ခဲ့ဘူး။ ဒီရန်ကုန် - မန္တလေးလမ်းပြီးသွားရင် ပိုပြီးတော့ ကွန်တိန်နာကို အကျိုးရှိရှိသယ်နိုင်မယ်။ လက်ရှိရထားတွဲက ကွန်တိန်နာ (၂)လုံးသယ်သင့်သော်လည်းပဲ လမ်းက 12 Ton Axle Load ဖြစ်တဲ့အခါကျတော့ (၂)လုံးတစ်ပြိုင်တည်းသယ်လို့မရဘူး။ (၂)လုံးမသယ်နိုင်တော့ (၁) လုံးပဲသယ်နိုင်တဲ့အခါကျတော့ (၁) လုံးပေါ်မှာ တန်ဆာခကို တန် (၃၀) လောက်ကောက်တဲ့ အခါကျတော့ တန် (၂၀)တန်တဲ့ကွန်တိန်နာကို တန် (၃၀)ပေးရရင် သူတို့လည်းမကိုက်ဘူး ကျွန်တော်တို့ကလည်း တန် (၃၀)လောက်ရမယ့်ဟာကို တန် (၂၀)နဲ့မသယ်နိုင်ဘူး။

ဒီတော့ ကျွန်တော်တို့က သူရောကိုရောအဆင်ပြေနိုင်မယ့် (၂၅) တန်လောက်နဲ့လုပ်နေပါတယ်။ ဒါပေမယ့် ရေနီတို့ ဘာတို့ကျတော့ သူတို့က ပေ (၄၀) ကွန်တိန်နာတွေနဲ့ပဲလုပ်ထားတာဖြစ်တဲ့အတွက် သူတို့မှာ တန် (၃၀)လောက်ရတယ်။

ကျွန်တော်တို့အတွက် ခက်ခဲတာကတော့ Phase II ၊ ဒီတောင်ငူ - မန္တလေးလမ်းပြင်လာရင်တော့ လုံးဝ Single လိုင်းဖြစ်သွားရင် နည်းနည်းလေးပိုကျပ်မယ်။ အဲ့ဒီနှစ်ကို ကျော်ဖြတ်နိုင်ပြီးရင် ရထားက အများကြီးကောင်းလာမှာပါ။ ကျွန်တော်တို့မျှော်မှန်းတာက ဒီ 20 Ton Axle Load ဖြစ်လာပြီဆိုရင် ရန်ကုန်-မန္တလေး-မူဆယ်ကိုလည်း FS လုပ်နေတာရှိတယ်။ တကယ်လို့ မန္တလေး-မူဆယ်မစနိုင်ရင် တောင်မှ ဒီတရုတ်နိုင်ငံရဲ့ စီးဆင်းလာတဲ့ကုန်စည်တွေကို မန္တလေးမှာ အခြေပြုပြီးတော့ ကားတွေလည်း မန္တလေးနဲ့မူဆယ်လောက်ပဲသွားနိုင်သွားနိုင်၊ ရထားနဲ့ပဲသွားနိုင်သွားနိုင် ကျွန်တော်တို့ရဲ့အသေးခန်းကွန်တိန်နာတွေ၊ အသေးခန်း Warehouse တွေအများကြီး လုပ်လာနိုင်မယ်လို့မျှော်လင့်ပါတယ်။ ကုန်စည်ပို့ဆောင်ရေးကိုအများကြီးလုပ်နိုင်မယ်လို့ မျှော်မှန်းပါတယ်။ လက်ရှိကုန်တန်ချိန်က (၂)သန်းနီးနီးလောက်တောင် မရဘူး။ အရင်တုန်းက (၃)သန်းကျော်လောက် သယ်ခဲ့တယ်။ နောက်ပိုင်းတဖြည်းဖြည်းနဲ့ကျလာပြီး အခုနည်းနည်း နည်းနည်းနဲ့ပြန်တက်လာတာ ဒီနှစ်ဆို (၂)သန်းခွဲလောက်ဖြစ်လာနိုင်တယ်။ အရင်တုန်းကတော့ အစိုးရပိုင်ပစ္စည်းတွေက အဓိကပေါ့။ အခုဆိုရင် အစိုးရကုန်ဆိုတာမရှိတော့ အခုဆိုရင် ကျွန်တော်တို့ ဘိလပ်မြေနဲ့ကွန်တိန်နာနဲ့ အဓိကထားပြီးသယ်ရမယ်လို့ မျှော်မှန်းထားပါတယ်။ အချုပ်ပြောရရင် လမ်းကောင်းရင်ပိုသွားနိုင်မယ်၊ လမ်းကောင်းရင်ပိုသွားနိုင်မယ်ပေါ့။

» စာ-၁၄ ဦးဘမြင့်မှ အဆက်

ရန်ကုန်-မန္တလေး၊ ရန်ကုန်-မြစ်ကြီးနားလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းပိုင်းနဲ့ မြို့ပတ်ပါ။ လမ်းမကြီးလေးခုနဲ့ မြို့ပတ်ကအရေးကြီးတာပါ။ ဝန်ကြီးဌာနကလည်းပဲ အဓိကလမ်းပိုင်းလို့ သတ်မှတ်ပေးလိုက်တယ်။ ရထားမှရတဲ့ဝင်ငွေရဲ့ ၈၀% က အဲ့ဒီလမ်းရတာပါ။ ကျန်တဲ့လမ်းက ၂၀%လောက်ပဲ အားလုံးကရရှိတာပါ။ ရန်ကုန်-မန္တလေးလမ်းပိုင်းက ပထမနေရာအရေးပါတာဖြစ်တယ်။ လမ်းတွေပြင်ဖို့အတွက်ကို JICA ချေးငွေကိုရယူပြီးတော့ ကျွန်တော်တို့က အပိုင်းလိုက်လုပ်သွားတာပါ။ ချေးငွေက တစ်နှစ်ကိုမှ ၀.၀၁% ပဲ ပေးရပါတယ်။ အဲ့ဒီချေးငွေကို အစိုးရချင်းချစ်ကြည်မှုနဲ့ ရရှိခဲ့တယ်။ ၂.၅ ဘီလီယံလောက် US DOLLAR လောက်ကုန်တဲ့အထိကို သူတို့ကပေးသွားမှာဖြစ်ပါတယ်။လမ်း Target ကလည်း ကီလိုမီတာ ၁၀၀ မောင်းပါမယ်။ရထားလမ်းကလည်း ရန်ကုန်ကနေမန္တလေးအထိ ဘူတာလေးတွေမှာ သံလမ်းဆက်လေးတစ်ခု၊ နှစ်ခုရှိတာကလွဲပြီး တောက်လျှောက်အဆက်ကို တစ်ဆက်ထဲဖြစ်တယ်။ ကျွန်တော့်ဆီမှာ ကြီးမားတဲ့ပထမဦးဆုံး အပြောင်းအလဲ တစ်ခုလည်းဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာက ၂၀၂၅ ခုနှစ်မှာအားလုံးပြီးပါပြီ။ ပြီးလို့ရှိရင် ပထမပိုင်းက ၂၀၂၃ ခုနှစ်က ရန်ကုန်နဲ့တောင်ငူလမ်းပိုင်းပေါ့နော်။ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်ကြား second space ကိုလိုက်သွားလို့ရှိရင် မန္တလေးနဲ့တောင်ငူကြား ပြီးသွားလို့ရှိရင် အရှိန်နည်းနည်းတင်လိုက်မယ်။ လုံလည်းလုံခြုံမယ်။ မြန်လည်းမြန်မယ်။ သက်တောင့်သက်သာလည်းရှိမယ့် အနေအထားနဲ့ ခရီးသည်ကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်မှာဖြစ်ပါတယ်။

အလားတူ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းကို ကျွန်တော်တို့ကလည်း ပြင်ဖို့လုပ်ပါတယ်။ ပြင်ဖို့လုပ်တဲ့အခါမှာ တစ်လမ်းလုံးကိုပြင်ဖို့ ကိုရီးယားချေးငွေယူပါတယ်။ ဒေါ်လာသန်း ၇၀၀ သန်းကုန်ဖို့အကြမ်းဖျင်းရှိတယ်။ ရတဲ့ပိုက်ဆံကို အရေးကြီးတဲ့ရထားလမ်းပိုင်းအတွက် သုံးပါမယ်။ မြစ်ကြီးနားလမ်းပိုင်းမှာက တကယ့်ကို Battle Lane လမ်းဖြစ်တဲ့လမ်းပိုင်းကိုပေါ့။ ချိုးတောင်နဲ့ နမ့်ခမ်းလမ်းပိုင်း၊ မော်ဟန်နဲ့ ကာဒူးလမ်းပိုင်းနှစ်ခုကတွဲတွေကိုအဲ့ဒီလမ်းပိုင်း ရောက်ပြီဆိုရင် ရထားတွဲတွေက နဂိုလောက်မဆွဲတော့ဘဲ ဖြုတ်ထားခဲ့တယ်။ စက်ခေါင်းတွေက မနိုင်လို့ဖြုတ်ထားပြီး ပြောင်းလဲရတာတို့ ခရီးသည်ရော၊ ကုန်စည်ရော လျှော့သွားတယ်။ ဘေးအန္တရာယ်လည်းရှိနေတယ်။ အဲ့လိုအနေအထားတွေမှာ ကျွန်တော်တို့ကအဓိကပြင်မှာပါ။ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ပထမဦးဆုံးကတော့ တစ်လမ်းထဲပေါ့။ ချိုးတောင်-နမ့်ခမ်းပဲလုပ်ဖို့ ဒါပေမယ့် တစ်ကယ်တန်းလုပ်တဲ့အခါကျတော့ အဲ့ဒီ Section နှစ်ခုလုံးကို Cargo လုပ်နိုင်တဲ့အတွက်ကြောင့် မကြာမီအဲ့ဒီလုပ်ငန်းကို စဖို့လုပ်နေပါပြီ။

လူစီးတွဲပေါင်းတစ်ရာဝယ်ခဲ့တာ အခုဆိုရောက်ပါပြီ။ ရန်ကုန်နဲ့ပြည်ကိုလည်း အရေးကြီးဆုံးလမ်းပိုင်းလည်းဖြစ် အခုထက်ထိ ခရီးသည်နှစ်သက်စွာစီးနေတုန်းပါ။ အဲ့ဒီရထားကိုလည်း နေ့ရောညပါစီးနေတုန်းပါ။ အဲ့ဒီရထားလမ်းပိုင်းကိုလည်း တစ်နာရီ ကီလို ၁၂၀ နှုန်းနဲ့မောင်းပြီး ဒုတိယလမ်းပိုင်းဖြစ်တယ်။ လမ်းအသစ်ကိုဖောက်ပြီးတော့ ပြင်တဲ့စနစ်လုပ်သွားမှာဖြစ်ပါတယ်။ ဒီလမ်းပိုင်းတွေ ပြီးသွားလို့ရှိရင် တစ်နာရီ ကီလို ၁၂၀ ပြေးမယ်။ တွဲတွေကလည်း အဲယားကွန်းနဲ့ဖြစ်မယ်။ အသစ်တွေနဲ့ဖြစ်မယ်။ ခရီးသည်တွေက တော်တော်လေးရရှိအောင် မျှော်မှန်းထားပါတယ်။ ရန်ကုန်-ပဲခူး-မော်လမြိုင်ကိုတော့ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ငွေနဲ့ ဝန်ကြီးရဲ့လမ်းညွှန်မှုနဲ့အညီ ဒီနှစ်အကုန်မှာ သံလမ်းတွေက ကိုးချောင်းဆက်တွေလုပ်တဲ့အခါမှာ လမ်းကတော်တော်လေးလုံခြုံမယ်။ ဒီလုပ်ငန်းတွေက တစ်ခါထဲတော့ မပြီးနိုင်ဘူး။ ခုနက ရန်ကုန်-မော်လမြိုင်လမ်းကို ကိုယ့်ဘာသာပြင်တယ်။ ရန်ကုန်နဲ့မော်လမြိုင်ကို ငါးနာရီခွဲလောက်ပဲ ပြေးမယ်ဆိုရင် ခရီးသည်ကလည်း အများကြီးရနိုင်တဲ့ အနေအထားတစ်ခုဖြစ်လာမယ်။ ပြည်သူတွေရဲ့ ယုံကြည်မှုတစ်ခုကို ပြန်ကြိုးစားနေတဲ့ကာလ ပြန်လည်ထူထောင်နေတဲ့ကာလမှာ စိန်ခေါ်မှုက အများကြီးရှိတယ်။

ကျွန်တော်တို့ရဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်းကိုလုပ်တဲ့အခါမှာ ပထမဆုံးအချက်က ဘာရမလည်းဆိုရင် ရထားနဲ့မတော်တဆအမှုက သိသိသာသာကျလာမယ်။

ဘေးအန္တရာယ်ကင်းကင်း သွားလာနိုင်မယ်။ မြန်နှုန်းမြှင့်လာတဲ့အခါမှာ ရန်ကုန်နဲ့နေပြည်တော်ဆိုရင် လေးနာရီ၊ ရန်ကုန်-မန္တလေးကရှစ်နာရီလောက်ဆိုရင် ကားတွေနဲ့ယှဉ်နိုင်မယ့် အနေအထားရောက်သွားပြီ။ အားသာချက်ကတော့ ဘူတာရဲ့မြို့တွေမှာ အလယ်ဗဟို ကနေပြီးတော့ အလယ်ခေါင်ထိရောက်တဲ့အနေအထားကြောင့် ကျွန်တော်တို့ Bus ထွက်စီးစရာမလိုတော့ဘူး။ မြန်လည်းမြန်မယ်။ ခရီးသည်အတွက်ရော သက်သောင့်သက်သာ စီးနိုင်မယ့်အနေအထားလေးရသွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလုပ်တဲ့အခါမှာ အခက်အခဲတွေရှိပေမယ့် ကျွန်တော်တို့က ရှေ့ရေးကိုမြင်ပေးမယ်။ အားလုံးဒီမှာ တာဝန်မပြီးခင်အသက်ပြည့်ပြီးတော့ တာဝန်မပြီးခင်မှာ ပခုံးပြောင်းလွဲသွားမယ့် တာဝန်ဖြစ်ပါတယ်။

» စာ-၁၆ ဦးထောင်ရှန်ကန်းမှ အဆက်

ဖော်ရခြင်းဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းဟာ မိုင်ပေါင်း (၃၈၆) မိုင်လောက်ရှည်လျားတာဖြစ်လို့ အပိုင်း (၂) ပိုင်းခွဲခြားအကောင်အထည် ဖော်လျက်ရှိတာဖြစ်ပါတယ်။ စီမံကိန်းအပိုင်း (၁) (Phase I) ကတော့ ရန်ကုန်-တောင်ငူအပိုင်းပေါ့။ ကျွန်တော်တာဝန်ယူရတဲ့ စီမံကိန်းအပိုင်း (၂) (Phase II) မှာတော့ တောင်ငူ-မန္တလေးလမ်းပိုင်း ၂၂၀ မိုင်ရှည်လျားတာဖြစ်ပါတယ်။ ဒီရှည်လျားလှတဲ့စီမံကိန်းနယ်မြေကို အပိုင်း (၄) ပိုင်းခွဲခြားထားပါတယ်။ အဲ့ဒါတွေကတော့ တောင်ငူဘူတာမှ ရွာတော်ဘူတာအထိ ၆၅ မိုင်၊ ရွာတော်ဘူတာမှ အင်ကြင်းကန်ဘူတာအထိ ၄၉ မိုင်၊ အင်ကြင်းကန်ဘူတာမှ ကူမဲလမ်းဘူတာအထိ ၆၃ မိုင်နှင့် ကူမဲလမ်းဘူတာကနေ မန္တလေးဘူတာကြီးအထိ ၄၃ မိုင် စသည်တို့ပဲဖြစ်ပါတယ်။ စီမံကိန်းနယ်မြေအတွင်းမှာ ဘူတာအကြီးအသေး ၅၅ ဘူတာလောက်ရှိနေပါတယ်။ ရန်ကုန်-တောင်ငူ စီမံကိန်းအပိုင်း (၁) နယ်မြေအတွင်းမှာတော့ ပဲခူးဘူတာတစ်ခုပဲ လမ်းဆုံဘူတာအဖြစ်ပါရှိပေမယ့် တောင်ငူ-မန္တလေး စီမံကိန်းအပိုင်း (၂) နယ်မြေအတွင်းမှာတော့ လမ်းဆုံဘူတာများအဖြစ် အောက်ဖော်ပြပါအတိုင်းပါဝင်နေတာကတော့ ထူးခြားမှုဖြစ်ပါတယ်-

- ပျဉ်းမနားဘူတာ။ ပဲခူးရိုးမဖြတ်ကျော်ပြီး တောင်တွင်းကြီး၊ ချောက်၊ ကျောက်ပန်းတောင်း၊ ပုဂံဘက်သွားတဲ့ ရထားလမ်းမွှာနဲ့ ချိတ်ဆက်ပေးထားခြင်းဖြစ်ပါတယ်။
- ပျော်ဘွယ်ဘူတာ။ ရွာတော်၊ နတ်မောက်ဒေသနှင့် ချိတ်ဆက်ပေးခြင်းဖြစ်ပါတယ်။
- သာစည်ဘူတာ။ အရှေ့ဘက်ခြမ်းမှာ ရှမ်းပြည်တောင်ပိုင်း ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ရွှေညောင်၊ ရပ်စောက် တောင်ပေါ်လမ်းပိုင်းကို လည်းကောင်း အနောက်ဘက်ခြမ်း မိတ္ထီလာ၊ မြင်းခြံအထိလည်းကောင်း လမ်းမွှာများနဲ့ ချိတ်ဆက်ပေးထားခြင်းဖြစ်ပါတယ်။
- ပလိပ်ဘူတာ။ မြင်းခြံ၊ ပုဂံတို့ကို လမ်းမွှာနဲ့ ချိတ်ဆက်နိုင်ထားခြင်းဖြစ်ပါတယ်။
- မြို့ဟောင်းဘူတာ။ ရှမ်းပြည်မြောက်ပိုင်း ပြင်ဦးလွင်၊ သီပေါ၊ ကျောက်မဲ၊ လားရှိုးကို လည်းကောင်း၊ စစ်ကိုင်း (ရွာထောင်)မှ တစ်ဆင့် မုံရွာ/ပခုက္ကူနှင့်လည်းကောင်း၊ မြစ်ကြီးနားအထိလည်းကောင်း ချိတ်ဆက်ထားတဲ့ လမ်းဆုံဘူတာဖြစ်ပါတယ်။


ဒီလို လမ်းဆုံဘူတာတွေ ဖွံ့ဖြိုးလာမယ့်အစီအစဉ်တွေပါဝင်တာကြောင့် စီမံကိန်းပြီးစီးချိန်မှာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစွမ်းဆောင်နိုင်မှုဟာ သိသိသာသာဖွံ့ဖြိုးတိုးတက်လာမယ်လို့ သေချာပေါက်ပြောနိုင်ပါတယ်။ အလားတူ ရန်ကုန် - မန္တလေးရထားလမ်းမကြီးပေါ်မှာ ရွာသာကြီးကုန်းတွင်းဆိပ် (Dry Port) နဲ့ မြစ်ငယ်ကုန်းတွင်းဆိပ်နှစ်ခုတို့ဟာလည်း အခုချိန်ကတည်းက ကုန်သေတ္တာတင်တွဲတွေအသုံးပြီး ကုန်စည်ပို့ဆောင်မှုကိုဆောင်ရွက်နေပြီဖြစ်တာကြောင့် စီမံကိန်းပြီးချိန်မှာတော့ ဒီကုန်းတွင်းဆိပ်နှစ်ခုရဲ့ စွမ်းဆောင်ရည်ဟာလည်း သိသာစွာဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်နိုင်ပါတယ်။ ဒီရထားလမ်းမကြီးတစ်လျှောက်မှာ ဘိလပ်မြေထုတ်လုပ်ခြင်း (ကျောက်ဆည်)၊ စီးပွားရေးကျောက်ထုတ်လုပ်ခြင်း (ထုံးဘို၊ ဘဲလင်း)၊ စက္ကူပျော့ဖတ်ထုတ်လုပ်ခြင်း (ရေနီ)စတဲ့ ကုန်ထုတ်လုပ်မှုတွေလည်းရှိနေပြီဖြစ်လို့ စီမံကိန်းပြီးချိန်မှာတော့ နောက်ထပ်စက်ရုံ၊ အလုပ်ရုံတွေ၊ စီးပွားရေးဇုန်တွေပေါ်ပေါက်လာမယ်လို့ထင်ပါတယ်။

ဒီစီမံကိန်းကြီးဟာ မိုင် (၃၈၆)မိုင်ခန့်ရှည်လျားလို့ အပိုင်း (၂)ပိုင်းနဲ့ ဆောင်ရွက်တာဖြစ်ပေမယ့် တစ်ပိုင်းပြီးမှ နောက်ထပ်တစ်ပိုင်း ဆက်လက်အကောင်အထည်ဖော်တာမျိုးမဟုတ်ပါ။ ယခုစီမံကိန်းအပိုင်း (၁)၊ ရန်ကုန်-တောင်ငူလမ်းပိုင်းမှာ တည်ဆောက်မှုလုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီတည်ဆောက်မှုတွေပြီးစီးအောင် စောင့်မနေဘဲနဲ့ စီမံကိန်းအပိုင်း (၂)ဖြစ်တဲ့ တောင်ငူ - မန္တလေးအပိုင်းကို စီမံကိန်းအသေးစိတ်ဒီဇိုင်းရေးဆွဲခြင်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်တိုက်ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူမည့်ကိစ္စအတွက် တင်ဒါစာရွက်စာတမ်းများပြုစုမှု၊ တင်ဒါခေါ်ယူခြင်း၊ တင်ဒါအောင်မြင်သူ ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နေလျက်ရှိပါတယ်။

ဒီစီမံကိန်းအပိုင်း အပိုင်း (၂)မှာတော့ ဂျပန်နိုင်ငံရဲ့ ODA ချေးငွေအသုံးပြုပြီးတော့ တင်ဒါ (၁၀)ခုခေါ်ယူမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ စီမံကိန်းနယ်မြေ (၄) ခုအတွက် ရထားလမ်း၊ တံတား၊ ဘူတာအဆောက်အဦများ တည်ဆောက်ခြင်းဆိုင်ရာ တင်ဒါ (၄)ခု၊ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများဝယ်ယူခြင်း တင်ဒါ (၁)ခု၊ ခေတ်မီအချက်ပြနှင့် ဆက်သွယ်ရေးစနစ်နှင့် ရထားထိန်းချုပ်မှုစနစ်တပ်ဆင်ခြင်းတင်ဒါ (၁)ခု၊ ကွန်ကရစ်ဧလီဖာထုတ်ဖို့ Mould နဲ့ ကွန်ကရစ်ဧလီဖာမှာ တပ်ဆင်မယ့် FD Clip ဝယ်ယူဖြည့်တင်းခြင်း တင်ဒါ (၁)ခု၊ ဘူတာများ၌ ရထားအချက်ပြစနစ်အတွက် လျှပ်စစ်ဓာတ်အားချိတ်ဆက်တပ်ဆင်ခြင်းတင်ဒါ (၁)ခု၊ စီမံကိန်းပြီးစီးလို့ ရထားပြေး ဆွဲမှုဆောင်ရွက်ချိန်မှာ ခရီးသည်များ ပိုမိုအဆင်ပြေ၊ စိတ်ချမ်းမြေ့စေရေးအတွက် ခေတ်မီလက်မှတ်ရောင်းချခြင်းစနစ်၊ သတင်းအချက်အလက်ကြေညာဖြန့်ဝေခြင်းစနစ် စသည့်စနစ်များ တပ်ဆင်မည့် တင်ဒါ (၁)ခု၊ ရထားလမ်းကြံခိုင်ရေး၊ မှမ်းမံထိန်းသိမ်းနိုင်ရေးအတွက် ရထားလမ်းပြုပြင်ထိန်းသိမ်းရေး စက်ယန္တရားများဝယ်ယူအသုံးပြုခြင်း တင်ဒါ (၁)ခု၊ စုစုပေါင်း တင်ဒါ (၁၀)ခု ခေါ်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုဆိုရင် ရထားလမ်း၊ တံတား၊ ဘူတာအဆောက်အဦများ တည်ဆောက်ခြင်းဆိုင်ရာ တင်ဒါ (၄)ခုကို (၂၄-၂-၂၀၂၀)ရက်က နိုင်ငံပိုင်သတင်းစာများကနေ တင်ဒါကြေညာခြင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

စီမံကိန်းမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အသုံးပြုပြီးတော့ မြန်မာ့မီးရထားက လမ်းခင်းကျောက် ကျင်း (၄) သိန်းနီးပါးကို တင်ဒါဖြင့်ဝယ်ယူဖြည့်တင်းခြင်း၊ ကွန်ကရစ်ဧလီဖာတုံးများ ထုတ်လုပ်ဖြည့်တင်းခြင်းများကို တာဝန်ယူဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နှစ်စဉ်ဘတ်ဂျက်လျာထားတင်ပြတောင်းခံပြီး သတ်မှတ်ချိန်အတွင်း အဆင်သင့်ဖြစ်အောင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

စီမံကိန်းကာလကတော့ ၂၀၂၃ ခုနှစ်အကုန်မှာ ပြီးစီးမယ်လို့ခန့်မှန်းထားပါတယ်။ စီမံကိန်းပြီးစီးရင်တော့ လက်ရှိလူစီးရထားများ ရန်ကုန် - မန္တလေးကို (၁၅)နာရီခန့်ဖြင့် ပြေးဆွဲနေရမှုအခြေအနေဟာ (၈) နာရီခန့်သာဖြစ်မှာမို့လို့ ရထားအသုံးပြုသူများအနေဖြင့် အချိန်မြန်ဆန်မှန်ကန်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း စတဲ့အကျိုးကျေးဇူးများကို မလွဲမသွေရရှိခံစားရမှာဖြစ်တဲ့အကြောင်း ပြောကြားအသိပေးအပ်ပါတယ်။



» စာ- ၁၆ ဒေါ်သီသီနွယ်မှ အဆက်

ဆောင်ရွက်ဖို့ CP 108 နဲ့ ဂျပန် နိုင်ငံက Construction Management Consultantcy Services (CMC) ငှားရမ်းတဲ့စာချုပ်၊ စုစုပေါင်း ဂျပန်ယန်း ၈၀.၅၉၈ ဘီလီယံ စာချုပ်ချုပ်ဆိုပြီးဖြစ်ပါ တယ်။

တင်ဒါခေါ်ယူရန် ပြင်ဆင်နေတဲ့လုပ်ငန်းများကတော့ ရွာသာကြီးမှာ DEMU Depot စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် CP 105 တင်ဒါနဲ့ Train Mornitoring System (TMS) တပ်ဆင်ခြင်းလုပ်ငန်း CP 106 တင်ဒါတို့ဖြစ်ပါတယ်။

တောင်ငူ- မန္တလေးလမ်းပိုင်း အဆင့် (၂)ကို ဂျပန်ယန်း ၁၇၉.၀၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၆၃ ဘီလီယံ) ချေးယူဖို့ရှိပါတယ်။ မြန်မာ့မီးရထားဘတ်ဂျတ်က ကျခံပေးဖို့ ဂျပန်ယန်း ၃၅.၇၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၀.၃၂ ဘီလီယံ) ခန့်မှန်းထားပါတယ်။ တောင်ငူ- မန္တလေးလမ်းပိုင်း အဆင့် (၂)အတွက် စီမံကိန်းတန်ဖိုး စုစုပေါင်း ဂျပန်ယန်း ၂၁၄.၈၁၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၉၅ ဘီလီယံ) ခန့်မှန်းထားပါတယ်။ ရန်ကုန်- မန္တလေးလမ်းပိုင်းတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျစရိတ်စုစုပေါင်းက ဂျပန်ယန်း ၃၃၉.၄၇၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃.၀၁ ဘီလယံ) ဖြစ်ပါတယ်။ ODA ချေးငွေအဖြစ် ဂျပန်ယန်း ၂၈၀.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၅၄ ဘီလီယံ) ချေးယူရန်ခန့်မှန်းထားပါတယ်။ Phase 1 တုန်းကလိုပဲ Time Sliced Loan အဖြစ် အကြိမ်ကြိမ်ခွဲပြီးပေးမှာဖြစ်ပါတယ်။ တောင်ငူ- မန္တလေးလမ်းပိုင်းအတွက် ပထမအကြိမ်ချေးငွေ ဂျပန်ယန်း ၅၆.၆၂၂ ဘီလီယံရရှိပြီးဖြစ်ပါတယ်။ တောင်ငူ- မန္တလေးလမ်းပိုင်း အဆင့် (၂) အကောင်အထည်ဖော်ဖို့အတွက် Consultant ရွေးချယ်ပြီး စာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ Contractor ရွေးချယ်ဖို့ တင်ဒါများခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန် ODA ချေးငွေအတွက် အတိုးနှုန်းကတော့ ၀.၀၁ %၊ အရင်းငွေပြန်လည်ပေးဆပ်ရမည့်ကာလက ဆိုင်းငံ့ကာလ (၁၀)နှစ်၊ ပြန်ဆပ်ကာလ (၃၀)နှစ် စုစုပေါင်း (၄၀)နှစ်ဖြစ်တဲ့အတွက် အတိုးနှုန်းသက်သာစွာနဲ့ရရှိတဲ့ ချေးငွေဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေနဲ့ တစ်ပြိုင်တည်းမှာပဲ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကိုလည်း ဂျပန်နိုင်ငံ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေနဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန် ODA ချေးငွေ ဂျပန်ယန်း ၂၄.၂၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀၇ သန်း) ချေးငွေသဘောတူစာချုပ် ချုပ်ဆိုပြီးဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်စီမံကိန်းအတွက် Consultant ငှားရမ်းပြီး စာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ ချေးငွေနဲ့ဆောင်ရွက်မည့်လုပ်ငန်း (၂)ခုဖြစ်ပြီး ခေတ်မီအချက်ပြ ဆက်သွယ်ရေးလုပ်ငန်းအတွက် CP 201 ကို တင်ဒါခေါ်ယူပြီး Contractor စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ကျန်လုပ်ငန်းတစ်ခုဖြစ်တဲ့ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်ဝယ်ယူခြင်းလုပ်ငန်း CP 202 အတွက် တင်ဒါခေါ်ယူပြီး Contractor နဲ့ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့ပတ်အတွက် မြန်မာ့မီးရထား ဘတ်ဂျတ်ကကျခံပြီး လမ်းပိုင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းကို ဂျပန်ပညာရှင်များနဲ့ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ စီမံကိန်းအကျိုးအမြတ်နှင့် ကုန်ကျစရိတ် (Benefit/ Cost Ratio) အချိုးနဲ့ကြည့်ပြီးတော့ တိုင်းတာပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအပေါ်မှာ ပြရန်နှုန်း (Financial Internal Rate of Return- FIRR) ဆိုတာနှင့် စီးပွားရေးဆိုင်ရဦ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြရန်နှုန်း (Economic Internal Rate of Return- EIRR) တွက်ချက်ပြီးစီစစ်ရပါတယ်။ ဂျပန်နိုင်ငံက ပညာရှင်များနဲ့ဆောင်ရွက်တဲ့ Detail Design Study Team အဖွဲ့ရဲ့ တွက်ချက်မှုအရ ရန်ကုန်- တောင်ငူရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၁) အတွက် အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်အချိုး (Benefit/ Cost Ratio) က (၁.၅)ရရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြန်ရနှုန်း (FIRR) က (၈.၆ %)နှင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရနှုန်း (EIRR) က (၁၉.၂ %) ရှိတဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။

အလားတူတွက်ချက်မှုအရ တောင်ငူ- မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၂) အတွက် အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်အချိုး (Benefit/ Cost Ratio) က (၂.၄၉) ရရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြန်ရနှုန်း (FIRR)က (၁၃.၄ %)နှင့် စီးပွားရေးဆိုင်ရဦရင်းနှီးမြှုပ်နှံမှု ပြန်ရနှုန်း (EIRR) က (၁၆.၆၆ %) ရှိတဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်အချိုး (Benetit/ Cost Ratio) ကတော့ (၄.၂) ရရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြန်ရနှုန်း (FIRR) မှာ (၅.၂၄%) နဲ့ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုပြန်ရနှုန်း (EIRR) က (၂၀.၆၈%) ရှိတဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။

ယခုလက်ရှိ ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်- မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို အဓိကဦးစားပေးဆောင်ရွက်ခြင်းအားဖြင့် ခရီးသည်နှင့်ကုန်စည်များ ပိုမိုတိုးမြှင့်ပို့ဆောင်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခြင်း၊ ရထားစီးခရီးသွားပြည်သူများနှင့် ကုန်စည်ပို့ဆောင်သူများကို စိတ်ချမ်းမြေ့စွာ အဆင့်မီဝန်ဆောင်မှုပေးနိုင်ခြင်း၊ ရထားပြေးဆွဲချိန်လျှော့ချပြီး အချိန်မှန်ကန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းစေခြင်းဖြင့် ခရီးသွားပြည်သူများရဲ့ ဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ ယုံကြည်စိတ်ချမှုတိုးတက်လာစေနိုင်သဖြင့် ခရီးသည်စီးနင်းမှုပမာဏ မြင့်တက်လာနိုင်ခြင်း၊ ဂျပန်နိုင်ငံ၏ နည်းပညာများဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် နည်းပညာလွှဲပြောင်းရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

» စာ- ၁၆ ဦးအောင်မြင့်လှိုင်မှ အဆက်

လမ်းပြင်တာဖြစ်တဲ့အတွက် တစ်လမ်းပဲ ရထားပြေးဆွဲနေတာဖြစ်ပါတယ်။

ရထားတစ်လမ်းပဲပြေးရတဲ့အခါမှာ ရထားတွေဆုံ/ကျော် အခက်အခဲတွေဖြစ်လာတာဖြစ်ပါတယ်။ နဂိုကတော့ ဘူတာတွေမှာ သူ့လမ်းနဲ့သူ အဆန်အတက် အဆန်လမ်းသွား အစုန်အတွက် အစုန်လမ်းသွားတဲ့အတွက် ရထားက ဆုံခြင်းကျော်ခြင်းက ဘာမှအခက်မခဲမရှိပေမယ့် တစ်လမ်းထဲသွားတဲ့အခါမှာ ရထားဆုံခြင်းကျော်ခြင်းကို အချိန်တွေပေးရတာဖြစ်ပါတယ်။ ဒီလိုပေးရတဲ့အတွက် ရထားတွေက ပြေးဆွဲချိန်တွေများလာပါတယ်။ နောက်တော့ ဘူတာကလည်း လိုအပ်တဲ့ပွိုင့်တွေ အချက်ပြတွေအားလုံးလည်းပြင်ရပါတယ်။ ပွိုင့်တွေဆိုလည်း Interlocking points တွေမဟုတ်ဘူး။ non-Inter locking point တွေဖြစ်တဲ့အတွက် ဘူတာအဝင်မှာ မိုင်နှုန်းတွေလျှော့လိုက်ရတဲ့အနေအထားတွေရှိပါတယ်။ အဲ့တော့ ရထားပြေးဆွဲချိန်တွေများလာပါတယ်။ ဒီရ ထားရဲ့ frequency ကလည်း အတတ်နိုင်ဆုံး ခရီးသည်တွေသွားလို့ရမယ့်အချိန် ရထားတွေကို လျှော့လို့မဖြစ်တဲ့အတွက် ဒါကျွန်တော်တို့ပြေးဆွဲချိန်တွေများလာတဲ့အခါ ဘူတာတစ်ခုနဲ့တစ်ခု ဘူတာအသစ်တွေနေရာရွှေ့ပြီးဆောက်ရတာရှိတယ်။

ဒီလိုပြေးဆွဲရေးအတွက်ကို အချိန်တစ်နှစ်လောက်ယူပြီး ကြိုတင်ပြင်ဆင်ခဲ့ရတာဖြစ်ပါတယ်။ ဒီ single လိုင်း စပြေးတဲ့အချိန်မှာ တစ်နှစ်လောက်အချိန်ယူကြိုတင်ပြင်ဆင်ပြီးလုပ်တဲ့အတွက် အဆင်ပြေပြေပြေးဆွဲနိုင်တဲ့အနေအထားဖြစ်ပါတယ်။ တစ်လမ်းကိုပြေးပြီး တစ်လမ်းကိုပြင်တာဖြစ်ပါတယ်။

ရထားအချိန်စာရင်းကိုဆွဲတဲ့အခါမှာလည်း ကန့်ထရိုက်တာတွေအလုပ်လုပ်ချိန် Window Time လွတ်အောင် ရန်ကုန်၊ မန္တလေးကထွက်တဲ့အချိန် ဝင်တဲ့အချိန်တွေကို ညှိနှိုင်းလုပ်ယူခဲ့ရပါတယ်။ Night Window Time အဖြစ် ရွာသာကြီး - ထုံးကြီးပိုင်းမှာ ည (၁၁) နာရီကနေပြီး မနက် (၃)နာရီအထိ (၄)နာရီပေးရတယ်။ ထုံးကြီး - ပဲခူးမှာ ည (၁၀)နာရီကနေ မနက် (၂)နာရီအထိ (၄)နာရီထပ်ပေးရတယ်။ ရထားခရီးသည်တွေ အဆင်ပြေအောင်ဆိုပြီး ရထားအချိန်တွေကိုဆွဲခဲ့ရတာဖြစ်ပါတယ်။ နေပြည်တော်နဲ့ မော်လမြိုင်ပြေးတဲ့ရထားဆိုရင် (၁၆) အစုန်/ ၁၅ အဆန်ကို လုံးဝကိုရပ်လိုက်ရပါတယ်။ ဘာလို့ဆို ကျွန်တော်တို့ ဒီအိမ်ခြေလေးဆယ်ဘူတာက နေပြီးတော့ မော်လမြိုင်ကသွားတဲ့လမ်းပဲကျန်မယ်။ ရန်ကုန် - နေပြည်တော် ပြေးနေတဲ့ (၃၁)အဆန် (၃၂) အစုန်ဆိုတဲ့ နေ့ရထားနှစ်စီးကို ရပ်လိုက်ရတယ်။ ရန်ကုန် - နေပြည်တော် ပြေးတာ (၃၁)၊ (၃၂)ရထားဖြစ်ပေမယ့် ဒီလမ်းမှာရှိတဲ့ ဘူတာခရီးသည်တွေ သွားလို့ရအောင်ဆိုပြီး ရန်ကုန် - မန္တလေးပြေးတဲ့ (၁၁)အဆန် (၁၂)အစုန် ရထားကို (၃၁)၊ (၃၂)ရပ်တဲ့ ဘူတာတွေမှာ ရပ်ပေးလိုက်တယ်။ ခရီးသည်တွေ အဆင်ပြေအောင်ပါ။ ဒီလိုလုပ်ပေးလိုက်တဲ့အတွက် ရထားသွားလာရေးမှာ ခရီးသည်တွေက ပုံမှန်လေးတော့သွားနေတာပေါ့။ ခရီးသည်ဦးရေရော ကုန်တင်တွေရောပေါ့နော်။

ပြေးဆွဲချိန်ကိုတော့ ရန်ကုန် - မန္တလေးတဲ့ (၁၁) အဆန် (၁၂)အစုန်ဆိုရင် နဂိုတုန်းက (၁၅)နာရီပြေးတာပေါ့။ အခုဆိုရင် (၁၈)နာရီကျော်လောက်ပြေးရတယ်။ ရန်ကုန် - တောင်ငူကြားမှာ ရထားဆုံ/ကျော်တွေအတွက်ကို အချိန်တွေပေးရတာဖြစ်ပါတယ်။ ဒီတော့ ပွိုင့်တွေကို လှုနဲ့ခွဲရတယ်။ ပွိုင့်တွေကိုဘူတာက ခွဲလို့ရတဲ့ စနစ်တွေမရှိတော့တဲ့အတွက် အချက်ပြတွေအဆက်အသွယ်တွေရော အကုန်လုံးပြင်ဆင်ရပြီး ကန်ထရိုက်တာတွေလည်း အလုပ်လုပ်လို့ရအောင် ရထားလည်းသွားလို့ရအောင် ပြန်ချိန်ရတာပေါ့။ အခုဆိုဘူတာတွေကို ရွှေ့ပေးရတဲ့အနေအထားတွေရှိပါတယ်။ ၂၀၀၇ ခုနှစ်နောက်ပိုင်းမှာ နေပြည်တော်လည်းပေါ်လာတယ်။ နောက်ပြီး ရန်ကုန် - မန္တလေးအမြန်ကြီးပေါ်လာတယ်။ နောက်ပြီး ကားတင်သွင်းတဲ့ အော်တိုပေါ်လစီတွေပေါ်လာတဲ့ချိန်မှာ ကားတွေလည်းများလာတယ်။ လမ်းတွေလည်း ကောင်းလာတဲ့အချိန်မှာ ရထားက ကျသွားတယ်။ လက်ရှိအမြန်လမ်းမှာ ပြေးနေတဲ့ဟိုင်းဝေးကားတွေက (၈) နာရီပြေးနေတာဖြစ်ပါတယ်။ ရန်ကုန်အောင်မင်္ဂလာအဝေးပြေးကနေ မန္တလေးကျွဲဆည်ကန်အထိ ပြေးတာဖြစ်ပါတယ်။ အခုရထားက လမ်းပြင်ပြီးသွားရင် (၈)နာရီပဲ ပြေးမှာဖြစ်ပါတယ်။ ရန်ကုန်ဘူတာကြီး (မြို့တွင်း)က နေ မန္တလေးဘူတာကြီး (မြို့တွင်း)အထိရောက်မယ့်အနေအထားဖြစ်ပါတယ်။

ရထားက ကားနဲ့မတူဘဲ အားသာချက်က လုံခြုံဘေးကင်းတဲ့အချက်ပြစနစ် သွားလာရေးစနစ်တွေအတိုင်း သွားရတာဖြစ်ပါတယ်။ စက်ခေါင်းဆိုလည်း စက်ခေါင်းမောင်းအကူပါတယ်။ နောက်ရထားပေါ်မှာလည်း ခရီးသည်တွေ လွတ်လွတ်လပ်လပ်လမ်းလျှောက်လို့ရတယ်။ အပေါ့အပါးတွေသွားလို့ရတယ်။ စားသောက်လို့ရတဲ့ စားသောက်တွဲတွေရှိတယ် စသဖြင့် ဒီလိုအားသာချက်တွေအရဆိုရင် အခုမြင့်တင်နေတဲ့စီမံကိန်းတွေပြီးသွားရင် ရထားကို ခရီးသည်တွေပြန်ပြီးစီးနင်းကြမှာ ဖြစ်ပါတယ်။ ကျေးလက်တွေမှာ ဟိုတုန်းက နာရီမလို ဘူး။ ရထားသံကြားတာနဲ့ ဘယ်နှစ်နာရီလဲဆိုတာသိ တယ်။ ရထားအသံကြားလို့ ရထားလာပြီဆိုတာနဲ့ ဘယ်နှစ်နာရီလဲဆိုတာသိတယ်ပေါ့။ အခုဒီစီမံကိန်းကြီးပြီးသွားရင် ဒီလိုအချိန်ကို ပြန်ရောက်တော့မှာပါ။ အခုတည်ဆောက်ရေးကာလမှာ ကြန့်ကြာမှုတွေရှိပေမယ့် လမ်းကြီးပြီးသွားရင် ရထားအသစ်ကြီးတွေနဲ့ ပြေးဆွဲတဲ့အချိန်ကျရင် ဟိုးအရင်တုန်းကလို မီးရထားခေတ်ပြန်ရောက်မှာဖြစ်ပါတယ်။

COVID-19 အလွန် ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ရေး အစည်းအဝေးပြုလုပ်

COVID-19 အလွန် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ရေး အစည်းအဝေးကို မတ်လ (၁၄)ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်က အဖွင့်စကားပြောကြားရာတွင် COVID-19 ဗိုင်းရပ်စ်မှာ အချိန်တိုအတွင်းပြန့်နှံ့လျက်ရှိရာ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ကူးစက်ခံနေရပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လည်း အဆိုပါရောဂါပိုးကို ကူးစက်ပျံ့နှံ့နိုင်သော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် မတ်လ (၁၁)ရက်က ကြေငြာခဲ့ပါကြောင်း၊ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းမှာလည်း ကျဆင်းခဲ့ရပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းအချို့ ယာယီရပ်ဆိုင်းခြင်း၊ နယ်စပ်ဝင်/ထွက်ပေါက်များ ယာယီပိတ်ခြင်းများလည်းဖြစ်လာပါကြောင်း၊ ပြန်လည်တည်ငြိမ်မည့်ကာလကို မှန်းဆ၍မရသေးပါကြောင်း၊ သို့ဖြစ်ပါ၍ စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရေးနှင့် အလွန်ကာလများအတွက် ဆောင်ရွက်ရမည့်အစီအမံများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးမှ COVID-19 ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ခရီးသွားလုပ်ငန်းများ၏ အခြေအနေများ၊ နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ရေးအတွက် ပြုလုပ်နေသည့်ကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးမှ ရန်ကုန်တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအချို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသည့် တရုတ်ခရီးသွားကုမ္ပဏီတာဝန်ရှိသူများမှ ဆွေးနွေးပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့မှ ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားဥယျာဉ်ကြားမှဦးစီးဌာန၊ ဒုတိယဥယျာဉ်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအချို့တို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ES



Htoo Hospitality နှင့် Banyan Tree Holdings တို့ မြန်မာပြည်တွင် အကျိုးတူ ပူးပေါင်းမည်



Htoo Hospitality (ထူးဟိုတယ် လုပ်ငန်း) ဟု လူသိများသည့် Myanmar Treasure Hotel & Resort Group Company Limited သည် Banyan Tree Holdings Limited ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော Banyan Tree Hotel & Resorts နှင့် မြန်မာနိုင်ငံရှိ ဟိုတယ်စီမံခန့်ခွဲမှုလုပ်ငန်း "the JV" ကို အကျိုးတူဖက်စပ်ပူးပေါင်းကာ လက်တွဲအလုပ်လုပ်ဆောင်သွားရန် မတ်လ (၁၆)ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

Htoo Group (ထူးလုပ်ငန်းစု) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးတေဇက "ကျွန်တော်တို့အနေနဲ့ ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်တဲ့ဖွံ့ဖြိုးတိုးတက်မှုမျိုးကို အလေးပေးဆောင်ရွက်ဖို့နဲ့ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းထားရင်းနဲ့ တစ်ပြိုင်တည်းမှာ မြန်မာ့ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အဆင့်မီဖြစ်တဲ့အထိကြိုးစားဖို့ သံမိဉ်ခန်ချထားပါတယ်။ ကျွန်တော်တို့ ထူးလုပ်ငန်းစုလက်အောက်က မြန်မာနိုင်ငံရဲ့အလှဆုံးနေရာမှာ တည်ဆောက်ထားတဲ့ ဟိုတယ်တွေနဲ့ Banyan Tree ရဲ့ ထူးချွန်ပြောင်မြောက်တဲ့ ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုအတတ်ပညာနဲ့ အကျိုးတူဖက်စပ်ပူးပေါင်းခြင်းဟာ မြန်မာနိုင်ငံရဲ့ ဟိုတယ်လုပ်ငန်းကို နောက်တစ်ဆင့်ရောက်ဖို့ အထောက်အကူဖြစ်စေနိုင်မယ့် အပြင် ကျွန်တော်တို့လုပ်ငန်းစုနှစ်ခုလုံးရယ် ဝန်ထမ်းတွေရယ်နဲ့ ပတ်ဝန်းကျင်အတွက် အပြုသဘောဆောင်တဲ့ ရလာဒ်တွေရလာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့လုပ်ငန်းစုက အခြားနယ်ပယ်ကဏ္ဍတွေမှာ လက်တွဲလုပ်ကိုင်လိုတဲ့ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမယ့်သူတွေကို အတူတကွ အောင်မြင်အောင်ကြိုးစားဖို့ စိတ်အားထက်သန်စွာ ကြိုဆိုလျက်ရှိနေပါတယ်" ဟု ဆိုသည်။

ကနဦးတွင် "the JV" သည် Htoo Hospitality (ထူးဟိုတယ် လုပ်ငန်း) လက်အောက်ရှိ ဟိုတယ်နှင့် အပန်းဖြေစခန်း (၁၇)ခု (လက်ရှိလည်ပတ်နေသော ၁၅ ခုနှင့် တည်ဆောက်ဆဲ ၂ ခု)ကို စီမံခန့်ခွဲသွားမည်ဖြစ်သည်။ စီမံခန့်ခွဲသွားမည့် ဟိုတယ်နှင့် အပန်းဖြေစခန်းများစာရင်းတွင် Htoo Hospitality ၏ ထင်ရှားလူသိများသော ဟိုတယ်နှင့်အပန်းဖြေစခန်းများဖြစ်သည့် ပုဂံ၊ ငပလီနှင့် အင်းလေးဒေသများတွင် ရှိသော Aureum Palace ဟိုတယ်နှင့် အပန်းဖြေစခန်း၊ မလိခ Lodge တို့အပြင် တည်ဆောက်ဆဲဖြစ်သော ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်နှင့် မြိတ်ကျွန်းစုတွင် အသစ်တည်ဆောက်မည့် ဟိုတယ်လည်း အပါအဝင်ဖြစ်သည်။ ဤစာရင်းတွင် ပါဝင်သော ဟိုတယ်နှင့်အပန်းဖြေစခန်းများကို အကျိုးတူဖက်စပ်ပူးပေါင်းလုပ်ကိုင်သော ဟိုတယ်နှင့်အပန်းဖြေစခန်းများကို အမည်သစ်ပေးခြင်းလည်းကောင်း၊ Banyan Tree Holdings လက်အောက်ရှိ အမည်တစ်ခုအဖြစ်ဖြင့် အမည်ပေးခြင်းလည်းကောင်း တဖြည်းဖြည်းချင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

ရေရှည်အကျိုးတူဖက်စပ်ပူးပေါင်းလုပ်ဆောင်သွားမည့် ဤသဘောတူညီချက်အရ the JV ကို အခြားလုပ်ငန်းများကပိုင်ဆိုင်သော ဟိုတယ်များ၊ အပန်းဖြေစခန်းများကို စီမံခန့်ခွဲမည့် မြန်မာနိုင်ငံ၏ ထိပ်တန်းဟိုတယ်စီမံခန့်ခွဲမှုလုပ်ငန်းတစ်ခုဖြစ်လာစေရန် မျှော်မှန်းထားကြောင်း သိရသည်။

Myanmar Treasure Hotel & Resort Group Company Limited ဟု တရားဝင်မှတ်ပုံတင်ထားသော Htoo Hospitality (ထူးဟိုတယ်လုပ်ငန်း) သည် ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံသားပိုင် Htoo Group of Companies (ထူးလုပ်ငန်းစု) ၏ လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်သည်။ Htool Hospitality ၏ မိခင်လုပ်ငန်းစုဖြစ်သော Htoo Group of Companies (ထူးလုပ်ငန်းစု) ၏ လက်အောက်တွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ လူမှုဘဝနှင့် ဖျော်ဖြေရေးလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်း အစရှိသည့် လုပ်ငန်းပေါင်းများစွာ လည်ပတ်လျက်ရှိသည်။

၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သော Banyan Tree Holdings သည် အမှီအခိုကင်းပြီး အမှတ်တံဆိပ်ပေါင်းစုံရှိသော ကမ္ဘာ့အကြီးဆုံး ဟိုတယ်လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။ ဟိုတယ်၊ အပန်းဖြေစခန်း၊ Spa ၊ ပြခန်း၊ ဂေါက်ကွင်းနှင့် အဆင့်မြင့်အိမ်ယာ အစရှိသည့် လုပ်ငန်းအမျိုးမျိုးကို လုပ်ငန်းစုလက်အောက်ရှိ ဆုငါးကြိမ်ရရှိထားသော Banyan Tree, Angsana, Cassia, Dhawa နှင့် Laguna အစရှိသော လုပ်ငန်းခွဲများမှ လုပ်ကိုင်နေလျက်ရှိပါသည်။

ES

ပျဉ်မြို့ဟောင်း(၃)မြို့၌ ပထဝီ သတင်းအချက်အလက် အလွှာများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်



ကမ္ဘာ့အမွေအနှစ် ပျဉ်မြို့ဟောင်း(၃)မြို့၌ ပထဝီသတင်းအချက်အလက်အလွှာများ(GIS Layer) အဆင့်မြှင့် တင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မှသိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သည် ရှေးဟောင်းသုတေသနဆိုင်ရာ ဒေသများနှင့် သက်ဆိုင်သောသုတေသနအချက်အလက်များကို ကောက်ယူ၍ GIS Database System ကို ချိတ်ဆက်အသုံးပြုကာ မြေပုံများနှင့် တကွ ရေးဆွဲတင်ပြခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ပျဉ်မြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးနှင့် ကိုက်ညီသော အထောက်အထားများကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် အခြေခံကျသည့်လုပ်ငန်းစဉ်ဖြစ်သည့် တိကျသော ဇုန်နယ်နိမိတ်သတ်မှတ်၍GIS Data ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါGIS Data မှရရှိလာသော အချက်အလက်များကိုအခြေခံကာ ပျဉ်မြို့ဟောင်း(၃)မြို့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းအတွက် အဆိုပြုစာတွဲ တင်သွင်းရေးသားခြင်းနှင့်အမွေအနှစ် စီမံထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်များကို ဌာနအရာထမ်း/အမှုထမ်းများနှင့် ပြည်တွင်း၊ ပြည်ပပညာရှင်များပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ပျဉ်မြို့ဟောင်း(၃)မြို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြဆိုင်ရာအဆောက်အအုံများ၊ စီမံကိန်းလုပ်ငန်းများ၊ မြေယာအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုအခြေအနေ၊ သတ်မှတ်နယ်မြေအတွင်းရှိ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကမ္ဘာ့အမွေအနှစ် ဒေသဇုန်နယ်မြေသတ်မှတ်ချက်များကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရန်အတွက် စနစ်တကျ ရေးဆွဲသိမ်းဆည်းထားသော စနစ်တစ်ခုတည်ဆောက်နိုင်ရန်လို အပ်လျက်ရှိသည်။

ထို့ကြောင့် ပျဉ်မြို့ဟောင်း(၃)မြို့ရှိ ပထဝီသတင်းအချက်အလက်အလွှာများ(GIS Layer) အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလုပ်ငန်းစဉ်များ ချမှတ်လျာထားဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများကို အမွေအနှစ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များနှင့်အညီ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်မတ်လမှစ၍ သရေခေတ္တရာမြို့ဟောင်းတွင် GIS Layer သတင်းအချက်အလက်များ စစ်ဆေးခြင်းကို စတင်ဆောင်ရွက်လျက်ရှိပြီး ဗိဿနိုးမြို့ဟောင်းနှင့် ဟန်လင်းမြို့ဟောင်းတို့တွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ES

အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများ တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES) တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးခေါင်းဆောင်များအား ပံ့ပိုးကူညီခြင်း၊ အမျိုးသမီးကိုယ် စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများတိုက်ဖျက်ခြင်းတို့နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara Hotel ၌ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးမြင့်နိုင်က "ဒီမိုကရေစီလှုပ်အဖွဲ့အစည်းတွင် လူသားအားလုံး တန်းတူညီမျှဖြစ်သည်" ဆိုသည့် အခြေခံမူကို အလေးထားပါကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့သည် လူသားအားလုံး ကျား/မ တန်းတူညီမျှ ပါဝင်ခွင့်ရှိသောအခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မကြာမီကာလတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပြည်သူလူထုဆန္ဒနှင့်အညီ ပါဝင်အရွေးချယ်ခံကြရမည် ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေတွင် အမျိုးသမီးဦးရေကအမျိုးသားဦးရေထက် ပိုများနေသော်လည်း ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်အသီးသီး၌ အမျိုးသမီးများပါဝင်မှုအနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးပါဝင်မှု (၄) ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးပါဝင်မှု (၁၃) ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် နိုင်ငံရေးတွင် အမျိုးသားများနှင့် တန်းတူညီမျှပါဝင်မှုပမာဏနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ပွဲများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အမုန်းစကားများ ပြောဆိုခြင်းများသည် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်ဖြစ်သည့် ရွေးကောက်ပွဲများ၏ စံချိန်စံညွှန်းကို ပျက်ယွင်းစေပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်တွင် ပိုမိုပါဝင်လာစေရေး၊ အမုန်းစကားဖြင့် တိုက်ခိုက်ခြင်းများကို တားဆီးပြီး တန်းတူညီမျှမှုရှိစေရေး စသည့် ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်ညီသည့် ရွေးကောက်ပွဲများဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ES

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် UMFCCI ရန်ပုံငွေတစ်ရပ် ထူထောင်မည်



COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်မည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က မတ်လ (၁၄)ရက်တွင် ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ နိုင်ငံအများအပြားတွင် ဖြစ်ပေါ်နေသော COVID-19 ကို ကမ္ဘာကပ်ရောဂါ (Pandemic) အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ကပ်ရောဂါအကျိုးဆက်အဖြစ် မြန်မာနိုင်ငံတွင်လည်း စီးပွားရေးရိုက်ခတ်မှုများရှိလာခြင်းကြောင့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) သည် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍ စီးပွားရေးအရ ထိခိုက်မှုများအပေါ်တွင် အကောင်းဆုံးတုံ့ပြန်ဖြေရှင်း ပေးနိုင်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအပေါ် မျက်ခြေမပြတ် စောင့်ကြည့်လေ့လာ၍ ဆောင်ရွက်သင့်သည်များကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အဆိုပါကပ်ရောဂါကူးစက်ပြန့်ပွားမှုများဖြစ်ပေါ်လာပါက အရေးပေါ်လိုအပ်မည့် ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးနှင့် အခြားလိုအပ်မှုများအတွက် ပံ့ပိုးနိုင်ရန် ရန်ပုံငွေတစ်ရပ်ကို ထူထောင်၍ မတည်လျှုဒါန်းသွားမည်ဖြစ်ကြောင်း အသိပေးချက်ထုတ်ပြန်ထားကာ အသင်းချုပ်အနေဖြင့် ငွေကျပ်သိန်း (၁,၀၀၀)ကို ကနဦး မတည်၍ ထည့်ဝင်လှူဒါန်းမည်ဖြစ်ပြီး အသင်းသူ၊ အသင်းသားများ၊ ညီနောင်အသင်းအဖွဲ့များ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ အားလည်း ယင်းရန်ပုံငွေတွင် ထည့်ဝင်လှူဒါန်းလိုပါက မိမိစေတနာအလျောက် လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်တွင် လိုအပ်သည့် ပစ္စည်းကိရိယာ အသုံးအဆောင်နှင့် ဆေးဝါးများကို ရန်ပုံငွေမှ ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

BPO

အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (NADP) ငါးနှစ်စီမံကိန်း ဆောင်ရွက်မည်

မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့်ဥပဒေ မူဘောင်ဆိုင်ရာ အထောက်အပံ့များ ပေးရန်ရည်ရွယ်၍ အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Aquaculture Development Plan NADP) ကို ငါးနှစ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ADS ၏ အခြေခံစည်းမျဉ်းများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ NES နှင့် အခြားအမျိုးသားအဆင့် စည်းမျဉ်းမူဘောင်များ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

NADP တွင် အားလုံးပါဝင်ဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ပို့ကုန်ဝင်ငွေတိုးတက်စေခြင်း၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံပြည့်ဝရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် အချက်ငါးချက် အဓိကပါဝင်ပြီး ယင်းစီမံကိန်းကို ပါဝင်ဖော်ဆောင်ရာတွင် ကျေးလက်ဒေသလူထုအသိုင်းအဝိုင်းက ထုတ်လုပ်လျက်ရှိသည့် အခြေခံကုန်စည်များကို တန်ဖိုးမြှင့်ရန်သာမက မြင့်တက်လာသည့် ဝင်ငွေပမာဏနှင့် အကျိုးအမြတ်ကိုလည်း တန်းတူညီမျှခံစားခွင့်ရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းကဏ္ဍတွင် ပါဝင်သက်ဆိုင်သူအားလုံးအတွက် ထိရောက်စွာ အထောက်အကူပြုစေရန်ရည်ရွယ်၍ ဥရောပသမဂ္ဂနှင့် ဂျာမန်နိုင်ငံအစိုးရတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MYSAP) နှင့် မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP) ကို ဖော်ထုတ်ရေးဖွဲ့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာတွင်လည်း ရေသတ္တဝါမွေးမြူရေးကဏ္ဍကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များဖန်တီးမှုအတွက် အလေးပေးဖော်ပြခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

ခွဲ

နယ်စပ်စစ်ဆေးရေး ဂိတ်များမှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့် ယာယီပိတ်ပင်တားမြစ်

နယ်စပ်စစ်ဆေးရေးဂိတ်များမှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့် ယာယီပိတ်ပင်တားမြစ်ကြောင်း အသိပေးကြေညာချက်ကို မတ်လ (၁၉)ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

COVID-19 ရောဂါ ပြည်ပမှ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မည်သည့်နိုင်ငံခြားသားကိုမဆို မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့်ကို မတ်လ (၁၉)ရက်မှစတင်၍ ယာယီပိတ်ပင်တားမြစ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

သို့သော် နှစ်ဖက်ဒေသခံပြည်သူများ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ် (Border Pass)ဖြင့် ဝင်ရောက်ခွင့်ကိုမူ ပိတ်ပင်ခြင်းရှိမည်မဟုတ်ဘဲ ဝင်ရောက်လာသူများအား ကိုယ်အပူချိန်တိုင်းတာမှုများ၊ ကျန်းမာရေးစိစစ်မှုများကိုသာ တင်းကြပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာရရှိထားသည့် နိုင်ငံခြားသားများ အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှသာ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဝင်ရောက်ခွင့်၊ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ES



အခြေခံစားသောက်ကုန်၊ လူသုံးကုန်များ ဈေးနှုန်းတည်ငြိမ်ရေး ကုန်သည်စက်မှုအသင်းချုပ်မှ ညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်မည်

အခြေခံစားသောက်ကုန်၊ လူသုံးကုန်များ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ လက်တွဲပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သတင်းထုတ်ပြန်ထားသည်။

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အများပြည်သူနေ့စဉ်စားသုံးနေရသည့် အခြေခံစားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါးနှင့်ဆေးပစ္စည်းစသည့် ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန်နှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းဝယ်နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများ အသင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း စသည့်အသင်းများအပါအဝင် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံအများအပြားတွင်ဖြစ်ပေါ်နေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ (COVID-19)ကြောင့် ပြည်သူများမှ စိုးရိမ်ပူပန်မှုများဖြင့် ဆန်၊ ဆီစသည့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကိုပုံမှန်ထက် ပိုမိုဝယ်ယူနေခြင်းကြောင့်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များမှလည်း ကမ္ဘာတစ်ဝှမ်း ကပ်ရောဂါရင်ဆိုင်နေရသော ယခုလိုကာလတွင်အများပြည်သူအကျိုး၊ နိုင်ငံအကျိုးကို ရှေးရှု၍ ကုန်သည်စက်မှုအသင်းချုပ်နှင့် တူညီသော သဘောထားရပ်တည်ချက်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး COVID-19 အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်နေသည့် စီးပွားရေးအကျပ်အတည်းများအပြင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ လူမှုရေးအကျိုးသက်ရောက်မှုများကိုလည်း ကုန်သည်စက်မှုအသင်းချုပ်မှ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

ခွဲ

သဘော်ဘသားနှင့် အလုပ် (Housekeeping)



ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် Decent working environment ရှိစေရန်နှင့် ISM Code ကို လေးစားလိုက်နာသောအားဖြင့် သန့်ရှင်း၊ တောက်ပြောင်၊ ပိုးမွှားကင်းစင်၊ မကောင်းသော အနံ့အသက်ကင်းစင်ခြင်း စသော Good Housekeeping ရှိရန် အထူးလိုအပ်ပါသည်။

အဆိုပါ Good Housekeeping နှင့် စပ်လျဉ်း၍ မိခင်ကျောင်းတော်ကြီးတွင်လည်း သင်ယူလေ့လာနိုင်ပါသည်။

မိခင်ဖြစ်သူသည် အိမ်မှုကိစ္စများဖြစ်သော

၁။ သန့်ရှင်းရေး

၂။ လျှော်ဖွပ်၊ မီးပူတိုက်ခြင်း

၃။ သန့်ရှင်းကောင်းမွန်၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဖွယ်ရာများကို စီမံချက်ပြုတ်ခြင်း

၄။ အချိန်နှင့်အမျှ ထွက်ရှိလာသော အမှိုက်များကို စွန့်ပစ်ခြင်း

၅။ သန့်ရှင်းရေးသုံးပစ္စည်းကိရိယာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဟင်းချက်စရာ သားငါး၊ ဟင်းသီးဟင်းရွက်၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဖြူ/ နီ၊ အာလူး စသည့် လိုအပ်သောအရာများ ဝယ်ယူခြင်း

၆။ အိမ်သုံး၊ မီးဖိုချောင်သုံး ပစ္စည်းများကို သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းထားရှိခြင်း အစရှိသည်တို့ကို စီစဉ်/ စီမံ ဆောင်ရွက်ပါသည်။

ထိုနည်းတူ ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည်လည်း ညီညွတ်တက်ကြွစွာ Good Housekeeping ရှိစေရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါသည်။

Good Housekeeping ရှိစေရန် ဝန်ထမ်းများအားလုံး စည်းကမ်းလည်းရှိဖို့၊ နည်းလမ်းလည်း သိဖို့ လိုအပ်ပါသည်။

၁။ မိမိသက်ဆိုင်ရာ နေရာအလိုက်၊ ဖုန်အမှိုက်ကင်းစင်ပြီး၊ ပိုးမွှားကင်းစင်စေရန် ဆောင်ရွက်ခြင်း

၂။ အချိန်မှန် အိပ်ရာခင်း အသုံးအဆောင်များအားလျှော်ဖွပ်၊ မီးပူတိုက်ထားသော အသုံးအဆောင်များနှင့် လဲလှယ်ခင်းကျင်းပေးခြင်း

၃။ သန့်ရှင်းကောင်းမွန်၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဖွယ်ရာများကို Mess Committee ၏ဆုံးဖြတ်ချက်နှင့်အညီ Menu ဆွဲ၍ စီမံချက်ပြုတ်ခြင်း

၄။ အချိန်နှင့်အမျှ ထွက်ရှိလာသော အမှိုက်များကို သက်ဆိုင်ရာ သတ်မှတ်အမှိုက်ပုံးများမှ Onboard Garbage Retain Area ရှိအမှိုက်အမျိုးအစား အလိုက် အရောင်ခွဲခြားသတ်မှတ်ထားသော အမှိုက်ပုံးများ (Proper segregation of garbage & well keep it in assigned colours coded, different garbage bins) အတွင်းသို့ စွန့်ပစ်ခြင်း

၅။ ပရိဘောဂများနှင့် အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းထားရှိခြင်းအစရှိသဖြင့် စည်းကမ်းရှိ၊ နည်းလမ်းသိစွာဖြင့် တာဝန်ကျေပွန်စွာ ညီညွတ်တက်ကြွစွာ ကြိုးစားဆောင်ရွက်ခြင်းဖြင့် Good Housekeeping ရှိစေရန် အစဉ်ဂရုပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

သဘော်သားနှင့်အလုပ် (Handle with care)

ကျွန်တော်တို့ ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် ကုန်တင်ဆောင်သောအခါ၌လည်းကောင်း ကုန်များတင်ဆောင်လာသည့် အနေအထားအတိုင်း ဘေးကင်းလုံခြုံမှုရှိစေရန် ချည်နှောင်တုပ်နှောင် (Cargo Securing) ဆောင်ရွက်စဉ်အခါ၌လည်းကောင်း အထူးဂရုပြု (Handle with care)ဆောင်ရွက်ကြပါသည်။

တင်ဆောင်သော ကုန်ပစ္စည်းများတွင်

၁။ ကျိုးပဲ့ကွဲကြေလွယ်သော ကုန်ပစ္စည်းများ

၂။ ချွန်ထက်သောချိတ်ဖြင့် အသုံးမပြုသင့်သော ဆန်အိတ်၊ သကြားအိတ်၊ ဂျုံမှုန့်အိတ် စသည်များ

၃။ အနံ့ပြင်းကုန်ပစ္စည်းများနှင့် ရောနှောနီးစပ်စွာ မတင်ဆောင်သင့်သော ကုန်ပစ္စည်းများ (Taint Cargoes)

Cargoes which taint easily, e.g. tea, flour, tobacco, etc. should be kept well away from strong smelling cargoes.

If a pungent cargo has been carried previously, i.e. cloves or cinnamon for example, the compartment should be deodorized before loading the next cargo.

Dirty cargoes should never be carried in the same compartment as clean cargoes. A general comparison of dirty cargoes would include such commodities as oils, paints or animal products, whereas clean cargoes would cover the likes of foodstuffs or fabrics. Obviously some notable exceptions in each of the two classes are to be found.

၄။ ပူပြင်းသောနေရာများနှင့် ထိစပ်၍ မတင်သင့်သောကုန်ပစ္စည်းများ

၅။ အန္တရာယ်ရှိ ကုန်ပစ္စည်းများ (Dangerous Goods) ၌အကွာအဝေး နေရာခြားနား၍ (Proper Segregations) ဘေးကင်းလုံခြုံစွာတင်ဆောင်ရမည့် ကုန်ပစ္စည်းများ

၆။ ပုပ်သိုးပျက်စီးလွယ်၍ လိုအပ်သော ထားရှိရမည့် အအေးပမာဏ အေးခဲ၍ တင်ဆောင်ရမည့် ကုန်ပစ္စည်းများ (Perishable cargo)

perishable cargo

Cargo requiring refrigeration, such as meat, fruit, fresh vegetables, and medical department biologicals.

အစရှိသဖြင့် ကုန်ပစ္စည်းအမျိုးအစား သဘာဝအလိုက် ကုန်များတင်ဆောင်လာသည့် အနေအထားအတိုင်း ဘေးကင်းလုံခြုံမှုရှိစေရန် အထူးဂရုပြု (Handle with care) ဆောင်ရွက်ကြပါသည်။

အဆိုပါ (Handle with care) နှင့်ပတ်သက်၍ မိခင်ကျောင်းတော်ကြီးများမှလည်း လေ့လာသင်ယူနိုင်ပါသည်။

Healthy habits:

မိခင်ဖြစ်သူမှာ နေ့စဉ်လိုလို မနက်(၀၅:၀၀) နာရီခန့်တွင် အိပ်ယာထ၍ ရေဝဝ သောက်ပါသည်။ ထို့နောက် ဘုရားဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စများဖြစ်သော၊ အာရုံဆွမ်း၊ သောက်တော်ရေချမ်းကပ်လှူခြင်း၊ တန်းဆွမ်းလောင်းလှူခြင်းနှင့် ကလေးများ ထမင်းချိုင့်ထည့်ခြင်း၊ ကျောင်းချိန်အမှီ လိုက်ပို့ခြင်းနှင့် မနက်ခင်းလုပ်ငန်းဆောင်တာများမှ ကိုယ်လက်လှုပ်ရှားမှုပြုသကဲ့သို့ ဖြစ်ကာ တစ်နေ့တာ၏ အစာဟောင်းစွန့်ခြင်းကို မနက်ခင်းတွင်ပင် ပြီးစီးပြီးဖြစ်သဖြင့် ကျန်တစ်နေ့တာ အချိန်များတွင် ပေါ့ပါးလွတ်လပ်စွာ အိမ်မှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။ ထိုနည်းတူ ပင်လယ်လုပ်သားများသည်လည်း ပမာပြု၍ အလုပ်ချိန်၌ အစာဟောင်းစွန့်ခြင်းကို တတ်နိုင်သ၍ ရှောင်ရှားကာ အလုပ်ချိန်မတိုင်မီပြီးစီး၍ တစ်နေ့တာလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်သင့်ပါသည်။

မိခင်ဖြစ်သူမှာ၊ ဖျားနာခြင်း၊ ခါးနာခြင်းနှင့် ဝမ်းပျက်ခြင်းကင်းအောင် အထူးဂရုစိုက်၍ နေထိုင်ပြုမူပါသည်။ ထိုနည်းတူ ပင်လယ်လုပ်သားများသည်လည်း ပမာပြု၍ လုပ်ငန်းခွင်၌ စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန် အထူးဂရုပြုသင့်ပါသည်။

Handle with care:

မိခင်ဖြစ်သူမှာ ကြွေပန်းကန်များ ဆေးကြောစဉ်နှင့်၊ ခြောက်သွေ့အောင် အဝတ်သန့်နှင့်သုတ်ချိန်၌ မကွဲမရှအောင်၊သန့်ရှင်းအောင် ဂရုပြုဆောင်ရွက်သကဲ့သို့ စားဖိုဆောင်ဝန်ထမ်း (Catering Department) မှ စားပွဲထိုးဝန်ထမ်းသည်လည်း MLC နှင့်အညီ မကွဲမရှအောင် သန့်ရှင်းအောင် ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကုန်းပတ်ဝန်ထမ်းများ (Deck department)မှ ဝန်ထမ်းများသည်လည်း၊ ကျိုးပဲ့ကွဲကြေလွယ်သော ကုန်ပစ္စည်းများ၊ ချွန်ထက်သောချိတ်ဖြင့် အသုံးမပြုသင့်သော ကုန်ပစ္စည်းများအား တင်ဆောင်၊ ထိန်းသိမ်း၊ သယ်ယူပို့ဆောင်ပါက ကုန်များတင်ဆောင်လာသည့် အနေအထားအတိုင်း ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ညွှန်း၍ ဆိပ်ကမ်း၌ကောင်းမွန်စွာ ကုန်ချနိုင်ရန် ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

Prevention of contamination:

မိခင်ဖြစ်သူမှာ အဝတ်အထည်များ လျှော်ဖွပ်ရန်အတွက် ဆပ်ပြာရည်နှင့် စိမ်သောအခါတွင် အဝတ်ဖြူများက သက်သက်၊ အရောင်ရှိ အမျိုးသမီးဝတ် Ready made အင်္ကျီများကသက်သက်၊ ညဝတ်စပန့်သားအင်္ကျီများကသက်သက် စသဖြင့် ၊ သီးခြားစီ ခွဲခြားစိမ်သကဲ့သို့ ကုန်းပါတ်ဝန်ထမ်းများ(Deck department) မှဝန်ထမ်းများသည်လည်း အနံ့ပြင်းကုန်ပစ္စည်းများနှင့် ရောနှောနီးစပ်စွာ မတင်ဆောင်သင့်သော ကုန်ပစ္စည်းများ ပူပြင်းသောနေရာများနှင့် ထိစပ်၍ မတင်သင့်သောကုန်ပစ္စည်းများ၊အန္တရာယ်ရှိကုန်ပစ္စည်းများ (Dangerous Goods) ၌ အကွာအဝေး နေရာခြားနား၍(Proper Segregations) ဘေးကင်းလုံခြုံစွာ တင်ဆောင်ရမည့် ကုန်ပစ္စည်းများ၊ ပုပ်သိုးပျက်စီးလွယ်၍ လိုအပ်သောထားရှိရမည့် အအေးပမာဏ အေးခဲ၍တင်ဆောင်ရမည့် ကုန်ပစ္စည်းများ (Perishable cargo) အားတင်ဆောင်၊ ထိန်းသိမ်း၊ သယ်ယူပို့ဆောင်ပါက ကုန်များတင်ဆောင်လာသည့် အနေအထားအတိုင်း ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ညွှန်း၍ ဆိပ်ကမ်း၌ကောင်းမွန်စွာ ကုန်ချနိုင်ရန် ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဤကဲ့သို့ ဂရုပြုဆောင်ရွက်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

သဘော်သားနှင့်အလုပ် (Skill, Speed, Systematically work)

ကျွန်တော်တို့ ကုန်သွယ်ရေကြောင်း သင်္ဘောကုမ္ပဏီအချို့တွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရာတွင် (Deck Maintenance, Routine jobs) များ ဆောင်ရွက်လျှင် အမြဲတန်း Deck crew members နှစ်ယောက်ယှဉ်တွဲ လုပ်ကိုင်ရန်(Two crew members policy) ညွှန်ကြားချက် ထုတ်ပြန်ထားပါသည်။ ရည်ရွယ်သည်မှာ နှစ်ဦး တိုင်တိုင်ပင်ပင်ဖြင့် အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရန်နှင့် တစ်စုံတစ်ယောက် ဘေးအန္တရာယ်ကြုံတွေ့ပါက ကျန်တစ်ယောက်မှ အမြန်ဆုံး အကြောင်းကြား၍ ဘေးအန္တရာယ်မှ လွတ်မြောက်/ လွန်မြောက်စေရန်၊ စွမ်းဆောင်နိုင်ရန် ဖြစ်ပါသည်။

အလုပ်တစ်ခု အောင်မြင်ပြီးမြောက်စေရန် ၊

၁။ မိမိဆောင်ရွက်ရမည့်၊ တာဝန်/ဝတ္တရားများအား ပြည့်စုံစွာ သိရှိရန်နှင့် တာဝန်ကျေပွန်ရန် (Know the work scope & dutiful)

၂။ အလုပ်အား အောင်မြင်ပြီးစီးစွာ ဆောင်ရွက်နိုင်ရန် အလုပ်လာဘ်မြင်မှု (Very good initiative, proactive & intelligent)

၃။ သတ်မှတ်ချိန်အတွင်း အရည်အသွေးမှီ အမှားအယွင်းကင်းစင်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းရှိခြင်း (Skill ,Speed ,Systematically work)

၄။ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို အရေးကြီး အဆင့်နှင့်အချိန်ကို တန်ဖိုးရှိစွာ အသုံးချမှု (List down the priorities & Know very well in Time Management & Keep the right man so as to achieve quality job at right time)

အစရှိသဖြင့် လိုအပ်ပါသည် ။

ထိုသို့သော လုပ်ငန်းစဉ်များကို မိခင် ကျောင်းတော်ကြီးများတွင်လည်း လေ့လာသင်ယူနိုင်ပါသည်။

မိခင်ဖြစ်သူသည်၊ အိမ်ထောင်စုတစ်ခုလုံး၏ တာဝန်/ဝတ္တရားများ အားလုံးကို ကုမ္ပဏီတစ်ခု၏ Operation Manager ကဲ့သို့ ပီပြင်စွာ ဆောင်ရွက်ပါသည်။ ထို့ပြင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဖြူ/ နီ၊ အာလူး၊ ဆပ်ပြာမှုန့်၊ ရေသန့်၊ အစရှိသဖြင့်၊ Stock Control / Supply & Purchase စာရင်းသိရှိသူနှင့် အရည်အသွေးမှီ အိမ်မှုအသုံးအဆောင်များကို ဝယ်ယူဖြည့်တည်းသူနှင့်ရေမော်တာ မော်တော်ကားပျက်ပါက (Arrange the repair firm, confirm the complete remedy & carry out the payment process) ဆောင်ရွက်သူလည်း ဖြစ်ပါသည်။

မိခင်ဖြစ်သူသည် ထမင်းတည်ထားစဉ် ဟင်းသီးဟင်းရွက်လီးသင်ခြင်း အဝတ်လျှော်ဖွပ်စက်ကို မောင်းနှင်ထားခြင်းစသဖြင့်အလုပ်အား အောင်မြင်ပြီးစီးစွာ ဆောင်ရွက်နိုင်ရန် အလုပ်လာဘ်မြင်မှု (Very good initiative, proactive & intelligent) သတ်မှတ်ချိန်အတွင်း အရည်အသွေးမှီ အမှားအယွင်း ကင်းစင်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းရှိခြင်း(Skill, Speed, Systematically work) ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို အရေးကြီးအဆင့်နှင့် အချိန်ကို တန်ဖိုးရှိစွာအသုံးချမှု (List down the priorities & Know very well in Time Management & Keep the right man so as to achieve quality job at right time.)

အစရှိသဖြင့် ပင်လယ်လုပ်သားများသည်လည်း ပမာပြု၍ စွမ်းဆောင်ရမည် ဖြစ်ပါသည်။

မိမိလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် လိုအပ်သော အပိုပစ္စည်း၊ အသုံးအဆောင်များအား အစဉ်ဂရုပြု၍ (Raise the requisition) ပစ္စည်းမှာကြားခြင်း၊ အပျက်အစီးများရှိပါက (Raise the repair requisition) ပြင်ဆင်ခွင့် တောင်းခံတင်ပြခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ



အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan For Marine Pollution) အား ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို မတ်လ (၁၈)ရက်၊ မွန်းလွဲ (၂)နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရေးဆွဲတင်ပြလာသည့် အမျိုးသားအဆင့်ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution) ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရယူနိုင်ရေး တင်ပြလာသည့် အတွက် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution) ကို ရေထုညစ်ညမ်းမှုများအား ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ/ လူပုဂ္ဂိုလ်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် မူဝါဒ၊ စနစ်နှင့် လမ်းညွှန်ချက်များဆိုင်ရာ အမျိုးသားအဆင့် မူဘောင်ချမှတ်နိုင်ရန် ရည်ရွယ်ရေးဆွဲထားရှိကြောင်း အဆိုပါစီမံချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

ယခုပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြလာသည့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution) မှာ အဓိကအားဖြင့် တုံ့ပြန်ဆောင်ရွက်ရန် အဆင့် (၃) ဆင့်ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ အဆင့် (၁)မှာ ဖြစ်ပွားရာနေရာအလိုက် ချက်ခြင်းတုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အဆင့် (၂)မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆင့် (၃) တွင် နိုင်ငံအဆင့် သဘာဝဘေးအန္တရာယ်အသွင် ကျရောက်လာခဲ့ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံခန့်ခွဲမှုဥပဒေနှင့်ချိတ်ဆက်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံချက်ထဲတွင် ထည့်သွင်းဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းတွင်ရှိသည့် အင်အားနှင့်မလုံလောက်၍ ပြည်ပအကူအညီလိုအပ်လာမည့် အခြေအနေများအတွက်လည်း ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါစီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ငံရန်အတွက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ရမည့် နည်းလမ်းများရှိပါက တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အကြံပေးအဖွဲ့မှ ပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ရေးဆွဲခြင်း၊ စီမံချက်ပြီးစီးမှုနှင့် ဥပဒေကြောင်းအရ ခိုင်မာမှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ရေးဆွဲခြင်း အကြောင်းအရင်း၊ စီမံချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဝင် ပညာရှင်များက ရေထုညစ်ညမ်းမှုများကို စောင့်ကြည့်ရန်နှင့် လိုအပ်သည့်နည်းပညာကိရိယာများ တပ်ဆင်ပေးရန်၊ နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သည့် ရေနံယိုဖိတ်မှု၊ ရေနံတွင်းပေါက်ကွဲမှုကြောင့် ရေထုညစ်ညမ်းမှုဖြစ်စဉ်များ၊ ပျက်စီးဆုံးရှုံးထိခိုက်နစ်နာမှုနှင့် ပြန်လည်ကုစားပေးရသည့် အခြေအနေများနှင့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ဖြည့်စွက်သင့်သည့်အချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဆွေးနွေးတင်ပြအကြံပြုချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ နိုင်ငံတကာတွင်ဖြစ်ပေါ်ခဲ့သည့် ရေထုညစ်ညမ်းမှုဖြစ်စဉ်များအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ချက်များအပေါ် ထပ်မံညှိနှိုင်းသုံးသပ်ကာ စီမံချက်ကိုအကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ Transcom



ဒုက္ခသည်များကို အသုံးချခြင်းဖြင့် ဥရောပသမဂ္ဂအား ခြိမ်းခြောက်အကျပ်ကိုင်နေကြောင်း တူရကီသမ္မတအား ဆီးရီးယားသမ္မတပြောကြား



တူရကီသမ္မတရီဆပ်တေရစ်အာဒိုဂန်သည် ဒုက္ခသည်များထွက်ပြေးနိုင်စေရန် နိုင်ငံ၏ နယ်စပ်တံခါးပေါက်များကို ဖွင့်ထားခြင်းဖြင့် ဥရောပအားခြိမ်းခြောက်အကျပ်ကိုင်နေကြောင်း ဆီးရီးယားသမ္မတဘာရှားအယ်အာဆတ်က စွပ်စွဲပြောကြားခဲ့သည်။

ရုရှားက လေတပ်အင်အားထောက်ပံ့ပေးထားသော ဆီးရီးယားအစိုးရတပ်ဖွဲ့၏ သုံးလကြာထိုးစစ်ဆင်မှုကြောင့် သူပုန်တို့၏ နောက်ဆုံးအမာခံနယ်မြေဖြစ်သော ဆီးရီးယားအနောက်မြောက်ပိုင်း အိုင်ဒလစ်ဒေသမှ လူတစ်သန်းနီးပါး နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြသည်။ ခိုကိုးရာမဲ့နေသော ဒုက္ခသည်ထောင်ပေါင်းများစွာသည် တူရကီနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် ဂရိနိုင်ငံအကြားရှိနယ်နိမိတ်သို့ စုဝေးရောက်ရှိနေကြစဉ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့နှင့် ဥရောပသမဂ္ဂ၏ ရွှေ့ပြောင်းအခြေချဆိုင်ရာ ကော်မရှင်အကြီးအကဲက တူရကီသည် ဆီးရီးယား၌ လုပ်ဆောင်နေသော ၎င်း၏ စစ်ဆင်ရေးများတွင် အထောက်အပံ့ရရှိစေရန်အတွက် ဒုက္ခသည်များအား အသုံးချခြင်းဖြင့် ဥရောပသမဂ္ဂကို ခြိမ်းခြောက်အကျပ်ကိုင်နေသည်ဟု စွပ်စွဲခဲ့ကြသည်။

ဆီးရီးယားဒုက္ခသည်များကို အခြားသောနိုင်ငံများထက် ပိုမိုလက်ခံထားပြီးဖြစ်သော တူရကီတွင် ဆီးရီးယားဒုက္ခသည် ၃.၆ သန်းခန့်ရှိနေပြီး အသစ်ဝင်ရောက်လာသော နေရပ်စွန့်ခွာ ဆီးရီးယားအရပ်သားများသည် တူရကီနှင့် ထိစပ်နေသော နယ်စပ်အနီးတွင် စုပြုံနေကြသည်။

တူရကီဘက်ကလည်း အပျက်အစီးများသော၊ ဖျက်ဆီးမှုအားကောင်းသော ဒရုန်းနှင့်ရော့ကတ်တို့ဖြင့် လက်တုံ့ပြန် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာဆီးရီးယားအစိုးရတပ်ဖွဲ့၏ တပ်နေရာများနှင့်စစ်ဘက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့ပြီး ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာသေဆုံးခဲ့သည်။

ဥရောပသို့ထွက်ပြေးရန် ကြိုးပမ်းနေကြသည့်ဒုက္ခသည်များအတွက် တူရကီက ၎င်း၏နယ်စပ်တံခါးပေါက်များကို ဖွင့်ပေးလိုက်ခြင်းသည် ဥရောပသမဂ္ဂအား အထိတ်တလန့်ဖြစ်စေခဲ့ပြီး ၂၀၁၅-၂၀၁၆ ရွှေ့ပြောင်းအခြေချအကျပ်အတည်းမျိုးကဲ့သို့ တစ်ပုံစံတည်းထပ်မံဖြစ်ပွားလာမည်ကို စိုးရိမ်စိတ် ပိုမိုကြီးထွားလာစေခဲ့သည်။ Ref – AFP

အမေရိကန်က အာဖဂန်တပ်ဖွဲ့ဝင်များကို ကာကွယ်ပေးရန် တာလီဘန်တို့ကို လေကြောင်းထိုးစစ်ဆင်

နိုင်ငံခြားတပ်ဖွဲ့ဝင်များရုပ်သိမ်းရန် အမေရိကန်နှင့် သမိုင်းဝင်လက်မှတ်ရေးထိုးခဲ့သည့် တာလီဘန်နိုင်ငံရေးခေါင်းဆောင်မူလာဘာရာဒါနှင့် ကောင်းကောင်းမွန်မွန် စကားစမြည်ပြောခဲ့သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သတင်းထောက်များကို ပြောကြားခဲ့ပြီးနာရီအနည်းငယ်အကြာနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ရက်အနည်းငယ်အတွင်း တောင်ပိုင်း Helmand ပြည်နယ်၌ လေကြောင်းတိုက်ခိုက်ခဲ့သည်ဆိုသော သတင်းများထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်တပ်ဖွဲ့ဝင်များကို ကာကွယ်ပေးရန်အမေရိကန်က တာလီဘန်တိုက်ခိုက်ရေးသမားများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု အမေရိကန်စစ်တပ်ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

Helmand ပြည်နယ်ရှိ အာဖဂန်တပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခဲ့သည့် တာလီဘန်တိုက်ခိုက်ရေးသမားများကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်ဟု အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် Sonny Leggett က ပြောကြားခဲ့သည်။

တာလီဘန်တို့သည် Helmand ပြည်နယ်ရှိစစ်ဆေးရေးဂိတ်များကို ၄၃ ကြိမ် တိုက်ခိုက်ခဲ့သည်ဟုလည်းပြောကြားခဲ့သည်။ တာလီဘန်တို့၏ တစ်ညတာတိုက်ခိုက်မှုများအတွင်း အာဖဂန်စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ထက်မနည်းသေဆုံးခဲ့သည်ဟု အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တာလီဘန်တိုက်ခိုက်ရေးသမားများသည် ကန်ဒဟာ ပြည်နယ်၊ Imam Sahib အရပ်ရှိ တပ်စခန်းသုံးခုထက်မနည်းကို တိုက်ခိုက်ခဲ့ရာတွင် စစ်သား ၁၀ ဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့သည် ပြည်နယ်ကောင်စီအဖွဲ့ဝင် တစ်ဦးဖြစ်သည့် Safiullah Amiri က ပြောကြားခဲ့သည်။ တာလီဘန်တို့သည် ယင်းဥပမာပင် Uruzgan ပြည်နယ် ရှိရဲတပ်ဖွဲ့ကို တိုက်ခိုက်ခဲ့မှုကြောင့် ရဲခြောက်ဦးသေဆုံးပြီးခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောခွင့်ရပုဂ္ဂိုလ် Zergai Ebadi က ပြောကြားခဲ့သည်။ Ref – AFP



နေတိုးမဟာမိတ်အဖွဲ့က ဧရာမ စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်

အဖွဲ့ဝင် ၂၉ နိုင်ငံပါဝင်သော ထိုမဟာမိတ်အဖွဲ့သည် ယခုနှစ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု ၂၀ ကျော်ကိုပြုလုပ်ရန် စီစဉ်ထားပြီး အမေရိကန်က တပ်ဖွဲ့ဝင် ၂၀၀၀၀ ကို ဥရောပသို့ စေလွှတ်မည့် Defender – Europe 2020 ပူးတွဲစစ်ရေး လေ့ကျင့်မှုတွင်လည်း အဖွဲ့ဝင်နိုင်ငံများ ပါဝင်ကြမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုအား စိုးရိမ်သော်လည်းတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ ပါဝင်မည့် ဧရာမပူးတွဲစစ်ရေး လေ့ကျင့်မှုကို နေတိုးမဟာမိတ်အဖွဲ့က ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထိုအဖွဲ့၏ အတွင်းရေးမှူးချုပ် ယန်းစတော်တင်ဘတ်ကပြောကြားခဲ့သည်။

ထိုစစ်ရေး လေ့ကျင့်မှုများအား ယခုအခါဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားကြောင်း အတည်ပြုထားသောဘယ်လ်ဂျီယမ်၊ နယ်သာလန်၊ ဂျာမနီ၊ ပိုလန်၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စ်တိုးနီးယားတို့တွင် ဇွန်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

နေတိုးမဟာမိတ်အဖွဲ့အတွက်လည်း အကျိုးဆက်များရှိလာနိုင်သော အလားအလာများကြောင့် ထိုဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအခြေအနေအား မိမိတို့က အမှန်တကယ်အလွန်အမင်းနီးကပ်စွာ စောင့်ကြည့်နေကြကြောင်း ဇာဂရက်မြို့တွင် အင်တာဗျူးတစ်ခုခု၌ စတော်တင်ဘတ်က ပြောကြားခဲ့သည်။

COVID-19 ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအား ဥရောပတွင် အဆိုးရွားဆုံးကြုံတွေ့နေရသော အီတလီကနေတိုးအဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော Dynamic Manta ရေငုပ်သင်္ဘောစစ်ရေးလေ့ကျင့်မှုအား ဦးစီးပြုလုပ်နေသည်။ အီတလီတွင် ထိုဗိုင်းရပ်စ်ကြောင့် သေဆုံးသူရာဂဏန်းရှိလာခဲ့ပြီး ကူးစက်မှု ၃၀၀၀ ကျော်ရှိနေသည်။ Ref – AFP

တူရကီ – ရုရှား အပစ်အခတ်ရပ်စဲရေး အိုင်ဒလစ်၌ စတင်သက်ဝင်

ရုရှားက ကျောထောက်နောက်ခံပြုပေးထားသော ဆီးရီးယားအစိုးရတပ်များနှင့် တူရကီတပ်များ တိုက်ပွဲဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အိုင်ဒလစ်ပြည်နယ်တွင် အကြမ်းဖက်မှုများ မြင့်တက်လာခဲ့ပြီး နောက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ ရီဆပ်တေယစ်အာဒိုဂန်တို့အကြား သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။


လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခများကိုဖြစ်စေပြီး ၎င်းတို့ စစ်တပ်ချင်းတိုက်ပွဲဖြစ်မည်ကို စိုးရိမ်မှုများ မြင့်တက်စေသည့် ပြင်းထန်သော တိုက်ပွဲကို ရပ်ဆိုင်းရန် ရည်ရွယ်လျက် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် တူရကီနှင့် ရုရှားနိုင်ငံတို့အကြား သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးတစ်ရပ်သည် မတ်လ ၆ ရက်၌ စတင်သက်ဝင်ခဲ့ကြောင်း သိရသည်။ အရပ်သားတစ်သန်းခန့်သည် တိုက်ပွဲများကြောင့် နေအိမ်များကို စွန့်ခွာထွက်ပြေးရပြီး ဒါဇင်နှင့်ချီသော တူရကီစစ်သားများသေဆုံးခဲ့သည်။

မော်စကိုမြို့၌ ခြောက်နာရီကျော်ကြာအောင်ဆွေးနွေးခဲ့ကြပြီးနောက် ပူတင်နှင့် အာဒိုဂန်တို့သည် မတ်လ ၆ ရက် ဂရင်းနစ်စ် တော်ချိန် ၂၂:၀၀ (ညသန်းခေါင်ယံအချိန်) မှစ၍ အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယင်းသဘောတူညီချက်သည် ဆီးရီးယားအနောက်မြောက်ပိုင်း၌ အရပ်သားများကို အကာအကွယ်ပေးရေးကို သေချာစေမည့် ချက်ချင်းဖြစ်ပေါ်ကာ ရေရှည်ခံသော အပစ်အခတ်ရပ်စဲရေးဆီသို့ ဦးတည်သွားစေလိမ့်မည်ဟု မျှော်လင့်မိကြောင်းသူ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ရုရှားနှင့် ဆီးရီးယားတို့၏ လေကြောင်းတိုက်ခိုက်မှုများ ရပ်ဆိုင်းခဲ့သော်လည်း အလက်ပိုနှင့် ဟားမားနယ်စပ် အိုင်ဒလစ်ရှိ နေရာဒေသများတွင် ဂျီဟတ်ဝါဒီများထိန်းချုပ်ထားသည့် နေရာများ၌ သူပုန်အုပ်စုများ နေရာယူထားရာသို့ ဆီးရီးယားအစိုးရတပ်များက အမြောက်များဖြင့်ပစ်ခတ်မှုများရှိကြောင်း ပြောကြားခဲ့သည်။

အစောပိုင်းတွင် ပူတင်က သဘောတူညီမှုသည် အိုင်ဒလစ်၌ တိုက်ပွဲများကို အဆုံးသတ်ရန်အတွက် အခြေခံကောင်းတစ်ရပ်အဖြစ် ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ Ref – AFP

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 သံသယဖြစ်ဖွယ် ကူးစက်မှုအားလုံးကို စစ်ဆေးရန် တိုက်တွန်း



မျက်နှာကို အဝတ်စည်း၍ မီးကို မငြိမ်းနိုင်ကြောင်း WHO အကြီးအကဲ Tedros Adhanom Ghebreyesus က ဂျီနီဗာတွင် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

COVID-19 ကူးစက်ပျံ့နှံ့မှုဗဟိုချက်ဖြစ်သော တရုတ်ထက်ကမ္ဘာ၏ကျန်ဒေသများတွင် ထိုရောဂါကူးစက်ပျံ့နှံ့မှုနှင့် သေဆုံးမှုအလွန်အမင်း မြင့်တက်နေစဉ်သံသယဖြစ်ဖွယ် ကူးစက်မှုအားလုံးကို စစ်ဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က နိုင်ငံအားလုံးကို တိုက်တွန်းခဲ့သည်။

ပြီးခဲ့သောသီတင်းပတ်အတွင်း COVID – 19 ကူးစက်ပျံ့နှံ့မှု အလွန်အမင်း မြင့်တက်ခဲ့မှုကို ကြုံတွေ့ခဲ့ကြောင်း ကမ္ဘာတစ်ဝန်း ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၇၀၀၀ ကျော်လာချိန်၌ ၎င်းက ပြောကြားခဲ့သည်။

ကူးစက်ပျံ့နှံ့မှုနှုန်းများသည် တစ်ရှိန်ထိုး မြင့်တက်နေခဲ့ပြီး ထိုဗိုင်းရပ်စ်အား တိုက်ဖျက်ရေးအတွက်အရေးပါသော စမ်းသပ်စစ်ဆေးခြင်း၊ သီးခြားခွဲထားခြင်း၊ ထိတွေ့ခဲ့သူများအား ခြေရာခံခြင်းတို့အား လုံလောက်သည်အထိအရေးတကြီး လုပ်ဆောင်နေမှုများ မတွေ့ရကြောင်း Tedros က သတိပေးခဲ့သည်။

လက်ဆေးခြင်းနှင့် ချောင်းဆိုးနှာချေပါကတံတောင်ဖြင့်ကာ၍ ပြုလုပ်ခြင်းတို့သည်လည်း ကူးစက်ပျံ့နှံ့မှုအား လျှော့ချပေးရန် အရေးပါသော အရာများဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

သို့သော် ယင်းအရာများသက်သက်ဖြင့် ထိုကပ်ရောဂါအား တိုက်ဖျက်နိုင်ရန် မလုံလောက်ကြောင်း၊ ထိုကူးစက်ပျံ့နှံ့မှုအား ချိုးဖျက်ရန် လိုအပ်ကြောင်း Tedros က အလေးအနက်ပြောကြားခဲ့သည်။ ယင်းကဲ့သို့ လုပ်ဆောင်နိုင်ရန် စမ်းသပ်စစ်ဆေးမှုနှင့် သီးခြားခွဲနေမှု လိုအပ်ကြောင်း၊ မည်သူကူးစက်ခံနေရမှန်းမသိဘဲ ထိုကပ်ရောဂါအား မိမိတို့က မရပ်တန့်နိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။

ကမ္ဘာတစ်ဝန်း စစ်ဆေးရေးကိရိယာ လိုအပ်ချက် မြင့်တက်လာမှုအား ပြည့်မီရန်အတွက် ထုတ်လုပ်မှုတိုးမြှင့်ခြင်းကို Tedros က ဂုဏ်ပြုခဲ့ပြီး WHO သည်လည်း အကူအညီအလိုအပ်ဆုံးသူများအား ထောက်ပံ့ပေးနိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂၀ သို့ စစ်ဆေးရေးကိရိယာ ၁.၅ သန်းနီးပါးပေးပို့ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

Ref – AFP

ဗင်နီဇွဲလား၏ ဗိုင်းရပ်စ် နှိမ်နင်းရန် ချေးငွေ တောင်းခံမှု IMF ပယ်ချ

ကူးစက်မြန်ကိုရိုနာဗိုင်းရပ်စ် နှိမ်နင်းရေးအတွက် ချေးငွေဒေါ်လာ ၅ ဘီလျံကူညီရန် ဗင်နီဇွဲလား၏ အကူအညီတောင်းခံမှုကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ပယ်ချခဲ့သည်။ ဗင်နီဇွဲလားသမ္မတ နီကိုးလက်စ်မာဒူရိုက IMF ထံ ချေးငွေတောင်းခံခဲ့ပြီး နောက်နာရီပိုင်းမျှအကြာတွင် ဝါရှင်တန်အခြေစိုက်IMF အဖွဲ့က အစီရင်ခံစာထုတ်ပြန်၍ ငြင်းပယ်ခဲ့သည်။

ဗင်နီဇွဲလားသမ္မတ မာဒူရို၏အစိုးရအဖွဲ့ကို နိုင်ငံတကာကအသိအမှတ်ပြုမှုနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းမရှိခြင်းကြောင့် အဖွဲ့အနေဖြင့် ဗင်နီဇွဲလားအစိုးရ၏ တောင်းဆိုမှုကို စဉ်းစားပေးနိုင်သည့် အနေအထားတွင် မရှိကြောင်း၊ IMF နှင့် အဖွဲ့ဝင်နိုင်ငံများအကြားဆက်နွယ်မှုသည့် နိုင်ငံတကာအသိအမှတ်ပြုတရားဝင်အစိုးရအဖွဲ့ပေါ်တွင် မူတည်ကြောင်း ထိုအစီရင်ခံစာ၌ ဖော်ပြထားသည်။

ဗင်နီဇွဲလားက ၂၀၁၁ ခုနှစ်နောက်ပိုင်း IMF ထံမှ ချေးငွေပထမဆုံးအကြိမ် တောင်းခံခဲ့ခြင်းဖြစ်သည်။ အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၅၀ကျော်သည် အတိုက်အခံခေါင်းဆောင် ဂွိုအီဒိုကို အသိအမှတ်ပြုထားကြပြီး မာဒူရိုအစိုးရအဖွဲ့ကို အသိအမှတ်မပြုတော့သည်မှာ တစ်နှစ်ကျော်နေပြီ ဖြစ်သည်။ ဗင်နီဇွဲလားတွင် လတ်တလောဌ ဗိုင်းရပ်စ်ကူးစက်ကြောင်း အတည်ပြုမှု ၃၃ မှု ရှိထားသည်။

Ref – AFP

ပြည်တွင်းဌ်ကူးစက်မှု ကျဆင်းလာစဉ် နယ်စပ်စစ်ဆေးမှုများအား တင်းကျပ်မည့် တောင်ကိုရီးယား

COVID-19 ကူးစက်ဖြစ်ပွားမှုသည် ပြည်တွင်းဌ် ကျဆင်းလာနေချိန်တွင် တောင်ကိုရီးယားက ကူးစက်မှုသစ်များအား ကြိုတင်ကာကွယ်ရန်အတွက် ပြည်ပမှဝင်ရောက်လာသူအားလုံးကို နယ်စပ်ဌ စစ်ဆေးမှုများကို တင်းကျပ်ရန် စီစဉ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၇ တွင် ထုတ်ပြန်ခဲ့သည်။

ဥရောပတွင်သာမက အမေရိကန်နှင့် အာရှတို့တွင်ပါ COVID-19 ကူးစက်ပျံ့နှံ့မှု အလွန်အမင်း မြင့်တက်လာချိန်ဌ နိုင်ငံထဲသို့ ဝင်ရောက်လာသူအားလုံးအတွက် အထူးဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများလိုအပ်မည်ကို ချင့်တွက်ခဲ့ကြောင်း၊ ယခုတင်းကျပ်မှုသည် မတ် ၁၉ တွင် စတင်မည်ဖြစ်ကြောင်း ဒုတိယကျန်းမာရေးဝန်ကြီးကင်ဂန်လစ်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားတွင် မတ် ၁၇ ဌ ကူးစက်မှုသစ် ၈၄ မှု ရှိခဲ့ပြီး ကူးစက်မှုသစ် ၁၀၀ အောက် သုံးရက်ဆက်တိုက်စာရင်းဝင်ခဲ့သည်။ သေဆုံးသူစုစုပေါင်းမှာ ၈၁ဦး အထိရှိလာခဲ့သည်။

Ref – AFP

ဖိလစ်ပိုင်တွင် COVID – 19 ကူးစက်မှု ၁၉၀ နီးပါး ရှိလာ

ဖိလစ်ပိုင်တွင် မတ် ၁၇ ဌ COVID-19 ကူးစက်မှုသစ် ၄၅ မှုဖြစ်ပွားခဲ့ရာ စုစုပေါင်း ကူးစက်မှု ၁၈၇ မှုအထိ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ လူတစ်ဦးနှင့်တစ်ဦးအကြားသင့်တော်သော အကွာအဝေးဖြင့် နေထိုင်ကြရန် နှိုးဆော်မှုများသည် မအောင်မြင်ခဲ့သဖြင့် မြို့တော် မနီလာပါဝင်သော အဓိကကျွန်းစု လူဇုန်တွင် လူ ၅၅ သန်းကို နေအိမ်ထဲ၌သာနေကြရန် အစိုးရက ညွှန်ကြားခဲ့သည်။

Philippine Airlines က မတ် ၂၀ မှ စတင်၍နိုင်ငံတကာခရီးစဉ်များ ပြေးဆွဲမှု ရပ်ဆိုင်းမည်ဟု မတ်လ ၁၇ တွင် ကြေညာခဲ့သည်။ မြို့တော်နှင့်အနီးရှိ ပြည်နယ်များတွင် လန့်ခ်ချီကြာမည့် ရောဂါခြေချုပ်ဖြင့်နေထိုင်ရန် စည်းမျဉ်းများ ချမှတ်ထားသည်။ ဖိလစ်ပိုင်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၀ ဦးကျော် ရှိလာခဲ့သည်။

Ref – AFP

COVID-19 ကြောင့် မလေးရှားတွင် နှစ်ဦးသေဆုံးခဲ့ပြီး ကူးစက်မှု ၆၇၀ ကျော်အထိ မြင့်တက်

မလေးရှားတွင် မတ် ၁၇ ဌ ကူးစက်မှု သစ် ၁၂၀ ဖြစ်ပွားခဲ့ပြီး ကူးစက်မှုစုစုပေါင်း ၆၇၃ မှုအထိ မြင့်တက်လာခဲ့သည်။ ထိုကူး စက်မှုများအနက် အများအပြားသည် ဖေဖော်ဝါရီလ ၂၇ မှ မတ်လ ၁ အကြား ဆရီပီတာလင်းဗလီတွင် ကျင်းပခဲ့သော ဘာသာရေးအခမ်းအနားသို့တက်ရောက်ခဲ့သူများနှင့် ဆက်နွယ်နေကြောင်း သိရသည်။

မလေးရှားတွင် ဆာရာဝပ်ပြည်နယ်မှ အသက် ၆၀ ရှိသင်းအုပ်ဆရာနှင့် ဆရီပီတာလင်းတွင် အစ္စလာမ်ဘာသာရေးအခမ်းအနား တက်ရောက်ခဲ့သော အသက် ၃၄ နှစ်ရှိ အမျိုးသားတစ်ဦးတို့သည် COVID- 19 ကူးစက်ခံရပြီးနောက် မတ်လ ၁၇ တွင် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး အက်ဟမ်ဘာဘာက ပြောကြားခဲ့သည်။

မလေးရှားသည် နိုင်ငံသားများအားပြည်ပထွက်ခွာမှုနှင့် နိုင်ငံခြားသားများအားနိုင်ငံထဲသို့ ဝင်ရောက်မှုအား မတ်လ ၁၈ မှစ၍ နှစ်ပတ်ကြာပိတ်ပင်ခဲ့သည်။

Ref – AFP

လူများတွင် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်ကာကွယ်ဆေးကို စတင်စမ်းသပ်



အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း လုပ်အားပေးများကို စမ်းသပ်ကာကွယ်ဆေး ထိုးနှံပြီးဘေးကင်းကြောင်း ရလဒ်ထွက်လာပါက ပိုကျယ်ပြန့်သောစမ်းသပ်မှုကို အမေရိကန်က ဆောင်ရွက်မည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်ကာကွယ်ဆေးကိုလူများတွင် စတင်စမ်းသပ်နေပြီဖြစ်ကြောင်း အကြီးတန်းအမေရိကန်တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ လောလောဆယ်တွင် အမေရိကန်၌ ဗိုင်းရပ်စ်ကူးစက်မှု အဓိကနေရာဖြစ်နေသော ဆီယက်တယ်မှလူ ၄၅ ဦးကို စမ်းသပ်ကာကွယ်ဆေး ထိုးပေးပြီးဘေးကင်းမှုရှိ/မရှိ စမ်းသပ်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းမှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၊ အဖွဲ့အစည်းအများအပြားသည် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်နေကြသည်။ ကာကွယ်ဆေး ၃၅ မျိုးခန့်ကို စမ်းသပ်နေကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

မက်ဆာချူးဆက်အခြေစိုက် Moderna ကထုတ်လုပ်သော ယခုစမ်းသပ်ကာကွယ်ဆေးကို အမေရိကန်နိုင်ငံလုံးဆိုင်ရာကျန်းမာရေးသိပ္ပံက ငွေကြေးအထောက်အပံ့ပြုခဲ့သည်။ လူများတွင် စတင်စမ်းသပ်နေသော်လည်း အလားအလာရှိသည့် ကာကွယ်ဆေးတစ်မျိုးမျိုးကိုရရှိရန် တစ်နှစ်မှတစ်နှစ်ခွဲအထိ စောင့်ဆိုင်းရနိုင်ကြောင်း ပြည်သူ့ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားထားသည်။

Ref – AFP

တူရကီနှင့် ရုရှားက ဆီးရီးယားနိုင်ငံအိုင်ဒလစ်ဒေသတွင် ပူးတွဲကင်းလှည့်ရန် သဘောတူ

ဆီးရီးယား အနောက်မြောက်ပိုင်း အိုင်ဒလစ်ဒေသ၌ ပူးတွဲကင်းလှည့်မှုစတင်ရန် တူရကီတာဝန်ရှိသူများနှင့် ရုရှားတာဝန်ရှိသူများက သဘောတူခဲ့ကြကြောင်း တူရကီကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ သူပုန်တို့၏နောက်ဆုံးအမာခံနယ်မြေဖြစ်သော အိုင်ဒလစ်၌ အပစ်အခတ်ရပ်စဲရန် ရုရှားနှင့် တူရကီအကြား သဘောတူခဲ့ပြီးနောက် ပူးတွဲကင်းလှည့်မှုလုပ်ဆောင်မည့် ထုတ်ပြန်ချက်ထွက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပူးတွဲကင်းလှည့်ရန်အတွက် စီစဉ်ထားသော ပြဋ္ဌာန်းချက်ကို နှစ်ဖက်စလုံးက သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကာ ယင်းသဘောတူညီချက်သည် အာဏာသက်ဝင်လာပြီဖြစ်ကြောင်း၊ သဘောတူညီထားသည့်အတိုင်း ပထမဆုံးအကြိမ် ကျင့်သုံးဆောင်ရွက်မှုအဖြစ် M4 အဝေးပြေးလမ်းမတစ်လျှောက် ပူးတွဲကင်းလှည့်ခြင်းကို လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီအကာ၏ ပြောကြားချက်ကို Anadolu သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

မေ၁စကိုမြို့တွင် တူရကီသမ္မတ ရီဆပ်တေရစ်အာဒိဂန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်အကြား သဘောတူခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ အသေးစိတ်အချက်အလက်များကို အပြည့်အဝကျင့်သုံးလုပ်ဆောင်ရန်အတွက် ရုရှားစစ်ဘက်ကိုယ်စားလှယ်အဖွဲ့သည် တူရကီမြို့တော် အင်ကာရာသို့ ရောက်ရှိခဲ့ကြသည်။

အိုင်ဒလစ်ဒေသသည် ဒီဇင်ဘာလကတည်းက ဆီးရီးယားတပ်ဖွဲ့နှင့် ရုရှားစစ်လေယာဉ်များ၏ အကြီးအကျယ်ဗုံးကြဲတိုက်ခိုက်မှုဒဏ်ကို ခံစားခဲ့ရကာ အရပ်သားရာနှင့်ချီသေဆုံးခဲ့ရပြီး လူတစ်သန်းနီးပါးသည် တူရကီနယ်စပ်သို့ ထွက်ပြေးခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အိုင်ဒလစ်ဒေသ၌ ဆီးရီးယားအစိုးရအဖွဲ့၏လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်စစ်ဆင်ရေးကို သုံးလကြာရပ်ဆိုင်းထားသည်။

ဆီးရီးယားရှိ သူပုန်များကို အင်အားဖြည့်တင်းပေးရန်အတွက် တူရကီက ၎င်း၏တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို နယ်စပ်ဖြတ်ကျော်စေလွှတ်ခဲ့မှုသည် ဆီးရီးယားတပ်ဖွဲ့နှင့် တူရကီတပ်ဖွဲ့အကြား ရှုးရှုးပါးပါးတိုက်ရိုက်ထိတွေ့တိုက်ခိုက်မှုကို ဖြစ်ပေါ်စေခဲ့သည်။

Ref – AFP



ဆူဒန်၌ အာဏာရှင်ဘာရား ရာထူးမှဖယ်ရှားခံရပြီးနောက် စီးပွားရေးအကျပ်အတည်း ပိုမိုနက်ရှိုင်းလာ

ဆူဒန်တွင် ပေါင်မုန့်ဈေးနှုန်းများအား သုံးဆတိုးမြှင့်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့်ရောဂမဆန္ဒပြမှုများသည် ၂၀၁၈ ခုနှစ်နောင်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းနောက် ပြီးခဲ့သောနှစ် ဧပြီတွင်ဘာရား၊သည် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီး လနှင့်ချီ ဆွေးနွေးပွဲများပြုလုပ်ခဲ့အပြီး အရပ်သားနှင့် စစ်ဘက်တာဝန်ရှိသူများပေါင်းစပ်ထားသော အသွင်ကူးပြောင်းရေး အစိုးရတစ်ရပ်ထွက်ပေါ်လာခဲ့သည်။

ကာလရှည်ကြာအာဏာရှင် အိုမာအယ်ဘာရားအား ရာထူးမှ ဖယ်ရှားနိုင်ခဲ့ပြီးနောက် တစ်နှစ်နီးပါးအကြာတွင် အသွင်ကူးပြောင်းရေး လုပ်ဆောင်နေသော ဆူဒန်တွင် နိုင်ငံစီးပွားရေးသည် အလွန်အမင်းကျပ်တည်းသည့် အနေအထားသို့ သက်ဆင်းခဲ့ပြီး ပြိုလဲမည့်အန္တရာယ်နှင့် လူမှုမငြိမ်သက်မှုများ ကြုံတွေ့ရန် အနေအထားဖြစ်နေသည်။

ပြည်သူများသည် ပေါင်မုန့်ဝယ်ရန်အတွက်သုံးနာရီဝန်းကျင်နှင့် ၎င်းတို့၏ယာဉ်များအား ဆီဖြည့်ရန် ဆိုင်များတွင် ခြောက်နာရီခန့်တန်းစီနေရဆဲဖြစ်သည်။ တစ်ရက်လျှင် ခြောက်နာရီခန့် လျှပ်စစ်မီးပြတ်တောက်ပြီး ပြည်တွင်းသုံးစွဲရန်အတွက် ဂက်စ်ဘူးများသည် အလွန်အမင်းရှားပါးသည်။

ပြည်သူများသည် အပြောင်းအလဲလိုလားသဖြင့် ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး အာဇာနည်များနှင့် လူငယ်အများအပြားက စွန့်လွှတ်အနစ်နာခံခဲ့ကြကြောင်း၊ ယနေ့အုပ်ချုပ်နေသူများသည် အခြေအနေတိုးတက်စေရန် မစွမ်းနိုင်ပါက ရာထူးမှနုတ်ထွက်ရန် လိုအပ်ကြောင်း မီနီဘတ်စ်ကားကိုဆီဖြည့်ရန် နာရီနှင့်ချီတန်းစီစောင့်ဆိုင်းနေရသော ဟက်ဆန်အီ ဘရာဟင်က ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က့သို့ နိုင်ငံတကာအဖွဲ့အစည်းများကလည်း ဆူဒန်အတွက် ပိုမိုစိတ်ပျက်ဖွယ်ကောင်းသောအနေအထားကိုထုတ်ပြန်ခဲ့ကြသည်။ ဆူဒန်စီးပွားရေးသည် ၂၀၁၈ ခုနှစ်တွင် ၂.၃ ရာခိုင်နှုန်းကျဆုံးခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၂.၅ ရာခိုင်နှုန်းကျဆုံးခဲ့ကာ ယခုနှစ်တွင် ၁.၂ ရာခိုင်နှုန်းကျဆုံးမည်ဟု IMF က ခန့်မှန်းခဲ့သည်။

Ref – AFP

ပူတင်၏သမ္မတသက်တမ်းကို ကိုရိုနာဗိုင်းရပ်စ်အပါအဝင် ရုရှားအပေါ် ခြိမ်းခြောက်မှုများကြောင့် ချဲ့ထွင်နိုင် တော့မည်

ရှားရှားပါးပါးအဖြစ် အစီအစဉ်မရှိဘဲ ပါလီမန်သို့ လာရောက်မှုအတွင်း ပူတင်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအရသူ၏ သမ္မတသက်တမ်း ကန့်သတ်ချက်နာရီကို သုည၌ ပြန်စနိုင်သည့် နောက်ဆုံးမိနစ် အဆိုပြုချက်ကို သဘောတူလိုက်ခြင်းဖြင့် အထွေထွေလူထုကိုသာမက ပါလီမန်ကိုပါ အံ့အားသင့်စေခဲ့သည်။

ကမ္ဘာ့မတည်မငြိမ်ဖြစ်မှုနှင့် ကိုရိုနာဗိုင်းရပ်စ် အပါအဝင်ရုရှားအပေါ် ခြိမ်းခြောက်မှုများကြောင့် ရုရှားသမ္မတ ဗလာဒီမာပူတင်အနေဖြင့် ၂၀၂၄ ခုနှစ် ကျော်လွန်သည်အထိ အာဏာဆက်လက်ဆုပ်ကိုင်ထားနိုင်စေမည့် ဥပဒေတစ်ရပ်ကို အတည်ပြုလိုက်ကြောင်း ရုရှားအစိုးရက ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒီမိတရီပက်စ်ကော့ဗ်ကကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်ပျံနှံမှု၊ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြုံနိုင်မှုနှင့် ဒေသတွင်းပဋိပက္ခများအပါအဝင် အကြောင်းခြင်းရာအစုအပေါင်းကြီးတစ်ရပ်ကြောင့် ပူတင်သည် သူ၏စိတ်ကို ပြောင်းလဲလိုက်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

သူက ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်သည် ကမ္ဘာစီးပွားရေးအတွက် အလွန်ပြင်းထန်သော အကျိုးဆက်များကို ယခုအခါဖြစ်ပွားစေနှင့်ပြီးဖြစ်ကြောင်းနှင့် ကမ္ဘာစီးပွားရေးအတွက် ပိုမိုပြင်းထန်သော အကျိုးဆက်များအနာဂတ်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

ပူတင်က သူသည် အာဏာဆုပ်ကိုင်ထားမှုအား ချဲ့ထွင်ရန် နိုင်ငံ၏ အခြေခံကျသော ဥပဒေများကိုအလုံးစုံပြောင်းလဲရေးစတင်မည်ဟူသော ညွှန်းဆိုချက်များကို ပယ်ချခဲ့သည်။ ပူတင်သည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၈ ခုနှစ်အကြား အမြင့်ဆုံးအဖြစ် သမ္မတသက်တမ်းနှစ်ဆက်ကို ထမ်းဆောင်ခဲ့ပြီးနောက် လေးနှစ်၌ဝန်ကြီးချုပ်တာဝန်ယူခဲ့သည်။

ယင်းနောက် ပူတင်သည် သမ္မတသက်တမ်းကို ခြောက်နှစ်အဖြစ် တိုးချဲ့လျက် ၂၀၁၂ ခုနှစ်တွင် သမ္မတနေရာကို ပြန်လည်ရယူခဲ့သည်။ သူသည် ၂၀၁၈ ခုနှစ်၌ စတုတ္ထမြောက်သမ္မတသက်တမ်းအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

Ref – AFP



ဂျိမ်းစ်ဘွန်းဇာတ်ကားမှ သရုပ်ဆောင် Olga Kurylenko ဗိုင်းရပ်စ်ကူးစက်ခံထားရ

ဂျိမ်းစ်ဘွန်းဇာတ်ကား Quantum of Solace တွင် Bond Girl အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ယူကရိန်းဖွား ပြင်သစ်သရုပ်ဆောင် Olga Kurylenko က သူသည် COVID-19 ကူးစက်ခံထားရကြောင်း Instagram တွင် ကြေညာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် နေအိမ်ထဲတွင် နေနေကြောင်း၊ နေမကောင်းဖြစ်နေသည်မှာ တစ်ပတ်ရှိလာပြီဖြစ်ကြောင်း၊ ကိုယ်ပူခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုသည် ၎င်း၏ အဓိကလက္ခဏာများဖြစ်ကြောင်း၊ ပရိသတ်များအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြရန်နှင့် အလေးအနက်ထားကြရန် တိုက်တွန်းကြောင်း ၎င်းက ရေးသားခဲ့သည်။

အသက် ၄၀ ရှိပြီဖြစ်သော Kurylenko သည် ၂၀၀၈ ခုနှစ်က ဂျိမ်းစ်ဘွန်းဇာတ်ကားတွင် ဘိုလစ်ဗီးယား ထောက်လှမ်းရေးအေးဂျင့် Camille Montes ဇာတ်ကောင်ဖြင့် အောင်မြင်ခဲ့သည်။

Kurylenko သည် Oblivion ဇာတ်ကားတွင် တွမ်ခရုစ်နှင့်လည်းကောင်း၊ Johnny English Strickes Again ဇာတ်ကားတွင် ရိုဝမ်အက်ကင်ဆင်နှင့်လည်းကောင်း အတူပါဝင်သရုပ်ဆောင်ခဲ့သည်။ ဂျိမ်းစ်ဘွန်း၏ဇာတ်ကားသစ် No Time To Die အား ဖြန့်ချိမှုကို ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ခုနစ်လကြာ ရွှေ့ဆိုင်းခဲ့သည်။

Ref – AFP



မြောက်အမေရိကတွင် Mulan ဇာတ်ကားကို စီစဉ်ထားသည့်အတိုင်း ဖြန့်ချိမည်

ဒစ္စနေ၏ အက်ရှင်ဒရာမာဇာတ်ကားသစ် Mulan ကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ Dolby ပြဇာတ်ရုံ ၌ မတ် ၉ ရက်တွင် ပွဲဦးထွက်ပြသခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံး ရုပ်ရှင်စျေးကွက်ဖြစ်သောတရုတ်တွင် Mulan ဇာတ်ကား ဖြန့်ချိမှုကို ရွှေ့ဆိုင်းခဲ့သော်လည်း မြောက်အမေရိကတွင်မူလစီစဉ်ထားသည့်အတိုင်း မတ် ၂၇ ရက်တွင် ဖြန့်ချိမည်ဟု ဝေါဒစ္စနေက ထုတ်ပြန်ခဲ့သည်။ Mulan ဇာတ်ကားသည် ပွဲဦးထွက်ဖြန့်ချိသည့် သီတင်းပတ်တွင် ဝင်ငွေဒေါ်လာသန်း ၁၀၀ ကျော်အထိ ရရှိနိုင်သည်ဟု ခန့်မှန်းခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒေါ်လာသန်း ၈၀နှင့် ၉၀ အကြားသာ ရရှိနိုင်ခြေရှိသည်ဟုခန့်မှန်းထားသည်။

တရုတ်ကျေးလက်ပုံပြင် The Ballad of Mulan နှင့် ၁၉၉၈ ခုနှစ်တွင် ဒစ္စနေက ဖြန့်ချိခဲ့သည့် Mulan ဇာတ်ကားကို အခြေပြုရိုက်ကူးထားသည့် ယင်းဇာတ်ကားတွင် လျူယီဖေး၊ Donnie Yen ၊ ဂျေဆန်စကော့လီ၊ ယိုဆန်အန်၊ ဂေါင်းလီနှင့် ဂျက်လီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ရိုက်ကူးရန် စီစဉ်ခဲ့သော်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ယင်းဇာတ်ကားအတွက် ဒါရိုက်တာ Niki Caro ကို ၄ ၃ရမ်းခဲ့ကြောင်း ဒစ္စနေက ၂၀၁၇ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည်။ တရုတ်အမျိုးသမီးသရုပ်ဆောင် လျူယီဖေးသည် မူလန်ဇာတ်ကောင်အတွက်ဝင်ရောက်ယှဉ်ပြိုင်သည့် သရုပ်ဆောင် ၁၀၀၀ ထဲမှ ရွေးချယ်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ် ဩဂုတ်တွင် ဇာတ်ကားရိုက်ကူးမှုစတင်ခဲ့သည်။ ဒစ္စနေသည် စူပါဟီးရိုးဇာတ်ကားသစ် Black Widow နှင့် Fast and Furious ဇာတ်ကားသစ်ကိုလည်း မေတွင် ဖြန့်ချိရန် စီစဉ်ထားသည်။

Ref – AFP

MPT ဆင်းမ်ကတ်များနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

MPT SIM Card များနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ

ဖုန်းသုံးစွဲသူများသည် SIM card အသစ်ဝယ်ယူခြင်း၊ ဖုန်းပြောင်းခြင်း၊ ပျောက်ဆုံးခြင်း စသည့် အခြေအနေများတွင် MPT ဆင်းမ်ကတ်များကို မှတ်ပုံတင်ရန် လိုအပ်ပါသည်။ ဤလမ်းညွှန်တွင် "601#" ဖြင့် စတင်သော ဆင်းမ်ကတ်များအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို အဆင့်လိုက် ရှင်းလင်းဖော်ပြထားပါသည်။

(က) မှတ်ပုံတင်ရန်လိုအပ်သော ဆင်းမ်ကတ်အမျိုးအစားများ

- MPT ဆင်းမ်ကတ်အသစ်
- ဖုန်းပြောင်းသုံးစွဲသူများ
- ပျောက်ဆုံးသွားသော ဆင်းမ်ကတ်အစားထိုး
- ပြန်လည်ရရှိထားသော ဆင်းမ်ကတ်များ

(ခ) ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေခြင်း

ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေရန် အောက်ပါအတိုင်း လုပ်ဆောင်ပါ။

1. ဆင်းမ်ကတ်ကို ဖုန်းမှ ထုတ်ယူပါ။
2. ကတ်ပြားပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေပါ။
3. ကုဒ်နံပါတ်သည် ဂဏန်း ၁၅ လုံး ဖြစ်ပါသည်။
4. ကုဒ်နံပါတ်ကို ကူးယူ၍ မှတ်ပုံတင်ရန် ပြင်ဆင်ထားပါ။

(ဂ) မှတ်ပုံတင်ရန် လိုအပ်သော စာရွက်စာတမ်းများ

- နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း
- ကတ်ပြား၏ ဓာတ်ပုံကော်ပီ
- ဖုန်းပြောင်းသုံးစွဲသူများအတွက် ယခင်ဆင်းမ်ကတ်နံပါတ်
- ကိုယ်စားလှယ်အတွက် ရုံးတော်ဝန်ထမ်းကတ်ပြား

(ဃ) မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

1. ဆင်းမ်ကတ်ကို ဖုန်းမှ ထုတ်ယူပါ။
2. ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေပါ။
3. ဖုန်းမှ "601#" ကို ခေါ်ဆိုပါ။
4. ကုဒ်နံပါတ်ကို ရိုက်ထည့်ပါ။
5. ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်နှင့် ကိုက်ညီကြောင်း အတည်ပြုပါ။
6. မှတ်ပုံတင်ရန် လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းပါ။
7. ဆင်းမ်ကတ်ပိုင်ရှင်၏ ကိုယ်ပိုင်အချက်အလက်များကို စစ်ဆေးပါ။
8. အတည်ပြုခြင်းလုပ်ငန်းစဉ်ကို ပြီးမြောက်ကြောင်း အတည်ပြုပါ။

(င) ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေခြင်း

ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေရန် အောက်ပါအတိုင်း လုပ်ဆောင်ပါ။

1. ဆင်းမ်ကတ်ကို ဖုန်းမှ ထုတ်ယူပါ။
2. ကတ်ပြားပေါ်ရှိ ကုဒ်နံပါတ်ကို ရှာဖွေပါ။
3. ကုဒ်နံပါတ်သည် ဂဏန်း ၁၅ လုံး ဖြစ်ပါသည်။
4. ကုဒ်နံပါတ်ကို ကူးယူ၍ မှတ်ပုံတင်ရန် ပြင်ဆင်ထားပါ။

(စ) MPT Ownshop ဖုန်း နှင့် MPT Branded Shop များတွင် မှတ်ပုံတင်ခြင်း

မြို့တော်ရှိ ဖုန်းဆိုင်များ၊ MPT Ownshop များ နှင့် MPT Branded Shop အသီးသီးတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ ရရှိထားပါသည်။

(ဂ) ဆင်းမ်ကတ်အသစ်ဝယ်ယူသူများ

(ဃ) ဖုန်းပြောင်းသုံးစွဲသူများ

(င) ပျောက်ဆုံးသွားသော ဆင်းမ်ကတ်အစားထိုးခြင်း

(စ) ပြန်လည်ရရှိထားသော ဆင်းမ်ကတ်များ

(ဆ) MPT 4 U App ဖြင့် မှတ်ပုံတင်ခြင်း

(၁) Install ပြုလုပ်ခြင်း

- "601# ကို ခေါ်ဆိုပါ။
- ဖုန်းမှ ပွင့်လာသော SMS ကို ဖွင့်ပါ။
- ပေးထားသော OTP ကို ကူးယူပါ။
- MPT4UApp ကို Play Store/ Apple Store မှ download ရယူပါ။

(၂) MPT 4 U App ကို ဖွင့်ပြီး "Register" ကို နှိပ်ပါ။

(၃) ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး "Next" ကို နှိပ်ပါ။

(၄) ဖုန်းသို့ ပို့ထားသော OTP ကို ရိုက်ထည့်ပြီး "Next" ကို နှိပ်ပါ။

(၅) Password သတ်မှတ်ပြီး "Next" ကို နှိပ်ပါ။

(၆) ဆင်းမ်ကတ်ပိုင်ရှင်၏ ကိုယ်ပိုင်အချက်အလက်များကို ဖြည့်သွင်းပြီး "Next" ကို နှိပ်ပါ။

(၇) ဆင်းမ်ကတ်ပိုင်ရှင်၏ ကိုယ်ပိုင်အချက်အလက်များကို စစ်ဆေးပြီး "Next" ကို နှိပ်ပါ။

(၈) ဆင်းမ်ကတ်ပိုင်ရှင်၏ ကိုယ်ပိုင်အချက်အလက်များကို အတည်ပြုပြီး "Next" ကို နှိပ်ပါ။

(၉) "Successfully Registered" စာသားပေါ်လာပါက မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ပြီးမြောက်ကြောင်း အတည်ပြုပါ။

(ဇ) MPT Call Centre ဖြင့် Customer Self-care ဝန်ဆောင်မှုများ

MPT Call Centre ဖြစ်သည့် 106 သို့ ခေါ်ဆိုပြီး SIM Card ပျောက်ဆုံးကြောင်း အကြောင်းကြားနိုင်ပါသည်။ ထို့နောက် ဖုန်းခေါ်ဆိုသူ၏ မူရင်းနိုင်ငံသားစိစစ်ရေးကတ်ပြားအတိုင်း ဖြစ်ကြောင်း အတည်ပြုပြီးပါက ဆင်းမ်ကတ်အသစ်ကို ချက်ခြင်းပိတ်သိမ်းပေးမည်ဖြစ်ပါသည်။

ထို့ပြင် ဖုန်းခေါ်ဆိုသူသည် ဆင်းမ်ကတ်ပိုင်ရှင်ဖြစ်ကြောင်း အတည်ပြုရန်အတွက် ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို ရိုက်ထည့်ခိုင်းခြင်းဖြင့်လည်း အတည်ပြုနိုင်ပါသည်။ ဆင်းမ်ကတ်ပိုင်ရှင်သည် ဆင်းမ်ကတ်ပျောက်ဆုံးသွားသည့်အခါ ဆင်းမ်ကတ်ပေါ်ရှိ ကုဒ်နံပါတ်ကို မသိရှိနိုင်ပါက ဆင်းမ်ကတ်ကို ပြန်လည်ရရှိရန် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် ဆင်းမ်ကတ်ကို ဝယ်ယူသည့်အခါ ကုဒ်နံပါတ်ကို ကူးယူထားရန် အကြံပြုအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်ရေး

ရုရှားအောက်လွှတ်တော်က ပူတင်အား နောက်ထပ်သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခွင့်ပြုနိုင်ခြေရှိသော ပြင်ဆင်ချက်များကို အတည်ပြု



ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်အစီအစဉ်များအား အောက်လွှတ်တော်အမတ်စုစုပေါင်း ၃၈၃ ဦးက ထောက်ခံခဲ့ကြပြီး ကန့်ကွက်မဲ မရှိခဲ့ဘဲ ၄၃ ဦးက ပျက်ကွက်ခဲ့ကြသည်။ ထိုပြင်ဆင်ချက်များအား အထက်လွှတ်တော်၏ ဖက်ဒရေးရှင်းကောင်စီက ဆက်လက်အတည်ပြုပေးရမည်ဖြစ်ပြီး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအား ကျင်းပရန် စီစဉ်ထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အုပ်စိုးမှုအား နောက်ထပ်သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခွင့်ပြုနိုင်ခြေရှိမှုပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ရုရှားအောက်လွှတ်တော်က အတည်ပြုခဲ့သည်။

ပူတင်က ထိုပြင်ဆင်ရေးအစီအစဉ်များအား ပြီးခဲ့သောဇန်နဝါရီတွင် ကြေညာခဲ့သည်။ ယင်းနောက်ပိုင်းတင်း၏ စတုတ္ထမြောက်နှင့် နောက်ဆုံးသမ္မတသက်တမ်းသည် ၂၀၂၄ ခုနှစ်တွင် ကုန်ဆုံးရန် နီးကပ်လာနေစဉ် ပူတင်က ထိုပြင်ဆင်မှုများသည် အာဏာချုပ်ကိုင်မှုအား တိုးချဲ့ရန် မရည်ရွယ်ကြောင်း အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရပြီး ယခုအခါ အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် ပူတင်သည် လက်ရှိခြောက်နှစ် သမ္မတသက်တမ်း ကုန်ဆုံးပြီးချိန်တွင် ရွေးကောက်ပွဲကို ထပ်မံယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ၂၀၃၆ ခုနှစ်အထိ အာဏာချုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် သမ္မတကအမြင့်ဆုံးတရားရုံးများ၏ တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခွင့်ရှိပြီး ပါလီမန်က အတည်ပြုသော ဥပဒေများကိုလည်း ပယ်ချခွင့်စသည့် ထပ်တိုးအာဏာများ ရရှိမည်ဖြစ်သည်။

ပါလီမန်ရွေးကောက်ပွဲများအား စောလျှင် ကျင်းပရန် ဥပဒေပြုအမတ်များက အဆိုပြုခဲ့ကြသော်လည်းပူတင်က ယင်းသည် မလိုအပ်ကြောင်း ပြောကြားခဲ့သဖြင့် ထိုပြင်ဆင်ချက်အား ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထို့ပြင် သမ္မတသက်တမ်း နှစ်ကြိမ်ကန့်သတ်မှုအား အလုံးစုံရုပ်သိမ်းရန် တောင်းဆိုမှုကိုမူ ပူတင်က ပယ်ချခဲ့သည်။

Ref – AFP

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်းမရှိ

သတင်းပြန်ကြားရေးအခန်းအတွင်းသို့ ဝင်ရောက်လာသည့် သတင်းထောက်များအား ကိုယ်အပူချိန်စစ်ဆေးတိုင်းတာမှုကို အိမ်ဖြူတော်တာဝန်ရှိသူများက လုပ်ဆောင်ခဲ့ပြီးနောက် ထရန့်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းရှိ မရှိစစ်ဆေးမှုခံယူခဲ့သည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို စမ်းသပ်စစ်ဆေးမှုလုပ်ဆောင်ရာတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရခြင်းမရှိကြောင်း ထရန့်၏ဆရာဝန်ကပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသားများ လုပ်ရှားဆောင်ရွက်နေကြသော နိစ္စဓူဝလုပ်ငန်းအများစုကို ရပ်ဆိုင်းသွားစေခဲ့သည့် ကမ္ဘာ့ကူးစက်မြန်ရောဂါ COVID-19 ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် သမ္မတထရန့်က ဇြတ်တိန်နှင့် အိုင်ယာလန်နိုင်ငံသို့ ခရီးသွားလာ မှုပိတ်ပင်ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့သည်။

အမေရိကန်သမ္မတသည် ပြီးခဲ့သည့်သီတင်းပတ်တွင် ဘရာဇီးကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံခဲ့သည်။ ထိုကိုယ်စားလှယ်အဖွဲ့ထဲမှ တစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည်ကို စမ်းသပ်တွေ့ရှိခဲ့သည်။ အမေရိကန်နိုင်ငံသားများအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန်၊ ပြည်တွင်းခရီးသွားလာမှုကိုကန့်သတ်မှုများပြုလုပ်ရန် အစိုးရအဖွဲ့က စဉ်းစားသုံးသပ်နေကြောင်း ထရန့်က ပြောကြားထားသည်။ အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ ၂,၂၂၆ ဦးရှိနေပြီး ဝါရှင်တန်ပြည်နယ်ကာကလန်မြို့ရှိ Life Care Center နှင့်ဆက်စပ်၍ သေဆုံးသူ ၂၅ ဦး ရှိလာခဲ့မှုနှင့် အတူ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၅၉ ဦးအထိ မြင့်တက်လာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု စိုးရိမ်စိတ်များကြောင့် ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပမည့် ဒီမိုကရတ်တစ်သမ္မတလောင်း ရွေးကောက်ပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။ အမေရိကန်တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်၌ ဒီမိုကရတ်တစ် သမ္မတလောင်းရွေးကောက်ပွဲကို ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သော်လည်း ကျင်းပမည့်ရက်ကို နှစ်လနောက်ဆုတ်လိုက်ခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ အာဏာပိုင်များသည် ၎င်းတို့၏သက်ဆိုင်ရာပြည်နယ်များတွင် ကျင်းပမည့် သမ္မတလောင်းရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် သင့်၊ မသင့်နှင့်ပတ်သက်၍ ဝေခွဲမရဖြစ်နေကြသည်။

လာမည့်သီတင်းပတ်တွင် ဖလော်ရီဒါ၊ အိုဟိုင်းယိုး၊ အီလီနွိုက်၊ အရီဇိုးနားပြည်နယ်တို့၌ သမ္မတလောင်းရွေးကောက်ပွဲကို စီစဉ်ထားသည့်အတိုင်း ကျင်းပမည်ဟု ထုတ်ပြန်ခဲ့ပြီး တစ်ရက်အကြာတွင် ဂျော်ဂျီယာပြည်နယ် သမ္မတလောင်းရွေးကောက်ပွဲကို ရွှေ့ဆိုင်းမည်ထုတ်ပြန်ချက်ထွက်ရှိလာခဲ့ခြင်းဖြစ်သည်။

Ref – AFP





ဖိလစ်ပိုင်သမ္မတ ဒူတာတေးက မြို့တော်မနီလာကို ပိတ်ဆို့မည့် အစီအစဉ်အား ကြေညာ

ဖိလစ်ပိုင်တွင် ဗိုင်းရပ်စ်ကူးစက်မှု အနည်းငယ်သာ စစ်ဆေးတွေ့ရှိသေးသော်လည်း လူဦးရေသိပ်သည်းသော မနီလာ၌ ဗိုင်းရပ်စ်အမြစ်မတွယ်မီကပင် ပျံ့နှံ့မှုကို တားဆီးရန် တာဝန်ရှိသူများက မျှော်လင့်ထားသည်။ ပြည်တွင်းခရီးသွားများအား ဟန့်တားမှုအပါအဝင်မြို့တော်မနီလာ၏ လူဦးရေ ၁၂ သန်းအားပိတ်ဆို့ရန် အတွက် အစီအစဉ်များကို ဖိလစ်ပိုင်သမ္မတ ရီဒရီဂိုဒူတာတေးက ကြေညာခဲ့သည်။

ကျောင်းများ တစ်လပိတ်ထားမည်ဖြစ်ကြောင်း၊ လူစုလူဝေးစည်းဝေးမှုများကို ပိတ်ပင်ကြောင်း၊ ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသော နေရာများမှ နိုင်ငံခြားသားများ ဝင်ရောက်မှုကို တားမြစ်ကြောင်း အစီအစဉ်များကိုဒူတာတေးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်တွင် ဗိုင်းရပ်စ်ကြောင့် ကူးစက်သူဦးရေသည် မတ်လ ၁၂ အထိ ၅၂ ဦး ရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် ၅၀၀၀ ကျော်သေဆုံးပြီး ၁၄၀၀၀၀ နီးပါးကူးစက်ခံထားရသည်။ ယင်းတို့အနက်အများစုသည် တရုတ်မှဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုသည် ထိန်းချုပ်နိုင်သောကပ်ဘေးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ပြီး ကမ္ဘာ့နိုင်ငံများက အရေးယူဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီးနောက် ဒူတာတေးက မနီလာကို ပိတ်ဆို့မည်ဟု ကြေညာခဲ့ခြင်း ဖြစ်သည်။

အသက်ကြီးသူများတွင် ပို၍အန္တရာယ်ရှိသော ဗိုင်းရပ်စ်ကြောင့် ၇၄ နှစ်အရွယ် ဒူတာတေးသည် ဗိုင်းရပ်စ်အန္တရာယ်ကို စိုးရိမ်ရသော အသက်အရွယ်အုပ်စုတွင် ပါဝင်နေသည်။

မနီလာကို ပိတ်ဆို့မှုသည် မြို့တော်ကို ဝင်ထွက်သွားလာနေသည့် သန်းပေါင်းများစွာသော အလုပ်သမားများအတွက် ထိခိုက်နိုင်ကြောင်း ဝေဖန်သူများကစိုးရိမ်ခဲ့ကြသည်။ ဒူတာတေးသည် ထိရှအလွယ်ဆုံး ကိစ္စတစ်ခုဖြစ်သော တရုတ်နှင့်ပတ်သက်သည့် မူဝါဒကိုလည်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

Ref – AFP